# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 September 2017 (၉၀၁၉)


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

**နေပြည်တော်　　စက်တင်ဘာ　５**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

# မြို့ကြီးများ၌ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်လာနိုင်သည့်အတွက် နိုင်ငံတစ်ဝန်း လုံခြုံရေးအထူးဂရုပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**

**ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုသတင်းနှင့် မလိုလားအပ်သော ပဋိပက္ခများ မဖြစ်ပေါ်ရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်**

**၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့**

**(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)**

၁။　ရခိုင်ပြည်နယ်မြောက်ခြမ်းဒေသ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်တိုက်ခိုက်မှုများ ရက်စက်စွာပြုလုပ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြေအနေတည်ငြိမ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာရသူများ ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်ထောက်ပံ့ကူညီရေး၊ အကြမ်းဖက်မှုတွင်ပါဝင်ခြင်းမရှိသော အပြစ်မဲ့ပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိစေရေး၊ အကြမ်းဖက်မှုတွင် ပါဝင်သူများကို ရှာဖွေဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။　ဤသို့သော အချိန်အခါတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသများကို နိုင်ငံတကာမှ ပိုမိုအာရုံစိုက်လာစေရန်နှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများအပေါ် ထောက်ခံမှုများတိုးမြှင့်ရရှိလာစေရန် ရည်ရွယ်၍ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များအပါအဝင် အခြားမြို့ကြီးများတွင် အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် သတင်းများလည်း ရရှိထားပါသည်။

၃။　အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားလာနိုင်သည့် သတင်းများအရ နိုင်ငံတစ်ဝန်း လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ သတိပေးညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်နိုင်မှုသတင်းများကို အကြောင်းပြု၍

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ✳**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ တေယစ်ပ် အာဒိုဂန်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ အပြန်အလှန်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲ ၂ နာရီက တူရကီသမ္မတ တေယစ်ပ် အာဒိုဂန်၏ တယ်လီဖုန်းခေါ်ဆိုမှုအား လက်ခံပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် တူရကီသမ္မတ မစ္စတာ အာဒိုဂန်က ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ တယ်လီဖုန်းခေါ်ဆိုရခြင်း ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ စိန်ခေါ်မှုအများအပြားကိုကျော်ဖြတ်ပြီး လူ့အခွင့်အရေးအပြောင်းအလဲများ ဆောင်ရွက်ခဲ့သောခေါင်းဆောင်တစ်ဦးအနေဖြင့် ရခိုင်အရေးကိစ္စကိုအမြော်အမြင်ဖြင့် ချဉ်းကပ်ဆောင်ရွက်မည်ဟုယုံကြည်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မကြာသေးခင်က ဖြစ်ရပ်များနှင့်ပတ်သက်၍ စဉ်းစားသုံးသပ် ဆောင်ရွက်မည်ကို သံသယမရှိပါကြောင်း၊ မကြာသေးခင်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်များ၊ လူအများ ဖြန့်ဝေနေသောရုပ်ပုံများကြောင့် ကမ္ဘာတစ်ဝန်းမှ စိုးရိမ်ပူပန်မှုကြီးစွာ ဖြစ်လာခဲ့ကြောင်း စသည်ဖြင့် ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့အနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအကာအကွယ်များ ပိတ်ပင်ခံရခြင်း၏ ဆိုလိုရင်းသဘောကို ကောင်းစွာသိရှိနားလည်ပြီး အစဉ်အမြဲအလေးထားပါကြောင်း၊ ထို့ကြောင့်လည်း မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံး၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဆိုင်ရာအခွင့်အရေးသာမက လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခွင့်အရေးများကိုလည်း မြှင့်တင်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံးအတွက် အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် ကာကွယ်မှုပေးနိုင်ရန် စတင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီသာမက ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ရေရှည်မျှော်မှန်းကာ ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်အမှားများ ဖန်တီးခြင်းကြောင့် မိမိတို့နှစ်နိုင်ငံအကြား ကာလရှည်ကြာ ရင်းနှီးချစ်ကြည်သော မိတ်ဆွေကောင်းဆက်ဆံရေး ထိခိုက်လာမည်ကိုစိုးရိမ်ကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးကောင်းကို အမြဲထိန်းသိမ်းထားလိုသော မြန်မာနိုင်ငံ၏ သဘောထားကို မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးက တင်ပြပြီးဖြစ်မည်ဟု ယူဆပါကြောင်း၊ တူရကီဒုတိယဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းမဟုတ်ဘဲ အခြားနိုင်ငံများမှ သတင်းဓာတ်ပုံအမှားများကို ဖြန့်ဝေခဲ့သည်ကိုသိရှိပြီးဖြစ်မည်ဟု ယူဆပါကြောင်း၊ တူရကီဒုတိယဝန်ကြီးချုပ် ကြုံတွေ့ခဲ့ရသည့်အဖြစ်သည် သတင်းအမှားများ ထုနှင့်ထည်နှင့် ပျံ့နှံ့နေခြင်းအတွက် ကြီးမားသော ပြဿနာ၏ မြင်သာသော (The Tip of a huge Iceberg of Misinformation) အစိတ်အပိုင်းတစ်ခုသာဖြစ်ကြောင်း၊ ထိုကဲ့သို့ သတင်းဓာတ်ပုံအမှားများကို မတူညီသောအသိုင်းအဝိုင်းများအကြား ပြဿနာအများအပြား ဖြစ်ပွားစေရန်နှင့် အကြမ်းဖက်သမားများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ဖန်တီးနေကြသည်ကို မှန်းဆကြည့်နိုင်ကြောင်း၊ တူရကီနိုင်ငံအနေဖြင့် ပီကေကေ (the Kurdistan Worker' Partyor PKK-Kurdish: PartiyaKarkeren Kurdistan) ကို နှိမ်နင်းခဲ့ရခြင်းကြောင့် အကြမ်းဖက်ဝါဒ၏ စိန်ခေါ်မှုများကို ကောင်းစွာနားလည်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်သမားများကို ရင်ဆိုင်ရသည်မှာ အတွေ့အကြုံအသစ်ဖြစ်သော်လည်း ယင်းအကြမ်းဖက်ဝါဒ ပိုမိုကျယ်ပြန့်မလာစေရန်နှင့် ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးသို့ ပျံ့နှံ့မသွားနိုင်စေရန် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်ဝါဒ မြန်မာနိုင်ငံ၌ အမြစ်မတွယ်စေရေးအတွက် ကမ္ဘာတစ်ဝန်းမှ မိတ်ဆွေများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွင်း နေထိုင်သူအားလုံး ဘေးကင်းလုံခြုံ စိတ်အေးချမ်းသာစေရန် လိုအပ်သည့် ကာကွယ်မှုအားလုံး ခံစားပိုင်ခွင့်ရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အကောင်အထည်ဖော်ရေးကော်မတီကို အမြန်ဆုံးဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တူရကီသမ္မတ မစ္စတာ အာဒိုဂန်က မြန်မာအစိုးရ တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို သိရှိပါကြောင်း၊ ပြဿနာဖြေရှင်းနိုင်ရေးအတွက် ကူညီပံ့ပိုးရန် တူရကီနိုင်ငံအနေဖြင့် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကောင်းကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မှူခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၅**

သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် သထုံခရိုင် အကူတပ်ခွဲမှူး ရဲမှူးလှခိုင်၊ ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်နှင့် မြို့မစခန်းမှူး ဒု-ရဲမှူး ချစ်ကိုကို ခေါင်းဆောင်သောအဖွဲ့သည် ဩဂုတ်လနောက်ဆုံးပတ်က ဘီးလင်းမြို့ ကန်သာယာရပ်ကွက် ခလရ (၈)တပ်လမ်းဆုံ၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးပြသခဲ့သည်။

လာရောက်ကြည့်ရှုကြသော ရပ်ကွက်နေပြည်သူများအား သထုံခရိုင် အကူတပ်ခွဲမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးတို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအကြောင်းအရာများကို ပညာပေးဟောပြောခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀၊ မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၉၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၂၅/၇၄၅ ကျပ်၊ | ၈၁၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၀/၇၀၅ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၅ ကျပ်၊ | ၇၁၀/၇၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၇၀ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၇၀ ကျပ်

**၂၉-၈-၂၀၁၇ ရက်နေ့မှ ၄-၉-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၆၆ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၉၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၄၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၂ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၄. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၇. ၅၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၅၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၂၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၃၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၁၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၁. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

## ကျန်းမာရေးနှင့် ညီညွတ်သည့်အစားအစာ

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအနေဖြင့် မျက်မှောက်ကာလတွင် ငွေကြေးကုန်ကျမှုများသည့် ရောဂါဘယများနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကင်ဆာရောဂါ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ အစာအိမ် စသည့် ရောဂါမျိုးစုံတို့ကို မကြုံတွေ့ချင်ဘဲ ကြုံတွေ့ကြရသည်။ ထိုသို့ရောဂါဘယများ အဖြစ်များလာသည်မှာ လူတို့၏ ပတ်ဝန်းကျင်၊ အနေအထိုင်၊ အစားအသောက်တို့ကြောင့် ဖြစ်ရသည်ဟုဆိုချင်သည်။

ထိုသို့ဖြစ်ရသည့် အကြောင်းရင်းများတွင် အစားအသောက်ကြောင့်ဖြစ်ရခြင်းမှာ များလာသည်ဟု ကျန်းမာရေး၊ အစားအသောက်စစ်ဆေးရေးလုပ်ငန်းမှ တွေ့ရှိလာသည်။ အစားအသောက်တွင် ပိုးသတ်ဆေး၊ ဆိုးဆေး၊ ဖော်မလင် စသည့် လူတို့ကို ဘေးဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို မတော်လောဘသမားများက မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းရေးတစ်ခုသာကြည့်၍ ရောင်းချသောကြောင့် စားသုံးသူပြည်သူများတွင် ရောဂါဘယများတိုးပွားလာသည့် ဘေးထွက်ဆိုးကျိုးများရလာခဲ့သည်။

လူတို့စားသုံးသော အစားအသောက်များတွင် ဓာတုပစ္စည်းများပါဝင်ခြင်းသာမက ယခုအခါ လူတို့စားသုံးသော အသီးအနှံများတွင်လည်း ပိုးသတ်ဆေးကဲ့သို့သော ဓာတ်ကြွင်းပစ္စည်းများ၊ အရောင်အဆင်းလှပစေရန် ဆိုးဆေးများ၊ ကြာရှည်ခံစေမည့် ဓာတုပစ္စည်းများကိုပါ ထည့်သွင်းအသုံးပြုရောင်းချလာကြသည်ကို တွေ့လာရသည်။ ဥပမာ ခရမ်းချဉ်သီးအမှည့်ကို လူတို့စားသုံးရန်အတွက် ရောင်းချသောအခါ ပုပ်ကုန်ပစ္စည်းဖြစ်တတ်သောကြောင့် အစိမ်းလိုက်ခူးဆွတ်ပြီး လိုအပ်သည့်အချိန်မှ မှည့်ဆေးထိုးကာ ရောင်းချကြသည်ဟု ကြားသိရသည်။

အစားအသောက်စစ်ဆေးသူများအနေဖြင့် ပြည်သူများစားသောက်သည့် စားသောက်ကုန်များကို မကြာခဏစစ်ဆေးရသည့်အပြင် အသီးအနှံများကိုပါ စစ်ဆေးရမည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ပြည်သူများအနေဖြင့်လည်း မိမိတို့စားသောက်မည့် အစားအသောက်များကို သတိထားစစ်ဆေးပြီး ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်အရေးမှာလည်း မလွယ်ကူလှချေ။ အသီးအနှံများနှင့်ပတ်သက်၍ ဘေးကင်းနိုင်သော အသီးအနှံများမှာ အော်ဂဲနစ်သီးနှံများဖြစ်သည်။

အော်ဂဲနစ်သီးနှံကို နိုင်ငံခြားသားများက နှစ်သက်ကြသည်။ နိုင်ငံတကာတွင် အော်ဂဲနစ်သီးနှံစိုက်ပျိုးခြင်းမှ ထွက်ရှိလာသော အသီးအနှံများ၏ ဈေးနှုန်းသည် ပုံမှန်စိုက်ပျိုးထုတ်လုပ်သော အသီးအနှံများ၏ ဈေးနှုန်းထက် ပိုမိုရရှိသည်မှန်သော်လည်း လက်တွေ့တွင် စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပမာဏမှာ နည်းနေသေးသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင်လည်း အော်ဂဲနစ်သီးနှံဈေးနှုန်းနှင့် ပုံမှန်သီးနှံဈေးနှုန်းတို့မှာ ကွာခြားမှုနည်းပါးသည်ကို တွေ့ရသည်။ ဈေးကွက်တန်ဖိုးမများသဖြင့် စိုက်ပျိုးသူလည်း နည်းနေသေးသည်။

အဓိကမှာ စားသုံးသူများဖြစ်ပြီး မိမိတို့၏ကျန်းမာရေးနှင့် ရောဂါဘယကင်းရှင်းရေးအတွက် အော်ဂဲနစ်သီးနှံများကို တန်ဖိုးထားစားသုံးသင့်သည်။ မိမိတို့ဝယ်ယူရသည့် ဈေးနှုန်းသက်သာရေး တစ်ခုတည်းသာကြည့်မည်ဆိုပါက နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးအဖြစ် ဆေးဖိုးဝါးခ အဆမတန်လိုက်လာမည်ကို သတိမူရမည်ဖြစ်သည်။ အော်ဂဲနစ်သီးနှံကို ဈေးနှုန်းပိုပေးပြီး ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးခြင်းဖြင့် မိမိကျန်းမာရေးကို အထောက်အကူပြုပြီး နောက်ဆက်တွဲရောဂါများကြောင့် ကုန်ကျလာမည့် ငွေကြေးများကို ကာမိမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အော်ဂဲနစ်သီးနှံများကို ရွေးချယ်ဝယ်ယူစားသုံးမှုမြင့်မားလာပါက အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ကဆောင်ရွက်ပေးနေသော အော်ဂဲနစ်စိုက်ပျိုးနည်း၊ နည်းပညာအသုံးပြုနည်း၊ သဘာဝမြေဩဇာသုံးစွဲနည်း စသည်တို့ကို စာတွေ့ လက်တွေ့ လေ့လာဆည်းပူးကြပြီး အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းများ ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ရောဂါကင်းရှင်းကျန်းမာခြင်းဖြင့် ကုသိုလ်လည်းရ ဝမ်းလည်းဝမည်ဖြစ်ပါသည်။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

☆ **နိုင်ငံတော်သမ္မတမှ**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတဦးထင်ကျော်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးကာ ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် အပြန်အလှန်အားပေးကူညီရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Shri Vikram Misri လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

❒



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၅

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**



အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် နယ်မြေချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများထက် ပိုမိုပါကြောင်း၊ ထို့ပြင် မိမိတို့၏ သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုသည် ဆက်နွှယ်နေရုံသာမက နှစ်နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း နီးကပ်စွာ တည်ရှိခဲ့ပါကြောင်း၊ မဟတ္တမဂန္ဒီနှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဂျဝါဟာလာနေရူးနှင့် ဝန်ကြီးချုပ်ဦးနုတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကလည်း ရင်းနှီးချစ်ကြည်မှုကို ပိုမိုခိုင်မာစေပါကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သည်များကို ကျေးဇူးတင်ရှိပါကြောင်း၊ မကြာသေးမီက မြန်မာပြည်သူများအတွက် H1N1 ကာကွယ်ဆေးများကို လှူဒါန်းပေးခဲ့ပါကြောင်း၊ အာနန္ဒာဘုရားအပါအဝင် ၉၂ ဆူသော ပုဂံဘုရားများ ပြန်လည်ပြင်ဆင်ရန်အတွက် အကူအညီပေးခြင်းသည်လည်း အိန္ဒိယနိုင်ငံ၏ ကောင်းမွန်သော စိတ်စေတနာကို ဖော်ညွှန်းနေပါကြောင်း။

အိန္ဒိယနိုင်ငံ၏ အရှေ့နှင့်လက်တွဲဆောင်ရွက်ရေးမူဝါဒ အိမ်နီးချင်းနိုင်ငံသာပထမမူဝါဒများကို လေးစားဂုဏ်ယူပါကြောင်း၊ ထို့ပြင် အဆိုပါမူဝါဒများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးခိုင်မာစေရန်သာမက အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေးတွင်လည်း အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နယူးဒေလီမြို့တွင် အာဆီယံ-အိန္ဒိယ အထိမ်းအမှတ်ညီလာခံကို လက်ခံကျင်းပမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နှစ်နိုင်ငံအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် နှစ် ၇၀ နီးပါးရှိခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံ လူမှုအသိုင်းအဝိုင်းတွင်လည်း နီးစပ်သော ဆက်သွယ်မှုများ တည်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့် အာဆီယံဆက်နွှယ်မှုတွင်လည်း ပါဝင်တည်ရှိနေပါကြောင်း၊ ကိုလိုနီလက်အောက်မှ လွတ်မြောက်ရန် ကြိုးပမ်းမှုသမိုင်းသည် တူညီစွာတည်ရှိခဲ့ပါကြောင်း၊ ထိုသို့ တူညီစွာတည်ရှိခဲ့သော အခြေအနေများနှင့်အတူ ပိုမိုချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ညစာစားပွဲအပြီးတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်။

**(သတင်းစဉ်)**

## နိုင်ငံတကာ

# မာရာဝီမြို့မှ အစွန်းရောက် ခေါင်းဆောင် သေဆုံးပြီဟု ဖိလစ်ပိုင်ဗိုလ်ချုပ် ပြောကြား

**မနီလာ စက်တာဘာ ၅**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ အစ္စလာမ့်စ် အကြမ်းဖက်သောင်းကျန်းသူများ သိမ်းယူထားသည့် မာရာဝီမြို့အား ပြန်လည်သိမ်းယူနိုင်ရေးအတွက် ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့များက ထိုးစစ်များ ဆင်နွှဲနေစဉ်အတွင်း အကြမ်းဖက်စစ်သွေးကြွမာဂိတ်အဖွဲ့မှ စစ်သွေးကြွ ခေါင်းဆောင်များအနက် တစ်ဦးမှာ သေဆုံးသွားကြောင်း ဖိလစ်ပိုင်တပ်ဖွဲ့မှ ဗိုလ်ချုပ်တစ်ဦးက ပြောကြားသည်။

မင်ဒါနာအို အနောက်ပိုင်း စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်ကာလီတိုဂဲလ်ဗက်စ်က ပြောကြားရာတွင် စစ်သွေးကြွအဖွဲ့ခေါင်းဆောင် အဗ္ဗဒူလာမက်တီးစ်မှာ သေဆုံးသွားပြီဟု ယုံကြည်ရကြောင်း ပြောကြားခဲ့သည်။

အာရေဗျဘာသာဖြင့် ပေးပို့သော ကြေးနန်းသတင်းများအား အခြေခံ၍ စစ်သွေးကြွခေါင်းဆောင် အဗ္ဗဒူလာမက်တီးစ် သေဆုံးသည်ဟု အချက်အလက်များက ညွှန်ပြနေကြောင်း ဂဲလ်ဗက်စ်က မာရာဝီမြို့တွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ **ဆင်ဟွာ။**

# သီရိလင်္ကာ၌ လေဆိပ်တိုးချဲ့ရေးစီစဉ်

**ကိုလံဘို စက်တင်ဘာ ၅**

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်လျက်ရှိသဖြင့် နိုင်ငံတကာ လေကြောင်း ခရီးစဉ်များအတွက် ဝန်ဆောင်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် ရတ္တမာလာနာ လေဆိပ်ကို တိုးချဲ့ရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး ဂျွန်အမာရာတွန်ဂါက အစိုးရအဖွဲ့အား တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ကိုလံဘို ဆင်ခြေဖုံးဒေသ၌ တည်ရှိသော ရတ္တမာလာနာလေဆိပ်သည် လောလောဆယ်တွင် ပြည်တွင်းလေကြောင်း ခရီးစဉ်များအတွက်သာလျှင် ဝန်ဆောင်မှု ပေးနိုင်သည်။

သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု တိုးပွားလာနေခြင်းကြောင့် နိုင်ငံတကာ လေကြောင်းခရီးစဉ်များအတွက်ပါ ဝန်ဆောင်မှုပေးနိုင်ရန် ယင်းလေဆိပ်ကို တိုးချဲ့ရန် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးက ပြောကြားသည်။ **ဆင်ဟွာ။**

# ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး BRICS Plus ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူ




**ရှားမင် စက်တင်ဘာ ၅**

ကမ္ဘာ့တောင်ခြမ်းနိုင်ငံများဖြစ်ကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား အရင်းအမြစ်များ၊ နည်းပညာနှင့် အတွေ့အကြုံ ဗဟုသုတတို့ အပြန်အလှန်ဖလှယ်မှုများ တိုးမြှင့်ပြုလုပ်ကြရန် BRICS Plus ခေါင်းဆောင်များ သဘောတူညီလိုက်ကြကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ရှားမင်မြို့၌ ကျင်းပသည့် နဝမအကြိမ် BRICS အုပ်စု၏ ထိပ်သီးအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် သမ္မတရှီက အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

စီးပွားရေးထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆွေးနွေးပွဲသည် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးပေးကြောင်း သမ္မတရှီက ပြောကြားသည်။

စီးပွားရေး ထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေကြကြောင်း၊ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်မှုတွင်လည်း ယင်းနိုင်ငံများက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကြကြောင်း သမ္မတရှီက ဆက်လက်ပြောကြားသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ၂၀၀၆ ခုနှစ်တွင် BRIC အုပ်စုကို ထူထောင်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ်တွင် ယင်းအုပ်စုအတွင်း တောင်အာဖရိကနိုင်ငံ ပါဝင်လာရာ အုပ်စု၏အမည်နာမကို BRICS ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။

BRICS အုပ်စု၏ ယခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌနေရာကို တရုတ်နိုင်ငံက ရယူထားသည်။ BRICS အုပ်စု၏ ဆွေးနွေးဖက်နိုင်ငံများ (BRICS Plus) တိုးချဲ့ရန် တရုတ်နိုင်ငံက အဆိုပြုခဲ့ရာ ယခုနှစ်၏ ထိပ်သီးညီလာခံသို့ အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ရန် အီဂျစ်၊ မက္ကဆီကို၊ ထိုင်း၊ တာဂျီကစ္စတန်နှင့် ဂီနီနိုင်ငံတို့ကို ဖိတ်ခေါ်ခဲ့သည်။ **ဆင်ဟွာ။**

# အကြမ်းဖက်လှုပ်ရှားမှုများနှင့် ဆက်နွှယ်သည်ဟူသော သံသယဖြင့် လူ ၁၉ ဦးကို မလေးရှားရဲတပ်ဖွဲ့ ထိန်းသိမ်း



**ကွာလာလမ်ပူ စက်တင်ဘာ ၅**

အဘူဆေယက်ဖ် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဝင် ရှစ်ဦးအပါအဝင် အကြမ်းဖက်လှုပ်ရှားမှုများနှင့် ဆက်နွှယ်နေသည်ဟူသော သံသယဖြင့် လူ ၁၉ ဦးကို မလေးရှား အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၅ ရက်တွင် ပြောကြားသည်။

-- ပါဝင် --

ဖမ်းဆီး ထိန်းသိမ်းထားသူများထဲတွင် နိုင်ငံခြားသား ၁၁ ဦးနှင့် မလေးရှားနိုင်ငံသား ရှစ်ဦးတို့ပါဝင်ကြောင်း၊ ၎င်းတို့အား ယခုနှစ် ဇူလိုင် ၄ ရက်မှ ဩဂုတ် ၃၀ ရက်အတွင်း မလေးရှားနိုင်ငံ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများ နေရာအနှံ့ ဆင်နွှဲခဲ့စဉ် ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း အသစ်ခန့်အပ်ခြင်းခံရသော မလေးရှား ရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက်ဖူဇီယာရန်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဖမ်းဆီးခံရသူ အဘူဆေယက်ဖ် အဖွဲ့ဝင် ရှစ်ဦး၏ ဂိုဏ်းခေါင်းဆောင်မှာ အသက် (၂၅) နှစ်အရွယ်ဖြစ်ပြီး ၎င်းသည် ဖိလစ်ပိုင်နိုင်ငံအတွင်း ပြန်ပေးဆွဲမှု ခြောက်ခုနှင့် ပြန်ပေးဆွဲ လူသတ်မှုများ လုပ်ဆောင်ခဲ့ပြီး ဖိလစ်ပိုင်မှ ယင်း၏ နယ်နိမိတ်ချင်း ထိစပ်နေသည့် မလေးရှားနိုင်ငံ ဆာဘားပြည်နယ်အတွင်းသို့ ခိုးကြောင်ခိုးဝှက်ဝင်ရောက်လာပြီး ၂၀၁၅ ခုနှစ်တွင် ကွာလာလမ်ပူသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

-- ယုံကြည် --

စစ်သွေးကြွများနှင့် ဆက်နွှယ်သည်ဟူသော သံယယဖြင့် ဖမ်းဆီးခံရသူများသည် မလေးရှားနိုင်ငံတွင်းရှိ စစ်သွေးကြွများနှင့် ဆက်သွယ်ပြီး မလေးရှားနိုင်ငံတွင် ကျင်းပနေသည့် အရှေ့တောင်အာရှနိုင်ငံများ၏ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပိတ်ပွဲ သို့မဟုတ် မလေးရှားနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် သံသယရှိသူများဖြစ်ကြောင်း မလေးရှားရဲတပ်ဖွဲ့က ယုံကြည်ထားသည်။ **ဆင်ဟွာ။**

# နာဆာအာကာသယာဉ်မှူး ပက်ဘီဝှစ်ဆင် အာကာသအတွင်းနေထိုင်မှု ကမ္ဘာ့စံချိန်တင်




**ဝါရှင်တန် စက်တင်ဘာ ၅**

အမေရိကန် အာကာသအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး ပက်ဘီဝှစ်ဆင်သည် ကမ္ဘာပတ်လမ်းအတွင်း စုစုပေါင်း ရက်ပေါင်း ၆၆၅ ရက်တိုင်တိုင် နေထိုင်ခဲ့သည့် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သူဖြစ်ကြောင်း အမေရိကန် သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာကာသယာဉ်မှူး ဝှစ်ဆင်မှာ အသက် (၅၇) နှစ်အရွယ်ဖြစ်ပြီး နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် နေထိုင်ခဲ့သည့်ကာလ စံချိန်တင်နိုင်သူ ဖြစ်လာသည်။

အာကာသယာဉ်မှူး ဝှစ်ဆင်နှင့် ၎င်း၏ လုပ်ဖော်ကိုင်ဖက် အာကာသယာဉ်မှူးနှစ်ဦးတို့သည် စက်တင်ဘာ ၂ ရက်တွင် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ရုရှား ဆိုယုဇ်အာကာသယာဉ်၏ အခန်း (Capsule) အတွင်း ၎င်းတို့ လိုက်ပါလာခဲ့ပြီး ယင်းအခန်းသည် ကာဇက်စတန်နိုင်ငံရှိ သဲကန္တာရအတွင်းသို့ လေထီးဖြင့် ဆင်းသက်ခဲ့သည်။

အာကာသယာဉ်မှူး ဝှစ်ဆင်သည် ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ (ကီလိုမီတာ ၄၀၀) ခန့်အကွာ၌ တည်ရှိသော နိုင်ငံတကာ အာကာသစခန်းယာဉ်တွင် စခန်းယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အာကာသယာဉ်မှူး ဝှစ်ဆင်သည် ယခုတစ်ကြိမ် အာကာသခရီးစဉ်အတွင်း ရက်ပေါင်း ၂၈၈ ရက်တိုင်တိုင် နေထိုင်ခဲ့သည်။ ဝှစ်ဆင်သည် ယခင်အာကာသခရီးစဉ်များအတွင်း အာကာသအတွင်း နေထိုင်ခဲ့သည့် နေ့ရက်များကိုပါ ပေါင်းစပ်တွက်ချက်လျှင် ရက်ပေါင်း ၆၆၅ ရက်ကြာ အာကာသအတွင်း နေထိုင်ခဲ့သည့် အမေရိကန်အမျိုးသမီးတစ်ဦးအဖြစ် စံချိန်တင်နိုင်ပြီဖြစ်သည်။

ဝှစ်ဆင်သည် ယခုတစ်ကြိမ် အာကာသခရီးစဉ်အတွင်း နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်၌ ကိုးလကျော်မျှ နေထိုင်ခဲ့သည်။

ဤသို့ဖြင့် ဝှစ်ဆင်သည် အာကာသစူးစမ်းလေ့လာရေးသမိုင်းတွင် အသက်အရွယ်အကြီးဆုံး အမျိုးသမီး အာကာသယာဉ်မှူးအဖြစ် မှတ်တမ်းတင်နိုင်သူဖြစ်သည်။

ဝှစ်ဆင်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ ပထမဆုံးသော အမျိုးသမီးစခန်းယာဉ်မှူးဖြစ်သည့်အပြင် အာကာသစခန်းယာဉ် အပြင်ဘက်ထွက်ကာ အလုပ်လုပ်ကိုင်ခြင်း (Spacewalk) ပြုလုပ်သည့် အကြိမ်အရေအတွက် အများဆုံး အမျိုးသမီး အာကာသယာဉ်မှူးအဖြစ်လည်း စံချိန်တင်နိုင်သည်။ ဝှစ်ဆင်သည် ၁၉၈၅ ခုနှစ်တွင် ဇီဝဓာတုဗေဒ ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပြီးနောက် နာဆာသိပ္ပံပညာရှင် တစ်ဦးအဖြစ် ခုနစ်နှစ်ကြာမျှ လုပ်ကိုင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အာကာသယာဉ်မှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ **ရိုက်တာ။**

ကြေးမုံ



# အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၅ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ချစ်ကြည်ရေးခရီးလာရောက်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ ၄၇ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိသည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကရမ် မစ္စရီနှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် တရုတ်နိုင်ငံ၌ စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက (9th BRICS Summit) ငါးနိုင်ငံ ညီလာခံတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဆက်လက်လာရောက်ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်သည် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယ ညီလာခံတက်ရောက်ရန် လာရောက်ခဲ့ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာ၌ NCA လမ်းကြောင်းပေါ်တွင်သာ လျှောက်လှမ်းရန်လို

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှ အထူးကိုယ်စားလှယ် H.E. Mr.Sun Guoxiang အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီ ခေတ်ကာလ ငြိမ်းချမ်းရေး စတင်ဖော်ဆောင်စဉ်ကပင် နိုင်ငံတော်၏ ပကတိ လိုအပ်ချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် ပါတီစုံဒီမိုကရေစီစနစ်တွင် လိုက်ပါလုပ်ဆောင်ရန် အချက်နှစ်ချက်ကို ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းကမ်းလှမ်းချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ သဘောတူလက်ခံပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အကြိမ်ကြိမ်ဆွေးနွေးပြီးမှ NCA ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာ၌ NCA လမ်းကြောင်းပေါ်တွင်သာ လျှောက်လှမ်းရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီမှ ညနေ ၅ နာရီအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် ဖြစ်စဉ်ဖြစ်ပွားမှု (၃၉) ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ တောင်ဘဇာကျေးရွာတွင်ရှိသည့် တပ်ဌာနချုပ်တစ်ခုအား အင်အား ၅၀၀ ခန့်ဖြင့်လည်းကောင်း၊ အင်အားအနည်းငယ်သာရှိသည့် ရဲကင်းစခန်း ၃၀ အား အင်အား ၁၀၀/၂၀၀ စသည်ဖြင့်လည်းကောင်း တစ်ပြိုင်တည်း အင်အားသုံး၍ စုစည်းတိုက်ခိုက်ခဲ့ခြင်းမှာ ကြိုတင်စီစဉ်ထားမှုကို ပေါ်လွင်ကြောင်း၊ ဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ဒေသခံတိုင်းရင်းသားများအား ဓား၊ လှံ၊ လက်ပစ်ဗုံးနှင့် လက်နက်များဖြင့် ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ခြင်း၊ တံတားရှစ်စင်းအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ကျေးရွာများကို မီးရှို့ခြင်းတို့မှာလည်း အကြမ်းဖက်လုပ်ရပ်များဖြစ်သည်ကို သက်သေပြနေကြောင်း၊ တပ်ဌာနချုပ်နှင့်ရဲစခန်းများကို တုတ်၊ ဓား၊ လှံ၊ ဂျင်ကလိ၊ လက်လုပ်သေနတ်၊ လက်ပစ်ဗုံးများဖြင့် လူငယ်၊ လူရွယ်၊ ယောကျ်ားကလေးများ လာရောက်တိုက်ခိုက်ခြင်းဖြစ်သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းရာတွင် အချို့နေရာများ၌ အမျိုးသမီးများနှင့် ကလေးငယ်များကို လူသားဒိုင်းအဖြစ် အသုံးပြုသည်များကိုလည်း တွေ့ရှိရကြောင်း၊ သေနတ်ကိုင် တပ်ဖွဲ့ဝင်များအား ဓား၊ လှံ၊ ဂျင်ကလိများဖြင့် လူအင်အားသုံး၍ ဝိုင်းဝန်းတိုက်ခိုက်ခြင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲထားသည်ဟုယူဆနိုင်ကြောင်း၊ ယင်းအကြမ်းဖက်ဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အနည်းဆုံးသော လူအင်အား၊ ပစ်အားဖြင့်သာ ထိန်းသိမ်းစေလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် H.E. Mr.Sun Guoxiang က တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအား ရှုတ်ချကြောင်း၊ ကျဆုံးသွားသော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက်လည်း စိတ်မကောင်း ဖြစ်ရပါကြောင်း၊ တရုတ်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်၏ ပြည်တွင်းငြိမ်းချမ်းရေး ထိန်းသိမ်းလုပ်ဆောင်မှုများကို ပြတ်ပြတ်သားသား ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စကိုလည်း ပြေလည်စွာ ဖြေရှင်းနိုင်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းအနေဖြင့် မြန်မာနိုင်ငံအကျိုးစီးပွားနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဘက်မှရပ်တည်၍ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များအား အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး H.E. Mr.Sun Guoxiang နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

✪ ရေအရင်းအမြစ်မှ

အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ တတိယအကြိမ် ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးဖြစ်သကဲ့သို့ ကော်မတီဝင်အားလုံးပါဝင်သည့် စုံညီအစည်းအဝေးလည်းဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေနှင့်ဆက်နွှယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဆောင်ရွက်နေသည့် ရေဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အတူတကွ ဝိုင်းဝန်းဆွေးနွေးနိုင်ရန် ကျင်းပခြင်းလည်း ဖြစ်ပါကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ် မတ်လတွင် ကမ္ဘာ့ရေနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါကြောင်း၊ ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးများတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အမျိုးသားအဆင့် ရေမူဝါဒနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ လစဉ်ပေးပို့သည့် ရေဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်တိုးတက်မှုအခြေအနေများကို စိစစ်သုံးသပ်၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ရေနှင့်ဆက်နွှယ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ အချက်အလက်များကို စနစ်တကျ ဆက်လက်စုစည်းပြုစုနိုင်ရန် နှစ်အလိုက်ပြောင်းလဲလာသည့် အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ အနေဖြင့် သေချာစွာစိစစ်ပေးပို့ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကော်မတီအနေဖြင့် ရေဆိုင်ရာကဏ္ဍတွင် ပြည်သူလူထုအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေး၊ ရေနှင့်ဆက်နွှယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး၊ ရေရှည်တည်တံ့သော ရေအသုံးချမှုဖြစ်ပေါ်စေရေး၊ နယ်စပ်ဖြတ်ကျော်မြစ်များတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရေနှင့်သက်ဆိုင်သော သတင်းအချက်အလက်များနှင့် နည်းပညာများရယူ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ရေဆိုင်ရာအချက်အလက်များ စုစည်းပြုစု၍ သတင်းအချက်အလက်များဖြန့်ဝေရေး၊ ရေဆိုင်ရာအသိပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရေး၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပံ့ပိုးပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့ ကော်မတီအနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွင်း အရေးပါသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သော တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် Asia Pacific Water Forum နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညီလာခံကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ တာဝန်များပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လိုအပ်သည့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထိရောက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတွင်းရှိ ရေအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်ရေးစီမံဆောင်ရွက်ရာတွင် ပိုမိုအကျိုးရှိစေရန် သက်ဆိုင်သည့် ကဏ္ဍများအလိုက် အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဒုတိယဥက္ကဋ္ဌက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲရေးစီမံကိန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ဝင်များက သောက်သုံးရေအရည်အသွေးသတ်မှတ်နိုင်ရေး၊ အမျိုးသားရေဥပဒေ ရေးဆွဲနေမှုနှင့် မြေပေါ်နှင့်မြေအောက်ရေများကို စီးပွားရေးဖွံ့ဖြိုးတက်စေရေးအတွက် အသုံးချနိုင်မည့် အခြေအနေများကို အကြံပြုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများက ရေနှင့်ဆက်နွှယ်သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

# ကျွန်တော်တို့နဲ့ အော်တစ်ဇင်သင်ခန်းစာ

## မျိုးဇော်

လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ခန့်က ကျွန်တော် ဒီရပ်ကွက်လေးထဲကို ရောက်ခဲ့တာဖြစ်ပါတယ်။ လူတန်းစားစုံသလို ချမ်းသာတဲ့လူတန်းစား အနည်းငယ်နဲ့ လူလတ်တန်းစား တချို့ကလွဲလို့ ကျန်တဲ့မိသားစုများမှာ ဝန်ထမ်းများနဲ့ လက်လုပ်လက်စားများသာ ပျော်မွေ့ရာ ရပ်ကွက်လေးတစ်ခုပါပဲ။ သင်းကွဲခဲ့သူတစ်ယောက်၊ တစ်ကောင်ကြွက် ကျွန်တော့်လိုလူတစ်ယောက်အတွက် အိမ်နီးချင်းများရဲ့ နှစ်သိမ့်ဖေးမမှုတွေကြောင့် နေသားကျခဲ့တယ်ဆိုလည်း မမှားနိုင်ပါဘူး။ မနက် မိုးလင်းတာနဲ့ရုံးသွား ညနေမိုးချုပ်မှ အိမ်ပြန်ရောက်တဲ့ ကျွန်တော့်အတွက်၊ ရပ်ကွက်သာရေး၊ နာရေးတွေများမှာ ထဲထဲဝင်ဝင်မပါဝင်ဖြစ်ပေမယ့် အနေကြာလာတာနဲ့အမျှ ခင်မင်ရင်းနှီးမှုတွေ တဖြည်းဖြည်းတိုးလာခဲ့သလို အခြားအရပ်တစ်ခုမှ အိမ်ငှားနေထိုင်ဖို့ ရောက်လာခဲ့သူဖြစ်လင့်ကစား ရပ်ကွက်သူ ရပ်ကွက်သားတွေရဲ့ ဖေးမစောင့်ရှောက်မှုတွေရခဲ့ပါတယ်။

ကျွန်တော့်အဖို့မှာတော့ ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့အတွက် အလုပ်သွား အလုပ်ပြန် အဆင်ပြေစေဖို့ ပြောင်းရွှေ့လာသူဖြစ်ပေမယ့် လူတစ်ယောက်ကတော့ မည်သည့်ရည်ရွယ်ချက်၊ မည်သို့ မည်ပုံ ရောက်လာခဲ့သည်မသိ။ သူရောက်လာခဲ့တာက ထူးဆန်းလို့နေတယ်။ ထိုသူက တစ်နေ့ အလုပ်ကပြန်လာတော့ စုရုံးစုရုံးဖြစ်နေကြလို့ စိတ်ဝင်တစားနဲ့ တိုးဝှေ့ကြည့်မိတော့ လူတွေကို မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ မော့ကြည့်နေရှာတဲ့ သူတစ်ယောက်။ မနက်ပိုင်း မုန့်ဟင်းခါးရောင်းတဲ့ခုံလေးရဲ့ ဘေးမှာ ဖျာတစ်ချပ်ကိုခင်းလို့ သူ့မှာပါလာတဲ့ အဝတ်ထုပ်လေးကိုချပြီး အိပ်ဖို့ပြင်နေတဲ့သူ့ကို လူတွေက မေးခွန်းပေါင်းစုံမေးပြီး စပ်စုနေကြတဲ့မြင်ကွင်း။ သူ့အနားကပ်ပြီး မေးတဲ့သူက ဒေါ်ဆိုင်၊ သူက မုန့်ဟင်းခါးခုံလေးရဲ့ ပိုင်ရှင်။

"ကောင်လေး မင်းနာမည်ပြောစမ်း"

ထိုသူကတော့ တုတ်တုတ်မျှမလှုပ်၊ သူ့ကို လူတွေဝိုင်းမေးလေ ကြောက်လေဖြစ်နေသလားမသိ။ ငိုမဲ့မဲ့သာဖြစ်လာတယ်။ သူ့ဆီက ဘာစကားမှထွက်မလာခဲ့။ အတော့်ကို ပင်ပန်းနေတဲ့ပုံပေါက်သလို ချော့တစ်ခါ ခြောက်တစ်လှည့် မေးကြပေမယ့်လည်း သူ့မှာတော့ အချည်းနှီးသာ။ နည်းနည်းကြာလာတော့ ဒေါ်ဆိုင်က သူ့ပခုံးလေးကိုင်ပြီး "သားလေး နင် ဗိုက်ရောဆာနေသလား" မေးတော့ သူ့မျက်လုံးတွေ ပုံစံပြောင်းလာခဲ့ပြီး မျက်နှာငယ်လေးနဲ့ ခေါင်းညိတ်ပြတယ်။ သေချာတာကတော့ သူစကားကောင်းကောင်းမပြောတတ်ပေ။ သို့သော် တခြားသူတွေရဲ့စကားကိုတော့ သူနားလည်တဲ့ပုံပါပဲ။ လူတွေရဲ့ တစ်ယောက်တစ်ပေါက် စကားသံဟာလည်း ဆူညံလွန်းသွားတယ်။

"ဒီလူ စကားနားလည်သားပဲဟ"

"မရူးဘူးထင်တယ်"

"ရူးချင်ယောင်ဆောင်နေတာ ဖြစ်မှာပါကွာ"

"ကျပ်မပြည့်ဘူးထင်တယ်ကွ"

"ထောင်ထွက်လားမသိဘူး၊ နေစရာမရှိလို့ထင်တယ်"

"သူခိုးကြမ်းပိုးဖြစ်နေရင် ဒုက္ခ"

"သနားစရာလေးပါဟယ် သူ့ခမျာ"

လူတွေကလည်း ပြောချင်ရာပြောကြ၊ လူအမျိုးမျိုး စိတ်အထွေထွေဆိုသလိုပါပဲ။ သူတို့စကားတွေကြားမှာ ကျွန်တော်တောင် ခေါင်းမူးသွားတယ်။ သူကိုယ်တိုင်ကတော့ ဒေါ်ဆိုင်ကျွေးတဲ့ ထမင်းဇလုံကြီးကို ခေါင်းမဖော်တမ်း အသားကုန်စားနေတာမှ လူမြင်မကောင်းချေ။ ငတ်ခဲ့တဲ့ရက်တွေက ဘယ်လောက်များနေခဲ့လဲမသိ။ ဒေါ်ဆိုင်မှာလည်း ထမင်းနင်နေမှာစိုးလို့ ရေခွက်တစ်ခွက်ကိုင်ပြီး ထိုင်စောင့်ကျွေးရတဲ့အဆင့်ပါပဲ။

ကျွန်တော် ကြားဖူးနားဝလေးနဲ့ လေ့လာကြည့်တော့ သူ့ပုံစံက အသက်သိပ်မကြီးသေး။ ၂၅ နှစ်ဝန်းကျင်ခန့်။ မျက်နှာအနေအထားကတော့ မွေးရာပါ အော်တစ်ဇင် ဉာဏ်ရည်ချို့တဲ့ သူတို့ရဲ့အတိုင်း မျက်နှာနဲ့ မျက်လုံးတို့ရဲ့ အပြုအမူတွေက အတော်များများတူနေပါတော့တယ်။ သူရောက်လာပုံကလည်း တခြားရူးသွပ်နေတဲ့သူတွေလိုမျိုး မဟုတ်။ အဝတ်အစားများ ညစ်ပတ်ပေစုတ်မနေသလို လူကလည်း ညစ်ထေးမနေပေ။ သူ့အဝတ်အစားအိတ်လေး တစ်အိတ်ပါသလို အလုံးစုံခြုံကြည့်လိုက်တော့ အော်တစ်ဇင် လူတစ်ယောက်ကို သူ့မိသားစု၊ အသိုင်းအဝိုင်းတစ်ခုခုက တစ်စုံတစ်ခုကြောင့် လာရောက်စွန့်ပစ်သွားကြတယ်လို့ ထင်မြင်စရာပါပဲ။ သူရော ကျွန်တော်ပါ ဒီရပ်ကွက်လေးထဲကို တစ်ကောင်ကြွက်တွေအဖြစ် ရောက်လာခဲ့ကြပေမယ့်လည်း ကျွန်တော်ကတော့ ကိုယ့်သဘောနဲ့ကိုယ် သင်းကွဲခဲ့ခြင်းသာ. . .။

ထမင်းကျွေးပြီးတော့ ထပ်ကြိုးစားကြည့်တဲ့အနေနဲ့ နာမည်ကို မေးကြည့်ကြသော်လည်းမရ။ သူ့ဆီက ဝူးဝူးဝါးဝါး ကလွဲလို့ စကားလုံးများထွက်မလာခဲ့ပေ။ သူကတော့ ပြောတာ ပြောတာပါပဲ။ ကျွန်တော်တို့က ဘယ်လိုမှနားမလည်။ ဒေါ်ဆိုင်ကတော့ နာမည်မေးမရတဲ့အဆုံး သူ့ခေါင်းကြီးက ကြီးနေလို့ "ခေါင်းကြီး"လို့သာ နာမည်ပေးလိုက်ပါတော့တယ်။ အဲဒီနေ့ကစပြီး သူလည်း သူ့ကိုယ်သူ ခေါင်းကြီး အဖြစ်ခံယူပြီး ကျွန်တော်တို့ကလည်း ခေါင်းကြီးလို့သာ ခေါ်ကြပါတော့တယ်။

"ဒေါ်ဆိုင်ရေ ဒီကောင်လေးကို ထမင်းကျွေးတာတော့ဟုတ်ပါပြီ။ နောက်ပိုင်း ဘယ်လိုဆက်လုပ်ကြမလဲ။ ရပ်ကွက်ရုံးကိုတော့ အကြောင်းကြားထားရင် ကောင်းမယ်ထင်တယ်နော်"

"အမယ်လေး ကိုဖိုးလုံးရယ်။ နင့်မလည်း မပူစဖူး လာပူလို့ပါလားဟဲ့။ ပူမနေပါနဲ့။ သူ့ကို ငါကျွေးထားမှာပါ။ သူနေဖို့ကတော့ ဓမ္မာရုံမှာပဲ အိပ်ပါစေပေါ့။ ဒီမှာတော့ အိပ်လို့မဖြစ်ဘူး။ မနက်ကျရင် ငါဆိုင်ဖွင့်ရဦးမှာ။ ဓမ္မာရုံမှာကလည်း ဦးဘတင်ကြီးပဲရှိတာမလား။ သူလည်း ကူဖော်လောင်ဖက်ရတာပေါ့။ မကောင်းဘူးလားအေ"

"ပြီးရောဗျာ။ လမ်းထဲကလူတွေ ကျေနပ်ကြရင်တော့ ထားချင်ထားပေါ့။ ဒါပေမယ့် နောင်ဖြစ်လာမယ့်ပြဿနာကတော့ ခင်ဗျားပဲ တာဝန်ယူရမှာနော်"

ကိုဖိုးလုံးဆိုတာက လမ်းထဲမှာတော့ အချမ်းသာဆုံးလို့ ပြောရမယ့်သူပါပဲ။ ဓမ္မာရုံဘေးက တိုက်ကြီးက သူ့အိမ်ပါပဲ။ အလျှုအတန်းရက်ရောသူဖြစ်သလို လူတွင်ကျယ်အရာရောက်တဲ့သူဖြစ်ပေမယ့်လည်း သူ့ရဲ့စီးပွားရေးက အရက်တုလုပ်တဲ့လုပ်ငန်းဖြစ်တာကြောင့် မချစ်သော်လည်း အောင့်ကာနမ်းဆိုသလိုပါပဲ. . .။ ပြန်ပြောရရင်လည်း ခေါင်းကြီးတစ်ယောက်ရဲ့ ကံဇာတာက အကောင်းဘက်တွင် ရှိနေခဲ့သလား။ အဆိုးဘက်မှာရှိနေခဲ့တာလား မပြောတတ်တော့ပေ။ သို့သော် စွန့်ပစ်ခံသူတစ်ယောက်အတွက် ကျွေးမွေးမယ့် မွေးစားသူနဲ့ နေထိုင်စရာနေရာလေးရသွားတာကိုပင် ကြည်နူးရပါတယ်။

ဘဝဆိုတာကလည်း ကံအဆိုးဆုံးပါလို့ ကိုယ့်ဘက်က ထင်နေရတဲ့ တချို့အချိန်တွေမှာတောင် မမျှော်လင့်မိရင်တောင်မှပဲ ဖေးမကူညီမှုဆိုတာကိုရနိုင်ပါတယ်ဆိုတာကလည်း ဘဝအတွက် အားအင်တစ်ခု အမြင်တစ်ခုပါပဲလေ။ ဒီလိုနဲ့ ခေါင်းကြီးတစ်ယောက် ကျွန်တော်တို့ရပ်ကွက်ထဲကို ရောက်လာခဲ့တာ သုံးလကျော် လေးလထဲ ရောက်လာခဲ့တယ်။ ကြားရတဲ့သတင်း၊ မြင်ရတဲ့ မြင်ကွင်းတွေကတော့ သူ့အတွက် ဘာအခက်အခဲမှ မတွေ့မမြင်မိ။ မနက်အရုဏ်တက်တာနဲ့ ဦးဘတင်ကြီးနဲ့အတူတူ သန့်ရှင်းရေးလုပ်၊ တံမြက်စည်းလှည်း၊ အမှိုက်ကျုံးပြီး ဓမ္မာရုံဝေယျာဝစ္စလုပ်နေတဲ့ ခေါင်းကြီးတစ်ယောက်ကို မြင်တွေ့ကြရမှာဖြစ်သလို ကိစ္စအဝဝပြီးရင် ရေမိုးချိုးပြီး သနပ်ခါးတွေဖုန်နေအောင်လိမ်းပြီး မုန့်ဟင်းခါးဆိုင် ကူဖွင့်ပေးဖို့အတွက် ဒေါ်ဆိုင်အိမ်ရှေ့မှာ ငုတ်တုတ်လေးအိပ်ပြီး စောင့်နေရှာတဲ့သူ့ကို မနက်တိုင်း မြင်တွေ့ကြရမှာဖြစ်ပါတယ်။ မနက်ပိုင်း ဈေးဝိုင်းခင်း၊ ဝိုင်းကူလုပ် နေ့လယ် ဆိုင်သိမ်းချိန်အထိ။ ဆိုင်သိမ်းပြီးလို့ နေ့လယ်ပိုင်း စားသောက်ပြီးရင်တော့ လမ်းသလားထွက်တဲ့ အချိန်ဟာ ခေါင်းကြီးတစ်ယောက် ကလေးဖြစ်တဲ့အချိန် တွေပေါ့ဗျာ။

လမ်းထဲမှာ ကလေးတွေနဲ့ ကစားနေတတ်သလို လူကြီးသူမတွေ တစ်ခုခုခိုင်းလိုက်ရင်လည်း ဖင်ပေါ့ပေါ့နဲ့ လုပ်ပေးတတ်ပါတယ်။ တစ်ခါတလေ လက်ဖက်ရည်ဆိုင်ရှေ့ရောက်လို့ သူကြိုက်တဲ့သီချင်းသံကြားရင်လည်း လမ်းလယ်မှာ ကွေးနေအောင် ဘာမှန်းမသိတဲ့ ကကွက်တွေနဲ့ကတော့တာပါပဲ။ ဒီလိုနဲ့ ကျွန်တော်တို့ရပ်ကွက်ဟာ သူ့အတွက်တော့ ပျော်စရာနိဗ္ဗာန်လေးဖြစ်ခဲ့နေသလားပါပဲ။ သူ့အတွက် အဝတ်အစားကလည်း ဟိုလူပေး၊ ဒီလူပေးနဲ့ ပူစရာမလိုသလို ဝမ်းရေးအတွက် ဒေါ်ဆိုင်က ကျွေးထားပေမယ့် လမ်းထဲကအိမ်တွေကလည်း ခိုင်းစရာရှိ ခိုင်းကြပြီး မုန့်ကျွေး၊ ထမင်းကျွေးနဲ့ တစ်ခါတစ်ရံ ငွေတချို့လည်း ပေးတတ်ကြပါသေးတယ်။

အဲဒီလို ငွေရတဲ့အခါမျိုးမှာတော့ သူလက်ထဲတွင် ကြာကြာထားလေ့မရှိဘဲ ရောက်ရာအရပ်ကနေ ဒေါ်ဆိုင်ဆီပြေးပေးပြီး ထိုင်ထိုင်ကန်တော့တတ်တာကလည်း မြင်ရတဲ့သူအဖို့မှာတော့ ကြည်နူးစရာပါပဲ။ မည်သူမှ မသွန်သင်မခိုင်းပါဘဲ လုပ်လိုက်တဲ့ သူ့အပြုအမူတွေဟာ သူကိုယ်တိုင်က မေတ္တာတရားကို နားလည်လို့ပါဆိုရင်လည်း ကျွန်တော်တို့ လူကောင်းတွေထက်တောင် သာလွန်နေခဲ့ပါတော့တယ်။ သူရောက်လာခါစက လမ်းထဲကခွေးတိုင်း သူ့ကိုတွေ့ရင် ထိုးထိုးပြီး ဟောင်တတ်ကြပေမယ့် အခုတော့ နေ့လယ်နေ့ခင်းတွေဆိုရင် ဓမ္မာရုံထဲမှာ ခွေးတွေနဲ့ ဖက်အိပ်နေတဲ့သူ့ကို တွေ့နေခဲ့ပြီ။ မည်သို့မည်ပုံ ပေါင်းလိုက်သည်မသိ သူ့ကိုတွေ့ရင် ခွေးတွေကတော့ သခင်ကြီးတစ်ယောက်ကို ကြိုဆိုကြသလိုမျိုး အမြီးတနန့်နန့်နဲ့ အလုအယက် ကြိုဆိုကြတယ်။ ဒါကလည်း ပြောရမယ်ဆို အကြောင်းရင်းတော့ ရှိခဲ့တာပေါ့။

တစ်နေ့ ကျွန်တော် ရုံးကပြန်လာတော့ ရပ်ကွက်ထိပ်က အမှိုက်ပုံးကြီးထဲမှာ တစ်စုံတစ်ခုကို သဲသဲမဲမဲ လှန်လှောရှာနေတဲ့ သူ့ကိုတွေ့ပြီး အံ့ဩသွားမိသလို မသိမသာလေး ကျွန်တော်စောင့်ကြည့်နေခဲ့မိတယ်။ လက်ထဲမှာ ကြွပ်ကြွပ်အိတ်လေးတစ်လုံးကိုင်ပြီး တွေ့သမျှကို ထည့်နေတော့ ကျွန်တော့်စိတ်ထဲ တွေဝေသွားမိတယ်။ သူဘာလုပ်တာပါလိမ့်။ ဗိုက်များဆာနေလို့လား။ ဒါကလည်းမဖြစ်နိုင်၊ သူ့အတွက် ဒီရပ်ကွက်မှာ ထမင်းငတ်စရာမလိုပေ။ အမှိုက်ပုံးကြီးထဲမှာ ရှာစားစရာ လုံးဝမလို။ ဒါဆို သူကိုယ်တိုင်ပဲ စိတ်ဖောက်ပြန်သွားသလား၊ အမျိုးမျိုးစဉ်းစားကြည့်ရင်း အတွေးနယ်ချဲ့မိနေတုန်း။ သူကတော့ အိတ်တစ်လုံးပြည့်သွားတဲ့အခါ အောင်မြင်သူကြီးတစ်ယောက်လို အမှိုက်ပုံးနားက ထွက်ခွာသွားပါတော့တယ်။

ကျွန်တော် သူ့နောက်က လိုက်ကြည့်နေတာ သူတော့ မသိပေ။ သူလမ်းထိပ်ကိုရောက်တော့မှ ကျွန်တော်လည်း သက်ပြင်းချမိပါတော့တယ်။ တကယ်တော့ သူက သူ့ခွေးလေးတွေအတွက် အစာရှာကျွေးဖို့ လုပ်နေခဲ့တာပါပဲ။ သူရှာလာသမျှကိုချကျွေးပြီး ပြုံးပြုံးကြီး ကျေနပ်နေတဲ့သူ့ကို တွေ့ရတာဟာ "လပြည့်ညတစ်ခုမှာ လမင်းကြီးကို မော့ကြည့်လိုက်ရင် စိတ်ထဲက ကြည်နူးမိသလိုမျိုး ခံစားရလိုက်သလိုပါပဲ"။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ရပ်ကွက်ကလေးထဲ အရန်လလေး ထွန်းလင်းနေခဲ့သလိုပါပဲလေ။

ကျွန်တော်တို့ ရပ်ကွက်လမ်းလေးမှာ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အရုဏ်ဆွမ်းလောင်းတဲ့ဓလေ့ရှိပါတယ်။ အင်္ဂါနေ့ညဆိုရင် မနက်အရုဏ်ဆွမ်းလောင်းဖို့အတွက် ကြော်ကြ၊ လှော်ကြ၊ ချက်ကြ၊ ပြုတ်ကြသူတွေနဲ့ မနက်နိဗ္ဗာန်ဆော်ဩဖို့ လူငယ်လေးများနဲ့ စည်ကားနေလေ့ရှိပါတယ်။ မနက်လေးနာရီလောက်ကျမှ နိဗ္ဗာန်ဆော်ဩဖို့ ထွက်သွားကြ၊ ကျန်တဲ့သူတွေက ဆွမ်းလောင်းဖို့ ပြင်ဆင်ကြ ဆွမ်းလောင်းကြနဲ့ ကျွန်တော်နေထိုင်တဲ့ ရပ်ကွက်လေးရဲ့ ချစ်စရာဓလေ့တစ်ခုပါပဲ။

> **တကယ်တော့ အော်တစ်ဇင် လူတစ်ယောက်ဆိုတာ မွေးရာပါ ဉာဏ်ရည် ချို့တဲ့မှုကလွဲလို့ ရူးသွပ်နေကြသူများ မဟုတ်ပါပေ။ ခံစားမှုနဲ့ ရပ်တည်မှု တစ်ခုရှိတာကိုတော့ ကျွန်တော်တို့အသိအမှတ်ပြု လက်ခံပေးခဲ့ကြရမှာက လူပီသခဲ့ပါရင် ပိုမိုလွယ်ကူလာမယ်ထင်မိပါသည်လေ။ သို့သော် ထိုးကြိတ်ပြီး ဖြေရှင်းခဲ့တဲ့ ဖြေရှင်းမှုမျိုးထက် ပိုညင်သာမယ့်အမှုမျိုးနဲ့ ကျွန်တော်တို့ ဖြေရှင်းခဲ့ပါရင်. . .**

တစ်နေ့မှာတော့ မနက်ပိုင်း ဆွမ်းလောင်းသိမ်းဆည်းကြပြီးလို့ ဓမ္မာရုံထဲ လူကြီးတွေ ထိုင်စကားပြောနေတဲ့အချိန် မီးလောင်နေတဲ့ညှော်နံ့က မီးခိုးတွေနဲ့အတူ ခပ်ပြင်းပြင်း ဝင်ရောက်လာခဲ့ပါတော့တယ်။ အားလုံးက အလန့်တကြားနဲ့ ပြေးကြည့်ကြတော့ ဓမ္မာရုံအနောက်က အမှိုက်ပုံထဲမှာ မီးထလောင်နေခြင်းသာ။ မီးကတော့ မည်သည့်အချိန်က လောင်နေသည်မသိ။ လူသိတဲ့အချိန်မှာတော့ မီးညွန့်က လူ့တစ်ရပ်သာသာလောက်ရှိနေခဲ့ပြီ။ ရေပုံးဆွဲသူဆွဲ၊ သဲပက်သူပက်ကြနဲ့ မီးသတ်လိုက်ကြတာ ခဏအကြာမှာပဲ မီးက ငြိမ်းသွားခဲ့ပါတယ်။ မီးက ဘာကြောင့်လောင်လဲ အဖြေရှာကြည့်တော့ မနက်ပိုင်း ဆွမ်းထမင်းချက်ထားတဲ့ မီးဖိုမှာ မီးခဲရော ပြာပုံရော မရှိတော့ပေ။ တစ်စုံတစ်ယောက်က သိမ်းကျုံးပြီး အမှိုက်ပုံထဲမှာ ပစ်လိုက်တဲ့သဘောပါပဲ။ ထိုမှတစ်ဆင့် မီးထလောင်ခဲ့ခြင်းသာ. . .။

တရားခံကို လိုက်ရှာကြတော့ အားလုံးရဲ့မျက်လုံးတွေက ခေါင်းကြီးတစ်ယောက်ဆီမှာသာ စုပုံလို့ပါပဲ။ စကားမပြောတတ်တဲ့ ခေါင်းကြီးကတော့ ဝူးဝူးဝါးဝါးပြောရင်း ခေါင်းခါပြရှာတယ်။ သူမဟုတ်ပါဘူးပေါ့။ သူခေါင်းခါနေတုန်း ကိုဖိုးလုံးရဲ့လက်သီးသုံး၊ လေးလုံးက ပစ်ဝင်လာလိုက်တာ ခေါင်းကြီးရဲ့မျက်နှာ ရစရာမရှိတော့ပေ။ ဒေါ်ဆိုင်ခမျာမှာလည်း ခေါင်းကြီးကိုဖက်ပြီး ငိုယိုလို့မေးတယ်။

"သားလေး ခေါင်းကြီး သားလုပ်လိုက်တာလား"

ခေါင်းကြီး မျက်ရည်ကျပြီး ခေါင်းခါပြတယ်။ သူမဟုတ်ပါဘူးပေါ့။ ကျွန်တော်ဟာ အဲဒီအချိန်မှာ သူတို့အနားမှာ ရှိနေခဲ့ပေမယ့် စကားတစ်လုံးမှဝင်မပြောရဲခဲ့ပါ။ ကိုဖိုးလုံးအဖို့မှာတော့ "ဟာ ဒီသောက်ရူး၊ သူမလုပ်လို့ ဘယ်သူလုပ်မလဲ၊ ငါထပ်လုပ်လိုက်ရ သေတော့မှာပဲ တောက်"

"ဟဲ့ ဖိုးလုံး နင်က အဲဒီလောက် ဖြစ်နေရအောင် သူလုပ်တာ နင်မြင်သလား"၊ "သူမလုပ်လို့ ဘယ်သူလုပ်မလဲဗျ၊ ဒီကောင်က ကျပ်မပြည့်တဲ့ သောက်ရူးလေး"

". . . . . ."

ဒေါ်ဆိုင်နဲ့ ကိုဖိုးလုံးတို့ ရန်သတ်ကြရင်းနဲ့သာ ထိုနေ့မနက်ပိုင်း ပြီးဆုံးခဲ့ပါတော့တယ်။ ခေါင်းကြီးမှာတော့ သူ့ဒဏ်ရာတွေကို ပုဆိုးအစုတ်လေးနဲ့ သုတ်ရင်း သူ့နေရာလေးမှာ ခွေနေလိုက်တာ တစ်နေကုန် အပြင်မထွက်တော့ပေ. . .။

နောက်တစ်နေ့ မိုးအလင်းမှာ ဆိုင်ကူခင်းပေးဖို့ ရောက်မလာခဲ့သလို ဒေါ်ဆိုင်က နေမကောင်းလို့များလားလို့ စိတ်ပူမိပေမယ့် သူကိုယ်တိုင်လည်း သွားမကြည့်အားခဲ့။ နေ့လယ် ထမင်းစားချိန် ထမင်းဇလုံလေးကိုင်ပြီး သွားရှာတော့မှ သူမရှိတော့သလို အဝတ်ထုပ်နဲ့ ဖျာတစ်ချပ်ကအစ မရှိတော့ပေ။ ထိုနေ့မှစပြီး ကျွန်တော်တို့ ရပ်ကွက်ထဲ သူမရှိတော့သလို ဒီအချိန်အထိ သူလည်းပြန်ရောက်မလာတော့သလို တစ်ဦးတစ်ယောက်ကိုမှ နှုတ်ဆက်ခြင်းမရှိခဲ့ပါဘဲ ထွက်ခွာသွားပြန်ပါတော့တယ်။ အကြင်နာတရားရှိတယ်လို့ ထင်ရတဲ့အရပ်မှာ သူနေထိုင်ခဲ့ရတာ ကျေနပ်မှာဖြစ်ပေမယ့် သူ့လို ဉာဏ်ရည်ချို့တဲ့သူတစ်ယောက်အဖို့မှာ၊ သူ့လို စွန့်ပစ်ခံခဲ့ရသူတစ်ယောက်အဖို့မှာ၊ စိတ်ဒဏ်ရာ ကြီးကြီးမားမားရခဲ့သူတစ်ယောက်အဖို့မှာ နာကျင်သိမ်ငယ်အောင် ဆက်ဆံခံရမှုမျိုးကို ခံနိုင်ရည်ရှိလောက်အောင် သူ့အတွက် ရင့်ကျက်မနေခဲ့ပါဘူး။ သူ့အတွက် ဒီလို ဆက်ဆံခံရမှုမျိုး ဘယ်လောက်များများ ခံစားကြုံတွေ့ဖူးခဲ့လဲ ကျွန်တော်တို့ မသိနိုင်ခဲ့. . .။

တကယ်တော့ အော်တစ်ဇင် လူတစ်ယောက်ဆိုတာ မွေးရာပါ ဉာဏ်ရည်ချို့တဲ့မှုကလွဲလို့ ရူးသွပ်နေကြသူများ မဟုတ်ပါပေ။ ခံစားမှုနဲ့ ရပ်တည်မှုတစ်ခုရှိတာကိုတော့ ကျွန်တော်တို့ အသိအမှတ်ပြု လက်ခံပေးခဲ့ကြရမှာက လူပီသခဲ့ပါရင် ပိုမိုလွယ်ကူလာမယ်ထင်မိပါသည်လေ။ သို့သော် ထိုးကြိတ်ပြီး ဖြေရှင်းခဲ့တဲ့ ဖြေရှင်းမှုမျိုးထက် ပိုညင်သာမယ့်အမှုမျိုးနဲ့ ကျွန်တော်တို့ ဖြေရှင်းခဲ့ပါရင်. . .။

ယခုတော့ သူ့အပေါ်ကောင်းခဲ့တဲ့ ဒေါ်ဆိုင်အပါအဝင် ရပ်ကွက်သားတွေရဲ့ စေတနာတွေဟာ ဘာတန်ဖိုးမှ မရှိတော့သလိုလို. . .။ ရှက်စရာအဖြစ် ကျန်ရစ်ခဲ့တဲ့ ကိုဖိုးလုံးကိုယ်တိုင်က ငွေရှိလို့ လူရာဝင်တဲ့ဘဝကို မိန်းမောရင်း သူ့အပြစ်မကင်းတဲ့အကြောင်း အခုထိဝန်မခံခဲ့သေး။ တစ်ခါတစ်ရံမှာ ငွေဂုဏ်နဲ့ မောက်မာမာန်တက်ပြီး စိတ်ထင်တိုင်း အမှန်လို့ထင်မြင်မှုတွေဟာ မုန့်ဟင်းခါးနဲ့ ထမင်းကြမ်းရောထားတဲ့ ဒေါ်ဆိုင့်လက်ထဲက ဇလုံတစ်လုံးလောက်မှ တန်ဖိုးမရှိခဲ့ပေ. . .။ တကယ်တော့ ကျွန်တော်တို့ရဲ့ ရပ်ကွက်အသိုင်းအဝိုင်းရဲ့ စိတ်အဆင့်အတန်းတွေကို အော်တစ်ဇင် တစ်ယောက်ကထုတ်ပေးခဲ့တဲ့ အဖြေတွေဟာ သိပ်ပြီး ပြင်းထန်တဲ့ သင်ခန်းစာတစ်ခုကို ချပေးခဲ့သလိုပါပဲ။ ကျွန်တော့်အတွက်တော့ဗျာ . . .

ကျွန်တော်သာ ချမ်းသာခဲ့ရမယ်ဆိုပါရင် ကျွန်တော့်အနေနဲ့ နှလုံးသားနဲ့သာ ချမ်းသာချင်ပါတယ်။ ။

# တရုတ် - မြန်မာ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ရှန်ဟိုင်းမြို့ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mrs. Zhong Yanqun နှင့် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ရှန်ဟိုင်းမြို့ People's Mansion ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တရုတ်- မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်ရေးရာကော်မတီ အဖွဲ့ဝင် မန်းညွန့်သိန်း၊ ဦးသန်းညွန့်၊ ဦးခွန်သန်းထူး၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးတင်နု (ခ)ဦးတင်နုအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရှန်ဟိုင်းမြို့ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mrs. Zhong Yanqun က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၅၀ က ရှန်ဟိုင်းမြို့ပြစီမံကိန်းပြတိုက် (Shanghai Urban Planning Exhibition Center)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Pudong New District သို့ရောက်ရှိပြီး



လွတ်လပ်သော ကုန်သွယ်ရေးရုံးအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး စီမံခန့်ခွဲရေးကော်မတီမှ သက်ဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။

အလားတူ မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် The Oriental Pearl TV and Radio Tower သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် Oriental Pearl ဆိပ်ခံတံတားသို့ ရောက်ရှိကာ ဟွမ်ဖူမြစ် (Huang Pu Jiang) အား သင်္ဘောစီး၍ လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ်အတွင်း လတ်တလော အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသော ပြည်သူများအတွက် လိုအပ်သည့်ဖြည့်ဆည်းမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ အခန်း(၁)၊ ပုဒ်မ ၂(ခ)တွင် လူတို့၏ ပြုမူဆောင်ရွက်မှု၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်း၊ အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ဘေးအန္တရာယ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ယခုဖြစ်ပွားသော အကြမ်းဖက်မှုကြောင့် ပြည်သူများ ထိခိုက်ပျက်စီးခြင်းနှင့် ပတ်သက်၍ လက်ရှိရခိုင်ပြည်နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများ အခြေအနေနှင့် ယာယီထွက်ပြေးတိမ်းရှောင်နေရသူများ ရောက်ရှိနေထိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ အဆိုပါဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ရှင်းလင်းပြောကြားသည်။

ထို့ပြင် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များကလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးတွင် စာရင်းဇယားမှန်ကန်စွာရရှိရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များအား ရွေ့လျားအဖွဲ့များ စခန်းအခြေပြုဆေးခန်းများဖြင့် ဆောင်ရွက်ရေး၊ ယာယီခိုလှုံရာ စခန်းများအနီးရှိ ကျောင်းများတွင် ပညာဆက်လက် သင်ကြားနိုင်ရေး၊ အရေးပေါ်လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေးများ အမြန်ပြုပြင်ဆောင်ရွက်ပေးရေး၊ ဒေသတည်ငြိမ်ချိန်တွင် အမြန်ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော စက်ယာဉ်ယန္တရားများရရှိစေရေး၊ ယာယီဆေးခန်းများ၊ စာသင်ကျောင်းများ၊ ရိက္ခာစုပုံစခန်းများ ဆောင်ရွက်နိုင်ရေး၊ ဘေးသင့်ပြည်သူများ၏ မိသားစုများ ပေါင်းစည်းရေး နှစ်သိမ့်ဆွေးနွေးမှုများနှင့် ထောက်ပံ့ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိခိုက်ပျက်စီးမှုအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး စသည့်အချက်များကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ❒ မြန်မာအသင်းမှ

မြန်မာအသင်းနည်းပြချုပ် ဘန်လာဘီမှာ ကစားသမားများကြွံခိုင်မှုပြဿနာမရှိဟု ပွဲပြီးသတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ကစားအားကျဆင်းကာ ရှုံးနိမ့်သွားခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရ ဖြစ်ခဲ့သော်လည်း ၁၅ မိနစ်နောက်ပိုင်းတွင် ကစားကွက်မိမိဖြင့် တိုက်စစ်ဆင်နိုင်ခဲ့သည်။ ၂၈ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ပြည့်စုံနိုင် ဖန်တီးပေးသည့် ဘောလုံးကို မြတ်ကောင်းခန့်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ဂိုးထပ်မံရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း ပြည့်စုံနိုင်နှင့် ဝင်းနိုင်ထွန်းတို့ အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့သလို မြန်မာကစားသမားများမှာလည်း ကစားအားကျသွားခဲ့သောကြောင့် စိတ်ကြိုက်ကစားသွားနိုင်ခဲ့သည်။ အင်ဒိုနီးရှားတိုက်စစ်မှူး ဇစ်ကာရီသည် မြန်မာနောက်တန်းကို အခက်တွေ့အောင်ကစားနိုင်ခဲ့ပြီး ၇၁ မိနစ်တွင်ချေပဂိုး ပြန်သွင်းနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဂိုးပြန်ပေးလိုက်ရသော်လည်း တိုက်စစ်အားမြှင့်နိုင်ခြင်းမရှိဘဲ အင်ဒိုနီးရှားကသာ ပွဲကိုထိန်းချုပ်ကာ ဇစ်ကာရီက ပွဲပြီးခါနီးတွင် အင်ဒိုနီးရှားအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ညနေ ၃ နာရီက ကျင်းပသည့် ပထမပွဲတွင် ဘရူနိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စု(က)ဒုတိယနေ့ကို စက်တင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ကမ္ဘောဒီးယားနှင့်တီမော၊ အောင်ဆန်းကွင်း၌ မလေးရှားနှင့် စင်ကာပူ၊ ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ထိုင်းနှင့် လာအိုအသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

### ✻ မြို့ကြီးများမှ

လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ၊ အဓိကရုဏ်းများ ဖန်တီးလာနိုင်သည့် အခြေအနေများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားနိုင်သည့် အလားအလာများကိုလည်း အထူးဂရုပြုရန် အရေးကြီးပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် လုံခြုံရေးသတိထားရှိကြပြီး မသင်္ကာဖွယ်ရာ လူပုဂ္ဂိုလ်များ၊ လုပ်ဆောင်ချက်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းစုဆောင်းမှုများ၊ ပုံမှန်မဟုတ်သော လုပ်ဆောင်ချက်များ တွေ့ရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးနှင့်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများထံ အမြန်ဆုံးအကြောင်းကြားကြပါရန်နှင့် အကြမ်းဖက်ခြိမ်းခြောက်မှုသတင်းများကို အမြတ်ထုတ်၍ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများ၊ အဓိကရုဏ်းများ ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်မှုကို အထူးသတိပြုကြပါရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

# မြန်မာနိုင်ငံ စာရေးဆရာအသင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ရှုတ်ချ

**ရန်ကုန် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအပါအဝင် ဒေသအတွင်း၌ နည်းမျိုးစုံဖြင့် အကြမ်းဖက်လျက်ရှိသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် ယင်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ပြင်းထန်စွာရှုတ်ချကြောင်း သတင်းထုတ်ပြန်သည်။

**(မြန်မာနိုင်ငံစာရေးဆရာအသင်း)**

# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စရတ်နိုအယ်လ်ပီမာဆူဒီနှင့် အဖွဲ့သည် ယနေ့နံနက် ၅ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာအီတိုဆူမာဒီနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**





# ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့်အဖွဲ့ မောင်တောမြို့နယ် မင်းခမောင်းကျေးရွာ ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၅**

ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် ဒေသခံတိုင်းရင်းသားများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်လှူဒါန်းသည့် စားနပ်ရိက္ခာများကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် မင်းခမောင်းကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ထောက်ပံ့လှူဒါန်းကြသည်။

ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်းခမောင်းကျေးရွာသို့ ညနေ ၃ နာရီတွင် ရောက်ရှိကြပြီး ဒေသတွင်းရှိ တိမ်းရှောင်နေသူများအတွက် အာလူးနှစ်အိတ်၊ ကြက်သွန်တစ်အိတ်၊ ငရုတ်သီးခြောက်တစ်အိတ်၊ တစ်လီတာဝင် စားသုံးဆီ ၉၆ ဘူး၊ ငါးသေတ္တာ ၉၆ ဘူး၊ ဆားနှစ်အိတ်၊ ဖိနပ်နှစ်အိတ်၊ ဆိုလာမီးအိမ်တစ်ဖာတို့ကို သွားရောက်ထောက်ပံ့လှူဒါန်းပြီး ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် ပညာရေးဝန်ထမ်း ဆရာမတစ်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်းလေးဦးနှင့် ကလေးငယ်တစ်ဦး စုစုပေါင်းခြောက်ဦးကို မင်းခမောင်းကျေးရွာမှ စစ်တွေမြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်လာကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# မောင်တောဒေသခံတွေကို စားနပ်ရိက္ခာတွေ ထောက်ပံ့ပေးပြီး အားပေးစကားတွေ ပြောကြားခဲ့တဲ့ ဝေဠုကျော်

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် စားဝတ်နေရေးခက်ခဲနေကြသော မောင်တောဒေသခံတိုင်းရင်းသားများအား နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့လှူဒါန်းလျက်ရှိသလို ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်ဦးဆောင်သော ဖောင်ဒေးရှင်းအဖွဲ့ကလည်း အဆိုပါမောင်တောဒေသသို့ ကိုယ်တိုင်သွားရောက်ပြီး လိုအပ်သည့် စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို သက်စွန့်ကြိုးပမ်း ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဝေဠုကျော်အား လတ်တလော ဒေသခံတိုင်းရင်းသားများအတွက် သွားရောက်လှူဒါန်းခဲ့မှုအခြေအနေ၊ ကိုယ်တိုင်တွေ့ကြုံရသည့် အခြေအနေများအပေါ် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ ကိုဝေဠုကျော်တို့အဖွဲ့ မောင်တောဒေသကို သွားရောက်ထောက်ပံ့ လှူဒါန်းဖြစ်ပုံလေးကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဒီမှာ ကျွန်တော်တို့တိုင်းရင်းသားတွေက အကြမ်းဖက်ခံရမှုကြောင့် အခက်အခဲလေးတွေ ရှိနေတဲ့အတွက် လိုအပ်တဲ့စားနပ်ရိက္ခာတွေနဲ့ ပတ်သက်လို့ လာရောက်ပြီးတော့ ပံ့ပိုးပေးနေတာဖြစ်ပါတယ်။ ပြီးတော့ သူတို့မှာရှိနေတဲ့ စိတ်အားငယ်မှုလေးတွေကို သူတို့နဲ့အတူတူလာရောက်မျှဝေခံစားရအောင်ဆိုပြီး ဒီကိုရောက်အောင် လာခဲ့တာပါ။

**မေး။ ။ မောင်တောဒေသကို သွားရောက်ထောက်ပံ့ လှူဒါန်းတဲ့အခါ တွေ့ကြုံရတဲ့ အခြေအနေလေးတွေ ရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ကလည်း သွားရောက်ခဲ့ပါတယ်။ အဲဒီလိုပါပဲ အခုကလည်း အားလုံးကတော့ ကျိုးလန့်စာစားပေါ့။ ဖြစ်ပျက်တဲ့အခြေအနေလေးတွေက ကျွန်တော်တို့ကိုယ်တိုင်မကြုံရပေမယ့် သူတို့ဆီက ပြန်ပြောတာကို ကျွန်တော်တို့ နားထောင်ရတာကတော့ တကယ်ကို သည်းထိတ်ရင်ဖို အခက်အခဲပေါင်းများစွာ၊ အန္တရာယ်ပေါင်းများစွာထဲကနေ ဖြတ်ကျော်အသက်ရှင်ကျန်ခဲ့တဲ့ သူတွေအနေနဲ့ကတော့ ထိတ်လန့်နေကြတဲ့ အခြေအနေမှာရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ဩဂုတ် ၂၉ ရက်မှာ ဒီကိုစရောက်ပါတယ်။ ဩဂုတ် ၃၀ ရက်အထိကတော့ ကျွန်တော် ၂၀၁၆ ခုနှစ်လာတုန်းက ကျွန်တော့်ကို ဝိုင်းကူလုပ်ပေးတဲ့ကလေးတစ်ယောက်ကတော့ ကျွန်တော်ရောက်ရောက်ချင်းမှာပဲ အသက်ပေးလိုက်ရတယ်။ အဲဒီမြို့ထဲကို ဝင်ဝင်ချင်းကျွန်တော်စမြင်လိုက်ရတာ သူ့ရဲ့ဓာတ်ပုံလေးပါ။ ကျွန်တော်အလွန်ပဲ စိတ်မကောင်းစွာ ခံစားခဲ့ရတယ်။

**မေး။ ။ ကိုဝေဠုကျော်တို့အဖွဲ့ မောင်တောဒေသရောက်တဲ့အခါမှာ ဘယ်လိုအခြေပြု နေထိုင်ပြီး ထောက်ပံ့လှူဒါန်းမှုတွေကို ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ မောင်တောအလိုတော်ပြည့်ကျောင်းမှာ အခြေပြုပါတယ်။ အဲဒီက ဆရာတော်တွေနဲ့အတူပေါင်းပြီးတော့ ဒေသဆိုင်ရာ တာဝန်ရှိသူတွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ရှိသူတွေ၊ တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်တွေ အားလုံးကို ချိတ်ဆက်ပြီးတော့ အလုပ်လုပ်ရပါတယ်။ နယ်မြေအခြေအနေ စိုးရိမ်ရတဲ့ နေရာမျိုးမှာ ရောက်နေရတဲ့အတွက် ကျွန်တော်တို့အဖွဲ့တွေအားလုံးဟာ လက်ချင်းမချိတ်ဘဲ သွားလို့မရပါဘူး။ တကယ်တမ်း ဒီနေရာတွေဟာ အင်အားရှိစွာနဲ့ ဒီပြဿနာတွေကို ဖြေရှင်းပေးနိုင်နေတာက အဓိကအနေနဲ့ တပ်မတော်၊ ရဲတပ်ရင်းတပ်ဖွဲ့တွေပါ။ သူတို့ရဲ့ နောက်ကနေ ကျွန်တော်တို့ လိုက်ပြီးတော့ပံ့ပိုးတယ်။ ပြီးတော့ ရှေ့ဆက်သွားလို့မရတဲ့ နေရာတွေဆို တပ်မတော်ယာဉ်တန်းတွေ၊ ရဲတပ်ဖွဲ့ယာဉ်တန်းတွေမှာ ကျွန်တော်တို့ရိက္ခာတွေ တင်ပေးတယ်။ သူတို့ရှေ့က ရောက်တဲ့အခါ သူတို့မှာပါတဲ့ရိက္ခာတွေကို ခွဲဝေပြီး ကျွေးရတဲ့အတွက် သူတို့ရိက္ခာတွေ နည်းသွားတယ်။ အဲဒါကို ကျွန်တော်တို့က ထပ်ပြီးပံ့ပိုးပေးတယ်။

**မေး။ ။ ကိုဝေဠုကျော်တို့အဖွဲ့ သွားရောက်ထောက်ပံ့တဲ့လမ်းခရီးမှာ မိုင်းထောင်ထားတာတွေ ကြုံတွေ့ခဲ့ရတယ်လို့ ကြားသိရတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါလား။**

ဖြေ။ ။ လွန်ခဲ့တဲ့ နှစ်ရက်၊ သုံးရက်လောက်က ကျီးကန်းပြင်ဌာနချုပ်အထိဝင်ခဲ့တယ်။ အဲဒီမှာ မြိုလူမျိုးတွေရော၊ အခြားသောဒေသခံတွေ ၄၀၀ ၊ ၅၀၀ လောက်ကို ခေါ်ပြီးတော့ စောင့်ရှောက်ထားတယ်။ အဲဒီကို ကျွန်တော်တို့ ရိက္ခာသွားပို့တယ်။ အားပေးစကားပြောတယ်။ အဲဒီနေရာအထိကို လွန်ခဲ့တဲ့ လေးငါးရက်လောက်က ဝင်ခွင့်ရခဲ့တယ်။ စက်တင်ဘာ ၃ ရက်နဲ့ ၄ ရက်တွေမှာ မောင်တောမြို့ ကြိမ်ချောင်းကို ရောက်အောင်သွားဖို့အတွက် တပ်မတော်ယာဉ်တန်းသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ လိုက်သွားတယ်။ ဒါပေမယ့် လမ်းခုလတ်ကျတော့ မိုင်းထောင်ထားတာတွေ့လို့ မိုင်းရှင်းလင်းရေးတွေ ဆောင်ရွက်ရတာရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ စစ်ကြောင်းထိုးသွားပြီး ပွိုင့်ကားတွေနောက်က တဖြည်းဖြည်းချင်းလိုက်ရတယ်။ အဲဒီအချိန်ကလည်း တော်တော်နှောင်းသွားပြီး မောင်နှမကျေးရွာနားက ရွာတစ်ရွာမှာလည်း သေနတ်သံ တစ်ချက်နှစ်ချက်ကြားရတယ်။ ပြီးတော့ မိုင်းတွေ့လို့ ကားရပ်သွားတယ်။ ကားရပ်သွားပြီးမိုင်းရှင်းရမယ်ဆိုတော့ စစ်ကြောင်းမှူးက ကျွန်တော်တို့ကို ဆက်လိုက်ဖို့ မှောင်လည်းမှောင်နေပြီ။ လမ်းမှာညအိပ်ရလိမ့်မယ်။ ကျွန်တော်တို့ကို ပြန်ချင်ပြန်လိုက်ပါ။ နောက်ကြောင်းက ရှင်းတယ်လို့ ပြောတော့ ကျွန်တော်တို့ စက်တင်ဘာ ၃ ရက်က ပြန်လှည့်ခဲ့ရတယ်။

စက်တင်ဘာ ၄ ရက် နံနက်က ကျွန်တော်တို့သွားလို့ရပြီဆိုတော့ ကျွန်တော်တို့သွားတယ်။ လုံခြုံရေးလည်း လိုက်ပေးတဲ့အတွက် ကျွန်တော်တို့ သွားချင်တဲ့ ကြိမ်ချောင်းကို ရောက်ခဲ့ပါတယ်။ ကြိမ်ချောင်းကိုသွားတဲ့အခါ လမ်းမှာ လုံခြုံရေးလည်း တော်တော်လေးချပေးထားတယ်။ အန္တရာယ်ရှိတယ်ဆိုပေမယ့် တော်တော်လေး စိုးရိမ်ရတာမျိုးတော့ မဟုတ်တော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ရှေ့ကိုတိုးရင်းနဲ့ပဲ တချို့ရွာတွေမှာ တစ်ဖက်အသိုင်းအဝိုင်းကလူတွေ ရာနဲ့ချီတွေ့ခဲ့ရပါတယ်။ အဲဒီမှာဆို ကျွန်တော်တို့ ရှေ့တိုးလိုက် ပြန်ဆုတ်လိုက်နဲ့ပဲ သုံးကြိမ်မြောက် ကျွန်တော်တို့ အရဲစွန့်ပြီး တိုးသွားလိုက်တယ်။ စာသင်ကျောင်းတစ်ကျောင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ချထားတာတွေ့ရတယ်။ အဲဒီနေရာတွေမှာ အကြမ်းဖက်သမားတွေရှိသလို အေးချမ်းစွာနေနေကြတဲ့ တစ်ဖက်အသိုင်းအဝိုင်းက လူတွေလည်းရှိပါတယ်။ ပြောချင်တာက တပ်မတော်သားတွေရော၊ ရဲတပ်ဖွဲ့ဝင်တွေရော၊ တစ်ဖက်အသိုင်းအဝိုင်းက လူတွေရော ရှိနေကြတာတွေကို ဖြတ်ခဲ့ပြီးတော့မှပဲ ကြိမ်ချောင်းဆိုတဲ့ ကျေးရွာကို ရောက်ခဲ့ကြတာဖြစ်ပါတယ်။

ကြိမ်ချောင်းမှာတော့ အစိုးရကျန်းမာရေးဝန်ထမ်းတွေ၊ ပညာရေးဝန်ထမ်းတွေ ပိတ်မိနေကြတာရှိပါတယ်။ အမျိုးသမီးတွေကိုတော့ ရဟတ်ယာဉ်တွေနဲ့ ခေါ်ထုတ်သွားပါပြီ။ ကျွန်တော်တို့က ကျန်တဲ့ဝန်ထမ်းတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ကိုကြောက်ပြီး ရှောင်ချင်တဲ့ လူ ၂၀၀ လောက်ကို ခေါ်ထုတ်လာနိုင်ခဲ့တယ်။

မေး။ ။ ကိုဝေဠုကျော်အနေနဲ့ မောင်တောဒေသခံတိုင်းရင်းသားပြည်သူတွေအတွက် ခွန်အားဖြစ်စေမယ့် အားပေးစကားလေးရှိရင် ပြောကြားပေးပါဦး။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ဆက်ပြီးတော့လည်း ကျန်တဲ့ရွာတွေကို သွားဦးမှာပါ။ တောင်ပြိုလက်ဝဲတို့မှာဆိုရင်လည်း ရိက္ခာတွေရောက်နေပါပြီ။ ကျွန်တော်လည်း မကြာခင်ရက်အတွင်းမှာ တောင်ပြိုလက်ဝဲဘက်ကို သွားခွင့်ရရင်သွားဦးမှာပါ။ ဒေသခံပြည်သူတွေနဲ့ အတူ ကျွန်တော်ဆက်ပြီး ရှိနေဦးမှာပါ။

ကျွန်တော်ပြောချင်တာကတော့ အားလုံးအားမငယ်ကြပါနဲ့။ ဒီဖြစ်စဉ်ကြီးအားလုံးကို နိုင်ငံတော်ကလည်း ရိက္ခာနှစ်လစာစီစဉ်ပြီးတော့ ပို့နေပါပြီ။ အဲဒီလိုပဲ တပ်မတော်ရော၊ ရဲတပ်ဖွဲ့ဝင်တွေရောအားလုံးက ဒီနေရာတွေကို လုံခြုံစိတ်ချရအောင် ကြိုးစားစီစဉ်နေပါတယ်။ ကျွန်တော်တို့ကလည်း ဒီမှာရှိတဲ့တိုင်းရင်းသားတွေနဲ့အတူ ဖြစ်ရင်အသက်စွန့်မယ်။ အတူစွန့်စားမယ်။ အားလုံးနဲ့အတူ ရှိနေမှာပါလို့ အားပေးချင်ပါတယ်။



**တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ မင်းထက်အောင်**
**ဓာတ်ပုံ-မောင်မွှေး**

# မောင်တောဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ စက်တင်ဘာ ၅**

မောင်တောဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အချိန်နှင့်တစ်ပြေးညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အစိုးရအနေဖြင့် မောင်တောခရိုင်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများ စားနပ်ရိက္ခာအတွက် အချိန်နှင့်တစ်ပြေးညီ လိုက်လံကူညီထောက်ပံ့ပေးလျက်ရှိသောကြောင့် ပူပင်ကြောင့်ကြမှုရှိရန်မလိုတော့ကြောင်း၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်စေရေးကို အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန်မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူအသီးသီးက လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ကဏ္ဍအလိုက် တင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန္ဓုလ၊ အောင်သပြေနှင့် မင်းခမောင်းကျေးရွာများသို့ စားနပ်ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ အထောက်အကူပြုဆေးဝါးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် သွားရောက်ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



မောင်တောဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မှာကြားစဉ်။

# ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့် ဆရာ ဆရာမများ၊ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြား

**မောင်တော စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်သည် ယနေ့ ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ်အတွင်းရှိ ယာယီကျောင်းပိတ်ထား၍ နေရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် ကြိမ်ချောင်းကျေးရွာ၊ တရိန်းကျေးရွာနှင့် တောင်ပြိုမြို့နယ်တို့အတွင်းမှ ဆရာ ၂၄ ဦး၊ ဆရာမ နှစ်ဦး၊ ဒေသခံတိုင်းရင်းသား ၁၈ ဦးတို့အား မောင်တောမြို့လေးမိုင်စခန်း၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

အဆိုပါ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားများသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်မော်တော်ယာဉ်သုံးစီးဖြင့် အဆိုပါကျေးရွာများမှ မောင်တောမြို့သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ထို့နောက် ဆရာ ဆရာမများနှင့် တိုင်းရင်းသားများသည် ညနေ ၄ နာရီခွဲတွင် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာသွားပြီး စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်ဖြင့် သွားရောက်၍ နေရပ်အသီးသီးသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဖားဆောင်းမြို့ ခဲမဖြူကျေးရွာအား ဆန်/ရိက္ခာ တစ်နှစ်စာ ထောက်ပံ့ငွေပေးအပ်

**ဖားဆောင်း စက်တင်ဘာ ၅**

ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာ လမ်းပြကြယ်ဖြူဘော်ဒါဆောင်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့လှူဒါန်းသော ဆန်/ရိက္ခာ တစ်နှစ်စာ ထောက်ပံ့ငွေပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ပံ့လှူဒါန်းသော တစ်နှစ်စာ ထောက်ပံ့ငွေကျပ်သိန်း ၆၀ ကို ဘော်ဒါဆောင်တာဝန်ခံ ဆရာမ ဒေါ်ပန်းစိန်ထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက နှစ်ခြင်းဘုရားရှိခိုးကျောင်း၊ ယေဇူးရွှေနှလုံးတော် ဘုရားရှိခိုးကျောင်း၊ ပါပုကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ နန်းကစ်ကျေးရွာ ဓမ္မရံသီဘုန်းတော်ကြီးကျောင်း၊ ကျောက်ပဲညိုဘုန်းတော်ကြီးကျောင်းနှင့် ခဲမဖြူဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ကျောင်းအတွက် လိုအပ်သော ဆန်၊ ဆီနှင့် ဝတ္ထုငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဖားဆောင်းမြို့မရဲစခန်းသို့ သွားရောက်ပြီး တပ်ဖွဲ့ဝင်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ မိသားစုစည်းရုံးရေးကော်မတီအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ ဘောလခဲမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ ကျောင်းအတွက် လိုအပ်သော အားကစားပစ္စည်း၊ ရေသန့်စက်၊ အဝတ်စင်များ ဝယ်ယူနိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ARSA အစွန်းရောက်အကြမ်းဖက်သမားများ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်

မောင်တောမြို့နယ် ရေမျက်တောင်ကျေးရွာအား ARSA အစွန်းရောက် အကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြမြေပုံ



**နေပြည်တော် စက်တင်ဘာ ၅**

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီခွဲခန့်တွင် ဒုချီးရားတန်း(အရှေ့)ကျေးရွာသို့ ရောက်ရှိစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀ ခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကာ ကျေးရွာရှိ နေအိမ်များအား မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများသည် တပ်မတော်အား အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီခန့်တွင် ရေမျက်တောင်ကျေးရွာသို့ သွားရောက်ခဲ့ရာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် နေအိမ် ၁၀၀ ကျော် မီးလောင်နေသည်ကို တွေ့ရှိရကြောင်း။

ထို့အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဂျင်းတောကျေးရွာသို့ သွားရောက်စဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၀ ဦးက လုပ်သေနတ်၊ တုတ်၊ ဓား၊ ဂျင်ကလိတို့ဖြင့် တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားအလောင်း တစ်လောင်းနှင့် လုပ်သေနတ်တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူများနှင့်အညီ ခွဲခြားမှုမရှိဘဲ ကူညီထောက်ပံ့သွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

ရခိုင်ပြည်နယ်မြောက်ခြမ်း ဘူးသီးတောင်နှင့် မောင်တောဒေသများ၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရ၊ သေဆုံး၊ ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်တစ်ရပ်ကို သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ညနေပိုင်းတွင် သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ချက်တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် မောင်တောခရိုင်အတွင်းရှိ နယ်ခြားစောင့် ရဲစခန်း ၃၀ ကျော်အား ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ချိန်တည်း တစ်ပြိုင်တည်း အင်အားသုံး၍ အလစ်အငိုက် တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ခဲ့ရကြောင်း။

ထို့ပြင် လူဦးရေနည်းပါးသော တိုင်းရင်းသား ကျေးရွာများအား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ကျေးရွာဝင်လမ်း၊ ထွက်လမ်းများတွင် မိုင်းထောင်ခြင်း၊ နေအိမ် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများလည်း ဆက်တိုက်လုပ်ဆောင်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများမှာ ပုန်းအောင်းခြင်း၊ ထွက်ပြေးတိမ်းရှောင်ခြင်းများ လုပ်ဆောင်နေကြရကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးပြီး မောင်တောဒေသအား စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ခြင်းနှင့် ညမထွက်ရအမိန့် ပုဒ်မ-၁၄၄ ထုတ်ပြန်ခြင်းတို့ဖြင့် အပြစ်မဲ့ပြည်သူများ ဘေးကင်းလုံခြုံရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် လုံလောက်သော အင်အားဖြင့် ပြန်လည်ခုခံနိုင်ရန်နှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများ ဘေးကင်းလုံခြုံစေရန်တို့အတွက် ရဲစခန်းငယ်များကို စုပေါင်းခဲ့ရကြောင်း။

လုံခြုံရေးတပ်ဖွဲ့များသည် ARSA အစွန်းရောက် အကြမ်းဖက်သမားများကို ရှာဖွေဖော်ထုတ်နှိမ်နင်းမှုနှင့်အတူ ဒေသခံတိုင်းရင်းသားများကို ဘေးကင်းရာသို့ ပို့ဆောင်ခြင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်းနေထိုင်သူများ ပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးခြင်းများကိုလည်း တစ်ချိန်တည်းမှာပင် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များသည် ထိတွေ့တိုက်ခိုက်မှုပေါင်း ၉၇ ကြိမ်ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃ ဦး၊ နိုင်ငံ့ဝန်ထမ်း နှစ်ဦး စုစုပေါင်း ၁၅ ဦး ကျဆုံးခဲ့ရပြီး ဒေသခံတိုင်းရင်းသား ၁၄ ဦး၊ ဒေသခံဟိန္ဒူဘာသာဝင် ခုနစ်ဦး၊ ဘင်္ဂါလီ ခုနစ်ဦး စုစုပေါင်း ၂၈ ဦး သေဆုံးခဲ့ရကြောင်း၊ ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၇၁ ဦး အသေရရှိခဲ့ကာ ၃၈ ဦး ဖမ်းဆီးရမိခဲ့ကြောင်း။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၅ ဦး၊ နိုင်ငံ့ဝန်ထမ်း သုံးဦး၊ ဒေသခံတိုင်းရင်းသား လေးဦး စုစုပေါင်း ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ကျေးရွာပေါင်း ၅၉ ရွာ၊ အိမ်အလုံးရေ ၆၈၄၂ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး တံတားရှစ်စင်းလည်း မိုင်းထောင်ဖျက်ဆီးခြင်းခံခဲ့ရကြောင်း။

ထိုကဲ့သို့ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ရခိုင်ပြည်နယ် မောင်တောဒေသတွင် နေထိုင်သူများသည် နေရပ်စွန့်ခွာ၍ နယ်စပ်ဇရိယာအပါအဝင် လုံခြုံရာနေရာများတွင် ခိုလှုံနေထိုင်ရလျက်ရှိရာ ယနေ့အထိ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ တိုင်းရင်းသား ၂၆၇၄၇ ဦး ရှိနေကြောင်း။

အဆိုပါ အခြေအနေမျိုးတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို ပေးအပ်ရန် တာဝန်ရှိသည့်အလျောက် ထိရောက်သော အစီအမံများချမှတ်၍ ကူညီထောက်ပံ့မှုများကို ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) နှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နေရပ်စွန့်ခွာရသူများအား ကူညီထောက်ပံ့ပေးအပ်ရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူများနှင့်အညီ ခွဲခြားမှုမရှိဘဲ ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ ပူးပေါင်းပါဝင် ကူညီထောက်ပံ့နိုင်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်တွင်
မောင်တောဒေသအကြမ်းဖက်တိုက်ခိုက်မှုကြောင့်
အပြစ်မဲ့ပြည်သူများ သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရနှင့် ဖမ်းဆီးထားသူများ အခြေအနေ

၃-၉-၂၀၁၇ ရက်နေ့ထိ

| စဉ် | အကြောင်းအရာ | | တိုင်းရင်းသား | ဟိန္ဒူ | ဘင်္ဂါလီ | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာပေါင်း | | ၄ | ၂ | ၄ | ၁၀ | |
| ၂ | အပြစ်မဲ့ပြည်သူသေဆုံးသူဦးရေ | | ၁၆ | ၇ | ၇ | ၃၀ | တိုင်းရင်းသား ဝန်ထမ်း ၂ ဦးပါ |
| | (က) | ကျား | ၈ | ၃ | ၇ | ၁၈ | |
| | (ခ) | မ | ၈ | ၁ | - | ၉ | |
| | (ဂ) | ကလေး | - | ၃ | - | ၃ | |
| ၃ | အပြစ်မဲ့ပြည်သူပျောက်ဆုံးသူဦးရေ | | ၆ | - | ၁ | ၇ | |
| | (က) | ကျား | ၆ | - | - | ၆ | |
| | (ခ) | မ | - | - | ၁ | ၁ | |
| | (ဂ) | ကလေး | - | - | - | - | |
| ၄ | အပြစ်မဲ့ပြည်သူဒဏ်ရာရသူဦးရေ | | ၆ | ၁ | - | ၇ | တိုင်းရင်းသား ဝန်ထမ်း ၃ ဦးပါ |
| | (က) | ကျား | ၃ | - | - | ၃ | |
| | (ခ) | မ | ၃ | ၁ | - | ၄ | |
| ၅ | ဖမ်းဆီးထားသူဦးရေ | | - | - | ၃၈ | ၃၈ | |
| | (က) | ကျား | - | - | ၃၈ | ၃၈ | |
| | (ခ) | မ | - | - | - | - | |
| | (ဂ) | ကလေး | - | - | - | - | |

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့. (၄-၉-၂၀၁၇)

မောင်တောဒေသအကြမ်းဖက်ဖြစ်စဉ်များကြောင့်
မီးလောင်ပျက်စီးဆုံးရှုံးမှုအခြေအနေ

၄-၉-၂၀၁၇ ရက်နေ့ထိ

| စဉ် | လူမျိုး | ကျေးရွာပေါင်း | မီးလောင်ပျက်စီးမှု | | | |
|---|---|---|---|---|---|---|
| | | | နေအိမ် | နေအိမ်ခန့်မှန်းဆုံးရှုံးမှုတန်ဘိုး (ကျပ်သိန်း) | ဈေး (ဆိုင်ခန်း) | ယာဉ် |
| ၁ | တိုင်းရင်းသား | ၄ | ၁၁၆ | ၁၁၆၀၀၀၀၀ | ၁၃ | - |
| ၂ | ကသည်း | ၁ | ၄၉ | ၄၉၀၀၀၀၀ | - | - |
| ၃ | ဟိန္ဒူ | ၁ | ၃၆ | ၃၆၀၀၀၀၀ | - | - |
| ၄ | ဘင်္ဂါလီ | ၅၃ | ၆၆၄၁ | ၆၆၄၁၀၀၀၀၀ | ၃၁၁ | ၁၇၄ |
| | စုစုပေါင်း | ၅၉ | ၆၈၄၂ | ၆၈၄၂၀၀၀၀၀ | ၃၂၄ | ၁၇၄ |

ရှင်းလင်းချက်။ နေအိမ်ပျက်စီးဆုံးရှုံးမှုတန်ဖိုးအား တစ်အိမ်လျှင် ခန့်မှန်း ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တွက်ချက်တင်ပြထားခြင်းဖြစ်ပါသည်။

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့. (၄-၉-၂၀၁၇)

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာရသူများအား စုရပ်/ကျေးရွာ/စခန်းအလိုက် ပြည်နယ်အစိုးရအဖွဲ့မှ အရေးပေါ်ထောက်ပံ့မှု

(၄-၉-၂၀၁၇)

| စဉ် | ရက်စွဲ | မြို့နယ် | စခန်း/စုရပ်/ကျေးရွာ | ယာဉ် | ထောက်ပံ့မှု | | | | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဆန် (အိတ်) | ဆီ (ပိဿာ) | ဆား (အိတ်) | ပဲ (အိတ်) | အာလူး (အိတ်) | ကြက်သွန် (အိတ်) | ငရုတ်သီး (အိတ်) | ငပိ (ပုံး) | ခေါက်ဆွဲ (ဗာ) | ငါးသေတ္တာ (ဗာ) | ငါးခြောက် (ပိဿာ) | medical kit (ခု) | ထွမ်း (ဗာ) | ဆေးလိပ် (ဗာ) | |
| ၁ | ၃၀-၈-၂၀၁၇ | မောင်တော | ခမောင်းဆိပ် | ရဟတ်ယာဉ် | ၃၀ | ၅၀ | ၂ | ၁၀ | - | - | - | - | - | - | - | - | - | - | |
| ၂ | ၃၀-၈-၂၀၁၇ | မောင်တော | ကြိမ်ချောင်း | ရဟတ်ယာဉ် | ၃၀ | ၅၀ | ၂ | ၁၀ | - | - | - | - | - | - | - | - | - | - | |
| ၃ | ၃၀-၈-၂၀၁၇ | မောင်တော | တောင်ပြို | ရဟတ်ယာဉ် | ၃၀ | ၅၀ | ၂ | ၁၀ | - | - | - | - | - | - | - | - | - | - | |
| ၄ | ၃၁-၈-၂၀၁၇ | မောင်တော | ကျောက်ပန္နူ | ရဟတ်ယာဉ် | ၃၀ | ၅၀ | ၂ | ၁၀ | - | - | - | - | - | - | - | - | - | - | |
| ၅ | ၁-၉-၂၀၁၇ | မောင်တော | အောင်ဇ | ရဟတ်ယာဉ် | ၃၀ | ၄၈ | ၂ | - | - | ၂ | ၂ | ၂ | - | ၂ | ၂ | ၂ | - | - | |
| ၆ | ၁-၉-၂၀၁၇ | မောင်တော | ခမောင်းဆိပ် | ရဟတ်ယာဉ် | ၅ | ၅၀ | ၁ | ၂ | - | - | - | - | - | - | - | - | - | - | |
| ၇ | ၂-၉-၂၀၁၇ | ဘူးသီးတောင် | ကထီလ | ရဟတ်ယာဉ် | ၃၀ | ၄၈ | ၂ | - | - | ၁ | ၁ | ၁ | - | ၂ | - | ၁ | ၁ | ၁ | |
| ၈ | ၂-၉-၂၀၁၇ | ဘူးသီးတောင် | ပြင်ခေါင် | ရဟတ်ယာဉ် | ၁ | - | ၂ | - | - | - | - | - | - | - | - | - | - | - | |
| ၉ | ၂-၉-၂၀၁၈ | မောင်တော | ရန်အောင်ပြင် | ရဟတ်ယာဉ် | ၂၅ | ၅၀ | ၂ | ၈ | - | - | - | - | - | - | - | ၁ | ၁ | ၁ | |
| ၁၀ | ၂-၉-၂၀၁၇ | မောင်တော | မင်းကြီးကျေးရွာ | ရဟတ်ယာဉ် | ၂၀ | ၄၈ | ၂ | ၈ | - | - | - | - | - | - | - | ၁ | ၁ | ၁ | |
| ၁၁ | ၃-၉-၂၀၁၇ | မောင်တော | ရွက်ညိုတောင် | ရဟတ်ယာဉ် | ၃၀ | ၄၈ | ၂ | | - | - | - | - | - | ၂ | - | ၁ | ၁ | ၁ | |
| ၁၂ | ၃-၉-၂၀၁၇ | မောင်တော | တမန်းသား | ရဟတ်ယာဉ် | ၂၀ | ၅၀ | ၂ | ၅ | ၂ | ၁ | ၁ | ၁ | - | - | - | ၁ | ၁ | ၁ | |
| ၁၃ | ၃-၉-၂၀၁၇ | မောင်တော | လေဟင်းဒို | ရဟတ်ယာဉ် | ၂၀ | ၅၀ | ၂ | ၅ | ၂ | ၂ | ၁ | ၁ | - | - | - | ၁ | ၁ | ၁ | |
| | | | စုစုပေါင်း | | ၃၀၁ | ၅၉၂ | ၂၅ | ၆၈ | ၄ | ၆ | ၅ | ၅ | | ၆ | ၂ | ၈ | ၆ | ၆ | |

မောင်တောဒေသအကြမ်းဖက်ဖြစ်စဉ်ကြောင့်
တိုင်းရင်းသားများ နေရပ်စွန့်ခွာရသူများစာရင်းချုပ်
(မြို့ပေါ်+စုရပ်ကျေးရွာ)

၄-၉-၂၀၁၇ ရက်နေ့ထိ

| စဉ် | မြို့နယ် | အထစ | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | ဘူးသီးတောင် | ၁၉၅၇ | ၃၃၆၃ | ၄၄၄၃ | ၇၈၀၆ | |
| ၂ | မောင်တော | ၂၈၂၄ | ၆၄၀၃ | ၇၈၅၀ | ၁၄၂၅၃ | |
| ၃ | ရသေ့တောင် | ၂၂၆ | ၂၇၈ | ၅၈၆ | ၈၆၄ | |
| ၄ | ပုဏ္ဏားကျွန်း | ၂၆ | ၄၂ | ၅၈ | ၁၀၀ | မောင်တောဒေသမှ ပြောင်းရွှေ့လာခြင်း ဖြစ်ပါသည်။ |
| ၅ | စစ်တွေ | ၉၂၆ | ၁၂၈၂ | ၁၇၁၆ | ၂၉၉၈ | |
| ၆ | ကျောက်တော် | ၁၄၇ | ၂၀၈ | ၃၅၀ | ၅၅၈ | |
| ၇ | မင်းပြား | ၃၇ | ၄၆ | ၇၂ | ၁၁၈ | |
| ၈ | မြောက်ဦး | ၁၅ | ၁၉ | ၃၁ | ၅၀ | |
| | ပြည်နယ်ချုပ် | ၆၁၅၈ | ၁၁၆၄၁ | ၁၅၁၀၆ | ၂၆၇၄၇ | |

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့. (၄-၉-၂၀၁၇)

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာရသူများအတွက်
ပြင်ပအလှူရှင်များမှ ထောက်ပံ့ပေးမှုအခြေအနေ

| စဉ် | ရက်စွဲ | ငွေသား (ကျပ်) | ဆန် (အိတ်) | စားသုံးဆီ 1 (L) ဗူး | ငါးသေတ္တာ (ဗူး) | T-ရှပ် (ဗာ) | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၃၁-၈-၁၇ အထိ | ၅၄၈၄၆၀၀၀ | - | - | - | - | - |
| ၂ | ၁-၉-၂၀၁၇ | - | ၁၄၆ | ၁၄၄ | ၆၀၀ | - | - |
| ၃ | ၂-၉-၂၀၁၇ | - | ၈၅ | ၁၀၈ | ၄၀၀ | - | - |
| ၄ | ၃-၉-၂၀၁၇ | - | ၁၀၀ | ၃၃၅ | ၇၀၀ | ၁ | - |
| | စုစုပေါင်း | ၅၄၈၄၆၀၀၀ | ၃၃၁ | ၅၈၇ | ၁၇၀၀ | ၁ | |

Source: ရခိုင်ပြည်နယ်အစိုးရအဖွဲ့. (၄-၉-၂၀၁၇)

မောင်တောဒေသအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းပေးအပ်သော ပစ္စည်းစာရင်း

(၄-၉-၂၀၁၇)

| စဉ် | အဖွဲ့အစည်း | နေ့ရက် | ထောက်ပံ့မှုများ | | | | | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဆန် (အိတ်) | ဆီ (ပိဿာ) | ငါးသေတ္တာ (ဗူး) | အဝတ်အထည် (ထုပ်) | ဆေး (ခု) | စားတုန် (ဗာ) | ဆိုလာမီး (ဗာ) | တောဘီနှင့် တွေတာ (ဗာ) | ဆပ်ပြာ (ဗာ) | ခေါက်ဆွဲ (ဗာ) | ဓါတ်မီး (ဗာ) | |
| ၁ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | ၃၁-၈-၂၀၁၇ | ၈၀၀ | ၆၀၀ | ၁၀၀၀ | - | - | - | - | - | - | - | - | |
| ၂ | ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း | ၃၁-၈-၂၀၁၇ | ၃၀၀ | ၂၅၂ | - | - | - | - | - | - | - | - | - | |
| ၃ | နှင်းသီရိကုမ္ပဏီ | ၃၁-၈-၂၀၁၇ | ၆၀ | - | - | - | - | - | - | - | - | - | - | |
| ၄ | သတ္တိစွမ်းအားကုမ္ပဏီ | ၃၁-၈-၂၀၁၇ | ၃၀ | - | - | - | - | - | - | - | - | - | - | |
| ၅ | ယဉ်ဆန်းအားကစားပစ္စည်း အရောင်းဆိုင် | ၃၁-၈-၂၀၁၇ | - | - | - | ၁ | - | - | - | - | - | - | - | |
| ၆ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | ၁-၉-၂၀၁၇ | ၁၂၀ | - | - | - | - | - | - | - | - | - | - | |
| ၇ | ဒေါ်သူဇာ၊ တာချီလိတ်မြို့ | ၁-၉-၂၀၁၇ | ၄၀၀ | ၉၀၀ | - | - | - | - | - | - | - | - | - | |
| ၈ | နှင်းသီရိကုမ္ပဏီ | ၁-၉-၂၀၁၇ | ၄၀ | - | - | - | - | - | - | - | - | - | - | |
| ၉ | သတ္တိစွမ်းအားကုမ္ပဏီ | ၁-၉-၂၀၁၇ | ၂၀ | - | - | - | - | - | - | - | - | - | - | |
| ၁၀ | အာရှစည်မြေကုမ္ပဏီလီမိတက် | ၁-၉-၂၀၁၇ | ၅၀ | - | - | - | - | - | - | - | - | - | - | |
| ၁၁ | ဘုန်းမြင့်မြတ်ကုမ္ပဏီ | ၂-၉-၂၀၁၇ | ၅၀ | - | - | - | - | - | - | - | - | - | - | |
| ၁၂ | Plan အဖွဲ့အစည်း | ၂-၉-၂၀၁၇ | ၄ | - | - | - | ၅ | ၁၅၃ | - | - | - | - | - | |
| ၁၃ | ဝိသခါအဖွဲ့ | ၂-၉-၂၀၁၇ | ၁၀ | ၂၄၁ | ၂၀၀၀ | ၁၃ | - | ၂ | ၁၃ | ၃၀ | ၂၇ | ၁၁ | ၁ | |
| ၁၄ | စိမ့်စမ်းစိုကုမ္ပဏီ | ၄-၉-၂၀၁၇ | ၅၀ | - | - | - | - | - | - | - | - | - | - | |
| ၁၅ | ကောင်းကင်ချမ်းသာကုမ္ပဏီ | ၄-၉-၂၀၁၇ | ၅၀ | - | - | - | - | - | - | - | - | - | - | |
| ၁၆ | မင်းသန့်ကုမ္ပဏီ | ၄-၉-၂၀၁၇ | ၅၀ | - | - | - | - | - | - | - | - | - | - | |
| | စုစုပေါင်း | | ၂၀၃၄ | ၁၉၉၃ | ၃၀၀၀ | ၁၄ | ၅ | ၁၅၅ | ၁၃ | ၃၀ | ၂၇ | ၁၁ | ၁ | |

# ပေ ၃၀၀ ခန့်ရှိချောက်ထဲသို့ လိုက်ထရပ်ယာဉ် ထိုးကျရာမှာ တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ



**နေပြည်တော် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်တံခါးကျေးရွာ အနောက်ဘက် ပုံတောင်နတ်ထိပ် ကားလမ်းအဆင်း၌ စက်တင်ဘာ ၃ ရက် ည ၁၁ နာရီတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ ပေါက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ကျီးရွာမှ ပေါက်မြို့သို့ မြိုင်မြို့နယ် ကံသစ်ကျေးရွာနေ တောက်ထိန်(၃၀)နှစ် မောင်းနှင်လာသည့် 6E/---- လိုက်ထရပ်ယာဉ်သည် မိုင်တိုင်အမှတ် (၆၂/၃-၄)ကြားအရောက် ကားလမ်းဝဲဘက်ရှိ ပေ ၃၀၀ ခန့်ရှိ ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါသူ ပခုက္ကူမြို့နယ် ကံကြီးကျေးရွာနေ ဖိုးငွေး(၄၂)နှစ်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာနေ ဟန်ထွန်း(၄၂)နှစ်ပါ ငါးဦးတို့သည် ဒဏ်ရာအသီးသီး ရရှိခဲ့သောကြောင့် ယာဉ်မောင်း တောက်ထိန်အား ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။**(ရဲပြန်ကြား)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၇ စီး၊ သွင်းကုန် ၃၉၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၄၂၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၀၀၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၄၃၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။



ထူးခြားသိမ်းဆည်းမှုအနေဖြင့် စက်တင်ဘာ ၄ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ရန်ကုန်သို့သွားရောက်မည့် မန္တလာမင်းမှန်လုံယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Thaunderbot (Core i7, 8GB) 1 Unit နှင့် Dell (Core i3, 4GB) 5 Unit (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၀၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# တပ်မတော်(လေ)မှ G-4 ဂျက်လေယာဉ်တစ်စင်း ပျံသန်းလေ့ကျင့်စဉ် ပျောက်ဆုံးခဲ့သဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

တပ်မတော်(လေ)မှ G - 4 ဂျက်လေယာဉ်တစ်စင်းသည် ပုသိမ်လေဆိပ်မှ ယနေ့နံနက်ပိုင်းတွင် ပျံသန်းလေ့ကျင့်စဉ် ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တပ်မတော်(လေ)မှ လေ့ကျင့်ပျံသန်းရေး G-4 ဂျက်လေယာဉ် သုံးစင်းသည် ယနေ့နံနက်ပိုင်းတွင် ပုသိမ်လေဆိပ်မှ စတင်ပျံသန်းပြီး ပုသိမ်-ဟင်္သာတ-ဂွ-ပုသိမ်လမ်းကြောင်းအတိုင်း ပျံသန်းစဉ် နံနက် ၉ နာရီ ၁၈ မိနစ်တွင် ၎င်းလေယာဉ်သုံးစင်းအနက်မှ လေယာဉ်မှူး ဗိုလ်မှူးကောင်းထိုက် မောင်းနှင်သည့် G-4 ဂျက်လေယာဉ်တစ်စင်းသည် ပုသိမ်မြို့၏ အနောက်မြောက်ဘက် ၃၅၀ ဒီဂရီနှင့် အကွာအဝေး ၃၆ မိုင်ခန့်၌ ပုသိမ်လေဆိပ်နှင့် နောက်ဆုံးအဆက်အသွယ်ရရှိပြီးနောက်ပိုင်း ပျောက်ဆုံးလျက်ရှိသဖြင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များနှင့် မြေပြင်တပ်များ ပူးပေါင်း၍ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုက်ကြီးတွင် မီးရထားလာစဉ် လမ်းဖြတ်ကူးသူ ရထားစက်ခေါင်းနှင့်တိုက်မိ

**တိုက်ကြီး စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာဂွကျေးရွာအုပ်စု တိုက်ကြီးကုန်းကျေးရွာအနီး တိုက်ကြီး-ဖောင်ကြီး ပဲခူးကားလမ်းနှင့် ရန်ကုန်-ပြည်မီးရထားလမ်းဆုံ ရထားလမ်းမိုင်တိုင်အမှတ်(၃၉/၂၀-၂၁)အနီး တံတားအမှတ်(၁၀၇) မီးရထားသံလမ်းပေါ်တွင် ဩဂုတ် ၄ ရက် ညနေပိုင်းက လမ်းဖြတ်ကူးသူတစ်ဦး မီးရထားစက်ခေါင်းနှင့် တိုက်မိမှုဖြစ်ပွားခဲ့သည်။

သာရဝေါဘက်မှ ကြည့်မြင်တိုင်ဘက်သို့ မောင်းနှင်လာသော သာရဝေါ-ကြည့်မြင်တိုင် ၇၀ အစုန်စက်ခေါင်းအမှတ် (DF 1627) ရထားသည် မီးရထားသံလမ်းပေါ်၌ လမ်းဖြတ်ကူးသည့် ဦးသိန်းဇော်(၃၈)နှစ် တိုက်ကြီးကုန်းရွာနေသူအား ရထားစက်ခေါင်းနှင့် တိုက်မိပြီး ဦးသိန်းဇော်တွင် ယာခြေချင်းဝတ်ပြတ်၊ ယာပေါင်၊ ယာခြေသလုံး ကျိုးပေါက်၊ ဝဲလက်ကောက်ဝတ်ကျိုးဒဏ်ရာများ ရရှိခဲ့၍ တိုက်ကြီးဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ဂွမြို့တွင် တရားမဝင်သစ်ခွဲသားများ သိမ်းဆည်းရမိ

**ဂွ စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် ဂွမြို့ ဒေါင့်ချောင်းကျေးရွာအုပ်စု၌ စက်တင်ဘာ ၃ ရက် ညနေပိုင်းက ပိုင်ရှင်မဲ့ တရားမဝင်သစ်ခွဲသားများကို သိမ်းဆည်းရမိခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လင်း ဦးဆောင်သောအဖွဲ့သည် ဒေါင့်ချောင်းကျေးရွာအုပ်စု ကွင်းကြီးကမ်းနားကျေးရွာ(၁၁)မိုင် လိပ်ပုပ်ချောင်းတွင် တရားမဝင်သစ်တောင်သရက်ခွဲသား အချောင်း ၆၀၊ (၁၁)မိုင်(မထွေးချောင်း)တွင် ခွဲသား ၈၆ ချောင်း၊ (၁၂) မိုင်(မရမ်းချောင်း)တွင် သစ်ခွဲသားအချောင်း ၄၀၊ (၁၃) မိုင်(လမ်းပေါက်)တွင် ခွဲသား ၃၉ ချောင်း၊ (၁၆)မိုင်(ကျောက်လမ်းပေါက်)တွင် ခွဲသား ၃၄ ချောင်း၊ (၁၅) မိုင်(ကားလမ်းဘေး)တွင် ခွဲသား ငါးချောင်း စုစုပေါင်းတရားမဝင်သစ်ခွဲသား ၂၆၄ ချောင်းကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်သစ်ခွဲသားများကို မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သစ်အမျိုးအစားခွဲခြားခြင်း၊ တိုင်းတာခြင်း၊ သစ်တန်တွက်ချက်ခြင်း၊ ဒေသပေါက်ဈေးများတွက်ချက်ခြင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ကြီးတံခွန်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားဝင်းအနီး (၇၈)လမ်းရှိ လက်ဖက်ရည်ဆိုင်တွင် ဖုန်းမြင့်၊ ကျော်ဖုန်းကိုနှင့် မင်းမင်းသန့်တို့ သုံးဦးအားရှာဖွေရာ ဖုန်းမြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၅ ပြား၊ ဘိန်းဖြူ သုည ဒသမ ၄ ဂရမ်၊ ငွေကျပ် ၁၀ သိန်းနှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့ အဝင် တိုးဂိတ်အနီး၌ ခရီးသည်တင်မော်တော်ယာဉ်အား ရှာဖွေရာ ခရီးသည်အောင်ဇင်လတ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၃ ရက်က တပ်မတော်သားများသည် မိုးမိတ်မြို့နယ် မိုးမိတ်-မိုးကုတ် ကားလမ်း တပ်ရင်းဂိတ်ရှေ့၌ ကျော်ဝင်းမောင်းနှင်လာသည့် မော်တော်ယာဉ်အားရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ ခွက် (အလေးချိန် သုည ဒသမ ၂၂ ကီလို)တွေ့ရှိ၍ စစ်ဆေးရာ ကိုကိုနိုင်က ဘိန်းဖြူများကို မိုးကုတ်မြို့ ချမ်းသာအောင်ကားဂိတ်၌ ပေးအပ်လိုက်ပြီး နောက်မှလိုက်လာကြောင်း၊ ကိုကိုနိုင်အား ထပ်မံဖမ်းဆီးကာ မိုးမိတ်မြို့မရဲစခန်းသို့ လာရောက်အပ်နှံခဲ့ကြောင်း၊ ကိုကိုနိုင်၏ကွင်းဆက်ဖော်ထုတ်ချက်အရ သန့်ဇင်(ခ)ခန့်ဝင်းက လားရှိုးမြို့ ချမ်းသာအောင်ကားဂိတ်၌ ဘိန်းဖြူများကို ၎င်းအားပေးအပ်လိုက်ပြီး မိုးမိတ်မြို့ ချမ်းသာအောင်ကားဂိတ်တွင် ပြန်လည်လက်ခံရယူရန် ရောက်ရှိနေကြောင်း သိရ၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပျောက်ဆုံးကလေးငယ်နှစ်ဦးအား မိဘထံသို့ ပြန်လည်အပ်နှံ

**ညောင်လေးပင် စက်တင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၂)ရပ်ကွက်တွင် စက်တင်ဘာ ၄ ရက် နံနက် ၄ နာရီခွဲခန့်က ကလေးငယ်နှစ်ဦး ပျောက်ဆုံးခဲ့ရာ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးစားဆောင်ရွက်မှုကြောင့် ပြန်လည်တွေ့ရှိပြီး ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မိဘများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက် အုတ်ဖိုတိုးချဲ့လမ်းနေ ဦးထွန်းရွှေ-ဒေါ်ဝင်းမိုးတို့၏သားများဖြစ်ကြသော မောင်ဝင်းဗိုလ်အသက်(၉)နှစ် ဒုတိယတန်းကျောင်းသားနှင့် မောင်ထွန်းဝင်း အသက်(၇)နှစ် ပထမတန်းကျောင်းသားတို့သည် စက်တင်ဘာ ၄ ရက် နံနက် ၄ နာရီခွဲခန့်တွင် နေအိမ်မှ စက်ဘီးဖြင့်ထွက်သွားပြီး ပျောက်ဆုံးခဲ့သဖြင့် ညောင်လေးပင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်းသိရသည်။

ညောင်လေးပင်မြို့မရဲစခန်းက လူပျောက်အမှတ်စဉ်(၂/၂၀၁၇)ဖြင့်အမှုဖွင့်၍ စုံစမ်းရှာဖွေခဲ့ရာ စက်တင်ဘာ ၄ ရက် ည ၁၂ နာရီခန့်တွင် ရန်ကုန်မြို့ အင်းစိန်ဘူတာ၌ ရောက်ရှိနေကြောင်း မီးရထားရဲတပ်ဖွဲ့၏ သတင်းပေးပို့လာမှုကြောင့် ကလေးငယ်များအား ပြန်လည်တွေ့ရှိပြီး တာဝန်ရှိသူများက မိဘများ နှင့်အတူ သွားရောက်ခေါ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# စက်တင်ဘာလမှာ မန်ယူအတွက် အခက်ခဲဆုံးဖြစ်လာမည်ဟု မန်ယူအသင်းဖော်များကို မာတာ သတိပေး

မန်ယူအသင်းမှာ ဩဂုတ်လအတွင်း ကစားခဲ့တဲ့ ပွဲစဉ် သုံးပွဲစလုံးအနိုင်ရရှိပြီး ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေသော်လည်း ခက်ခဲတဲ့ စက်တင်ဘာစမ်းသပ်ပွဲကို ကျော်ဖြတ်ရန် ရှိနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း မန်ယူကွင်းလယ်လူ မာတာက မန်ယူအသင်းဖော်များကို သတိပေးလိုက်ပြီဖြစ်သည်။ မာတာက မန်ယူအသင်းမှာ စက်တင်ဘာလ အတွင်း ၂၂ ရက်၌ ပွဲစဉ် ခုနစ်ပွဲ ကစားရဖို့ ရှိနေတာကြောင့် ပိုခက်ခဲတဲ့ကာလကို ဖြတ်ကျော်ရဖို့ ရှိနေတာဖြစ်ကြောင်း သတိပေးခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းတည်ငြိမ်နေပြီး သုံးပွဲကစား သုံးပွဲလုံးအနိုင်ရရှိထားသလို ပေးဂိုး တစ်ဂိုးမျှလည်း ပေးရခြင်းမရှိသေးပေ။ ထို့ကြောင့် ကမ္ဘာ့မီဒီယာများက မန်ယူအတွက် မော်ရင်ဟိုရဲ့ ဒုတိယရာသီလာပြီဖြစ်ကြောင်း အမွှမ်းတင်ရေးသားနေချိန်တွင် မာတာက ယခုကဲ့သို့ ဆိုခဲ့ခြင်းဖြစ်သည်။

မာတာက “ပရီမီယာလိဂ်ဟာ ဘောလုံးမာရသွန်ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ယခုနှစ်အစ ကောင်းခဲ့ပါတယ်။ ဒီအဆင့်တစ်ရပ်ကို ထိန်းထားဖို့အပြင် ကျန်တဲ့ပြိုင်ပွဲတွေများစွာမှာလည်း ဒီအတိုင်း ဆက်ယှဉ်ပြိုင်နိုင်ဖို့ လိုအပ်ပါတယ်”ဟု ဆိုခဲ့သည်။

ထို့ပြင် မာတာက ယခုရက်သတ္တပတ်တွင် ပရီမီယာလိဂ်ပြိုင်ပွဲ ပြန်စတင်မည်ဖြစ်ပြီး စစချင်း စတုတ်နှင့် ကစားရမည်ဖြစ်သဖြင့် စတုတ်မှာ မန်ယူအတွက် အမြဲအခက်တွေ့လေ့ရှိကြောင်းလည်း ဆိုခဲ့သည်။ မာတာက ၂၂ ရက်အတွင်း ခုနစ်ပွဲကစားရခြင်းကြောင့် သုံးရက် တစ်ပွဲ ကစားရမည့်အခြေအနေဖြစ်ရာ အသင်းသားအားလုံး ခြေစွမ်းတည်ငြိမ်ရေးကို ထိန်းသိမ်းရန်လိုကြောင်း သတိပေးခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်ယှဉ်ပြိုင်မည့် ၂၅ ဦး စာရင်းတွင် တိုက်စစ်မှူး အီဗရာဟီမိုဗစ်၏ အမည်ကိုလည်း ထည့်သွင်းထားသည်။

**စက်တင်ဘာလအတွင်း မန်ယူအသင်းကစားရမည့် ပွဲစဉ်များ**

| | |
|---|---|
| စက်တင်ဘာ ၉ ရက် စတုတ်စီးတီး( အဝေးကွင်း) | - ပရီမီယာလိဂ် |
| စက်တင်ဘာ ၁၂ ရက် ဘေဆယ်လ်(အိမ်ကွင်း) | - ချန်ပီယံလိဂ် |
| စက်တင်ဘာ ၁၇ ရက် အဲဗာတန်(အိမ်ကွင်း ) | - ပရီမီယာလိဂ် |
| စက်တင်ဘာ ၂၀ ရက် - ဘာတန်(အိမ်ကွင်း) | - ကာရာဘာရို |
| စက်တင်ဘာ ၂၃ ရက် - ဆောက်သမ်တန်(အဝေးကွင်း) | - ပရီမီယာလိဂ် |
| စက်တင်ဘာ၂၇ ရက် - စီအက်စ်ကေအေမော်စကို( အဝေး) | - ချန်ပီယံလိဂ် |
| စက်တင်ဘာ ၃၀ ရက် - ခရစ္စတယ်ပဲလေ့စ်( အဝေး) | - ပရီမီယာလိဂ် |

## ယူအက်စ်အိုးပင်းကွာတားဖိုင်နယ်တွင် ဒယ်ပေါ်ထရိုနှင့် ဖက်ဒဲရာတို့ တွေ့ဆုံမည်



အာဂျင်တီးနားတင်းနစ်အကျော်အမော် ဒယ်ပေါ်ထရိုက ကမ္ဘာ့အဆင့်(၆)ရှိ သီယမ်ကို အနိုင်ကစားနိုင်ခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်မှာ ယခင်က ပြိုင်ဘက်ဟောင်းဖြစ်ခဲ့သူ ဖက်ဒဲရာနှင့် တွေ့ဆုံရင်ဆိုင်ရတော့မည်ဖြစ်သည်။ ဒယ်ပေါ်ထရိုမှာ ဒဏ်ရာပြဿနာများကြောင့် ပြိုင်ပွဲကြီးအချို့ကို လွဲချော်ခဲ့ပြီး ကမ္ဘာ့အဆင့်( ၂၄)အထိ ကျဆင်းနေသော်လည်း သီယမ်ကို ၁-၆၊ ၂-၆၊ ၆-၁၊ ၇-၆( ၇-၁)၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင်လည်း ဖျားနာနေသဖြင့် ဆေးဝါးအကူအညီဖြင့် ယှဉ်ပြိုင်ခဲ့ရသော်လည်း ၃ နာရီ ၃၅ မိနစ်အကြာ ယှဉ်ပြိုင်ပြီးနောက် သီယမ်ကို ခက်ခက်ခဲခဲ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်ထရိုနှင့် တွေ့ဆုံမည့် ဖက်ဒဲရာမှာလည်း နောက်ကျောဒဏ်ရာ ရှိနေသော်လည်း ဂျာမန်တင်းနစ်ကစားသမား ဖိလစ်ကိုရှရိုက်ဘာကို ၆-၄၊ ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိအောင် ကစားသွားခဲ့ခြင်းဖြစ်သည်။ ဒယ်ပေါ်ထရိုက ယူအက်စ်အိုးပင်းမှာ သူအကြိုက်နှစ်သက်ဆုံး ပြိုင်ပွဲဖြစ်ပြီး ဒီနေရာတွင် မှတ်တမ်းသစ်ရေးထိုးရန် ပြန်လာခဲ့ခြင်းဖြစ်ကြောင်း ကြွေးကြော်သွားခဲ့သည်။

## ဘေးလ်ကို လာမည့်နွေစျေးကွက်တွင် မန်ယူသို့ ရီးယဲလ်ရောင်းချဖွယ်ရှိ

ရီးယဲလ်အသင်းနည်းပြ ဇီဒန်းက ရီးယဲလ်တွင် အစ္စကို၊ အဆန်စီယိုတို့လို လူငယ်ကစားသမားများ အမြင့်ဆုံးခြေစွမ်းရောက်ရှိလာပြီဖြစ်သဖြင့် နာမည်ကျော် ကစားသမားအချို့ကို လာမည့်နွေစျေးကွက်အတွင်း ပြန်လည်ထုတ်ရောင်းရန်ရှိနေရာ ဂါရတ်ဘေးလ်မှာ ရီးယဲလ်မှ ရောင်းချခံရမည့်စာရင်း ထိပ်ဆုံးနေရာတွင်ရှိသူဖြစ်ကြောင်း မေရာအွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ မန်ယူနည်းပြ မော်ရင်ဟိုက ဂါရတ်ဘေးလ်ကို ယခုနှစ်နွေစျေးကွက်အတွင်း ဝယ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း ရီးယဲလ်က လာမည့်နွေရောက်မှ မန်ယူနှင့် အပြောင်းအရွှေ့စကားပြောကြမည်ဟု အကြောင်းပြန်ထားခြင်းဖြစ်သည်။

ဇီဒန်းက ရီးယဲလ်၏ လက်ရှိလူစာရင်းမှာ အတောင့်တင်းဆုံးအခြေအနေရှိနေဆဲဟု ယူဆပြီး အားဖြည့်လျှင်လည်း နောက်တန်းနေရာအတွက်သာ အားဖြည့်ရန် စိတ်ကူးရှိနေကြောင်းလည်း အဆိုပါသတင်းဌာနကပင် ဆက်လက်ဖော်ပြသည်။ ရီးယဲလ်သည် ယခုနှစ်နွေစျေးကွက်အတွင်း ပီပီ၊ ကွန်ထရာအိုတို့အပါအဝင် နောက်ခံလူအများအပြားကို အသင်းမှ ထွက်ခွာခွင့်ပေးခဲ့သည်။

**မေလှဲ့သင်း - ရေးသားသည်**

# ဒယ်လီအယ်လီက လက်ခလယ်ထောင်ပြခြင်းမှာ ဝေါ်ကာကိုသာ ဆက်သွယ်ခြင်းဟု ပြောင်ငြင်း



အင်္ဂလန်က ဆလိုဗက်ကီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် အင်္ဂလန် ကွင်းလယ်လူ ဒယ်လီအယ်လီက ပွဲချိန် ၇၇ မိနစ်တွင် လက်ခလယ်ထောင်ပြခဲ့သည်ကို ရုပ်သံပြကွက်များက အမိအရ ရိုက်ကူးနိုင်ခဲ့သည်။ အယ်လီက ဒိုင်ဖြစ်သူကိုရည်ရွယ် လက်ခလယ်ထောင်ပြခဲ့ခြင်း မဟုတ်ကြောင်းကို ငြင်းဆိုခဲ့သော်လည်း အချို့မီဒီယာများက လီဗာပူး ကစားသမားဟောင်း စကာတယ်ကိုရည်ရွယ်ပြီး လုပ်ဆောင်ခဲ့သည်ဟူသော စွပ်စွဲမှုများလည်း ရှိနေသည်။

အယ်လီက တွစ်တာစာမျက်နှာပေါ်တွင် “ကျွန်တော့်အနေနဲ့ ရှင်းလင်းလိုပါတယ်။ ဒါက ကျွန်တော်နဲ့သူငယ်ချင်း ဝေါ်ကာတို့ကြား ရယ်စရာအဖြစ် ဆက်သွယ်လေ့ရှိတဲ့ အပြုအမူပါ။ ဒီအတွက် တစ်စုံတစ်ရာဖြစ်ခဲ့တယ်ဆိုရင် တောင်းပန်ပါတယ်”ဟု ရှင်းလင်းရေးသားခဲ့သည်။

အယ်လီနှင့် ဝေါ်ကာတို့မှာ စပါးအသင်းတွင် တွဲဖက်ကစားခဲ့သူများဖြစ်ပြီး သူတို့နှစ်ဦးကြား ရင်းနှီးသည့် ဆက်ဆံရေးက ယင်းသို့သော ထူးဆန်းသည့် ဆက်သွယ်မှုရှိကြောင်းလည်း အင်္ဂလန်နည်းပြ ဆောက်ဂိတ်က ကာကွယ်ပြောကြားပေးခဲ့သည်။ ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင်လည်း ဆောက်ဂိတ်က “အယ်လီနဲ့ ဝေါ်ကာကြားမှာ ဒါမျိုးပုံစံတွေရှိပြီး အယ်လီက ဝေါ်ကာကို ဆက်သွယ်ခဲ့တာသာဖြစ်ပါတယ်။ သူတို့မှာ ဒီလို ထူးဆန်းတဲ့ ဆက်သွယ်မှုမျိုးရှိပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအဖြစ်အပျက်သည် အယ်လီကို စကာတယ်က ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သော်လည်း ဒိုင်ဖြစ်သူ ကလီမန့်တာပင်က အလွတ်တည်ကန်ဘော သတ်မှတ်ပေးရန် ငြင်းဆန်အပြီးတွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဆောက်ဂိတ်က သူကိုယ်တိုင် ယင်းဖြစ်ရပ်ကို သေချာတွေ့ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ အင်္ဂလန်ကစားသမားဟောင်း အီယန်ရိုက်ကမူ အယ်လီအနေဖြင့် မိမိဘာလုပ်နေသည်ကို စဉ်းစားရမည်ဖြစ်ကြောင်း ဝေဖန်စကားဆိုခဲ့သည်။ အယ်လီအနေဖြင့် မည်သို့ပင် ငြင်းဆန်သည်ဖြစ်စေ ယူအီးအက်ဖ်အေ၏ စွဲချက်တင်ခံရရန်ရှိနေပြီဖြစ်သည်။

### ဘာစီလိုနာဆီ ထွက်ခွာခွင့်ရဖို့ လီဗာပူးအတွက်ကစားရန် ငြင်းဆိုဖွယ်ရှိနေသေးတဲ့ ကော်တင်ဟို

ဘရာဇီးကွင်းလယ်နဲ့ တောင်ပံတိုက်စစ်နေရာစုံတွင်ကစားနိုင်တဲ့ ကော်တင်ဟိုဟာ အပြောင်းအရွှေ့နောက်ဆုံးရက်မှာ သူမျှော်လင့်တဲ့အတိုင်း ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ခွင့်မရတာကြောင့် လီဗာပူးအတွက် ပွဲစဉ်တွေ ဝင်ရောက်ကစားဖို့ ငြင်းဆိုနိုင်ခြေရှိတယ်လို့ သိရပါတယ်။

ကော်တင်ဟိုဟာ ယခုနှစ်ရာသီစကတည်းက ဖျားနာနေတာနဲ့ နောက်ကျောဒဏ်ရာ ရှိနေတယ်ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ လီဗာပူးအတွက် တစ်ပွဲမှ ဝင်ရောက်ယှဉ်ပြိုင်ပေးထားခြင်းမရှိပေမယ့် မိခင်နိုင်ငံအသင်း ဘရာဇီးအတွက်တော့ ဝင်ရောက်ကစားပေးခဲ့တာကို ကြည့်ရင် ကော်တင်ဟို လီဗာပူးအတွက် ကစားပေးဖို့ဆက်လက်ငြင်းဆိုနိုင်ဖွယ်ရှိကြောင်း ဂျိုးဂိုးမက်ဇ်က ခန့်မှန်းခဲ့တာဖြစ်ပါတယ်။

## မြန်မာနိုင်ငံအစုစပ်လုပ်ငန်းဥပဒေသစ်နှင့်ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်း

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသော အစုစပ်လုပ်ငန်း အက်ဥပဒေ [The Partnership Act (India Act 9,1932, Vol.IX)]အား ပိုမိုခေတ်မီကောင်းမွန်စေရန်အတွက် မြန်မာဘာသာဖြင့် ပြင်ဆင်ရေးဆွဲထားသည့် မြန်မာနိုင်ငံ အစုစပ်လုပ်ငန်း ဥပဒေ(မူကြမ်း)အား ဤဦးစီးဌာန၏ Websiteဖြစ်သော www.dica.gov.mmတွင်လေ့လာဖတ်ရှုနိုင်ပါသည်။ အဆိုပါမြန်မာနိုင်ငံအစုစပ်လုပ်ငန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အကြံပြုလို သည်များရှိပါက lawreform.dica.mm@gmail.com သို့ဖြစ်စေ၊ core.gov.mm@gmail.comသို့ဖြစ်စေ၊ ဤဦးစီးဌာန Fax-01-658135 သို့ ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ပေးပို့အကြံပြုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ကုက္ကိုင်းရေကူးအသင်း
(တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်(၃၄)ရှိ ကုက္ကိုင်းရေကူးအသင်း နံနက်စာစားသောက်ဆိုင်ကောင်တာအတွက် တင်ဒါဆွဲဝယ်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် အသင်းရုံးနှင့် ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံ ရောင်းချမည့်ရက် | - ၆. ၉. ၂၀၁၇ |
| တင်ဒါပိတ်မည့်ရက် | - ၁၆. ၉. ၂၀၁၇ |
| တင်ဒါပိတ်မည့်အချိန် | - ညနေ (၄)နာရီ |

ဖုန်း-၀၁-၄၀၁၄၆၇၊ ၀၁-၅၄၂၇၄၉၊ ၀၉-၇၃၂၂၄၀၅၉၊ ၀၉-၄၅၀၆၉၈၁၈၂

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း

### အမည်မှန်
လိပ်သိုမြို့ အထက ဒသမတန်း(က)မှ နော်မူဆေဝါး၏ဖခင် ဦးစောပိုးလို [၃/သတန(နိုင်)၀၂၅၅၂၃] မှာ အမည်မှန်ဖြစ်ပါကြောင်း။
**ဦးစောပိုးလို**

### အမည်မှန်
လိပ်သိုမြို့ အထက ဒသမတန်း(က)မှ နော်ချိုမိုးမို၏ဖခင် စောအာဘဲတို [၃/သတန(နိုင်)၀၁၆၀၇၇] မှာ အမည်မှန်ဖြစ်ပါကြောင်း။
**စောအာဘဲတို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရေကြည်မြို့နယ်၊ ကညင်ငူကျေးရွာအုပ်စု ကညင်ငူကျေးရွာနေ အဖ ဦးကြာအေး၏သား [၁၄/ရကန(နိုင်)၀၈၀၅၄၆] ဦးဝတိုနှင့် ဦးမင်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါသည်။
**ဦးဝတို(ခ)ဦးမင်းနိုင်**

### အမည်ပြောင်းနှင့်ဖခင်အမည်မှန်
ထ(၅)၊ မ/ဥ×(C) မှ မောင်မောင်ဇော်အား မောင်အောင်ဇော်လင်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးသိန်းစိုး [၁၃/နဆန(နိုင်)၀၂၉၇၁၃] ဖြစ်ပါကြောင်း။

### အမည်ပြောင်းနှင့် ဖခင်အမည်မှန်
ထ(၅)၊ မ/ဥ×(D) မှ မောင်ခွန်မောင်စီအား မောင်ခွန်မောင်သိန်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးလိုင် (၁၃/ဆဆန(နိုင်)၀၆၃၅၁၇) ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
လေးမျက်နှာမြို့နယ်၊ အထက မဲဇလီ ဒသမတန်း(B)မှ မဆုအိကျော်၏ဖခင်အမည်မှန်မှာ ဦးမျိုးကျော်သူ [၁၄/ရကန(နိုင်)၁၂၇၅၇၀] ဖြစ်ပါသည်။
**ဦးမျိုးကျော်သူ**




### လူပျောက်ကြော်ငြာခြင်း
လှိုင်သာယာမြို့နယ်၊(၅)ရပ်ကွက်၊ သီရိဇေယျလမ်း၊ အမှတ်(၁၀၅၇/၅၈)နေ အဖဦးထွန်းထွန်းစိုး၏ သမီး မသုသုဝေထွန်း[၁၂/လသယ(နိုင်)၀၇၂၉၀၁]၊ အသက်(၁၉)နှစ်သည် ၄-၉-၂၀၁၇ရက် နံနက် ၅ နာရီခန့်တွင် မုန့်ဟင်းခါးဆိုင်ခင်းနေစဉ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ သတင်းပေးပို့ပေးပါက ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ လက်ခံဖြားယောင်းသွေးဆောင်သူအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **ဖခင် ဦးထွန်းထွန်းစိုး [၁၂/ဒဂန(နိုင်)၀၂၂၅၅၉] ဖုန်း - ၀၉-၂၅၀၃၀၆၃၇၉၊ ၀၉-၉၇၃၈၅၈၉၇၃**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာ၊ အမှတ်(၄၇)၊ တိုက်အမှတ်(L)၊ အခန်းအမှတ်(၂၀၇)အားပိုင်ဆိုင်သူ ဦးအောင်ကြည်[၉/မကန(နိုင်)၀၀၉၁၃၉]နှင့် (သမီး) ဒေါ်အုန်းအုန်းခိုင်[၉/မကန(နိုင်)၀၀၈၈၆၂]ထံမှ ဦးမင်းလွင်[၁/မညန(နိုင်)၀၈၂၀၆၈]နှင့် (သမီး)ဒေါ်ယမင်းလွင်[၁/မညန(နိုင်)၁၁၄၅၉၂]တို့သည် ၉-၁၀-၂၀၀၈ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်၍ အိမ်ရှင်အိမ်ငှားစာချုပ်အသစ်ပြောင်းလဲချုပ်ဆိုမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမင်းလွင်**
**[၁/မညန(နိုင်)၀၈၂၀၆၈]**
**အမှတ်(၄၇)၊ အခန်း(L/၂၀၇)၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၉၁၂၀**

## Star Zone Travels & Tours
### သီတင်းကျွတ်ရုံးပိတ်ရက် ပြည်ပခရီးစဉ်များ

- ဩစတြေးလျ(ဆစ်ဒနီ-မဲလ်ဘုန်း) ခရီးစဉ် ၇ည/၈ရက် 4-11 OCT
- ဂျပန်(နာဂိုယာ-ဖူဂျီ-တိုကျို) ခရီးစဉ် ၆ည/၇ရက် 4-10 OCT
- ကိုရီးယား (ဆိုးလ်-ဂျယ်ဂျူး) ခရီးစဉ် ၆ည/၇ရက် 4-10 OCT
- ထိုင်ဝမ်(ထိုင်ပေ-ထိုင်ကျုံး-ဖွားလရန်)ခရီးစဉ် ၅ည/၆ရက် 4-9 OCT
- စင်ကာပူ ခရီးစဉ် ၃ည/၄ရက် 4-7 OCT
- ဗီယက်နမ်(ဟနွိုင်း-ဟလောင်း-ဟွိုင်းအန်း-ဒါနန်း)၄ည/၅ရက် 4-8 OCT

"သက်သာသောဈေးနှုန်းတွေနဲ့ တန်ဖိုးရှိသောအချိန်တွေပန်တီးဖို့ STAR ZONE နဲ့ အတူခရီးသွားကြစို့"

- ဘာလီ ခရီးစဉ် ၃ည/၄ရက် 4-8 OCT
- ဘန်ကောက်-ပတ္တရား ခရီးစဉ် ၃ည/၄ရက် 4-7 OCT
- ဒူဘိုင်း-အဘူဒါဘီ ခရီးစဉ် ၄ည/၅ရက် 4-8 OCT

ဆက်သွယ်ရန်- 09 795 258910, 09 970 506707, 09 963 596572, 01 230 15 11, 230 15 22

## ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် ခေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့




ရန်ကုန် - သမ္မတ၊သွင်၊ မင်္ဂလာ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ မင်္ဂလာဂမုန်းပွင့် (စံရိပ်ငြိမ်)၊ JCGV (Junction City)၊ JCGV (Mawtin)၊ JCGV (Square)၊ JCGV(စိန်ပွန်း)၊ Red Radiance (လှည်းတန်း)၊ နဝဒေး၊ မဟာမြိုင်၊ ရွှေဗဟိုရ်၊ မြရတနာ၊ ကန်သာယာ(မြောက်ဥက္ကလာ)၊ မြဟံသာ(သန်လျင်)၊ 3D (ရွှေပြည်သာ)၊ PARADISO Cinema (မော်ဘီ)၊ PARADISO Cinema (မုံရွာ)၊ PARADISO Cinema (ဖျာပုံ)၊ PARADISO Cinema (ရွှေဘို)၊ တောင်ငူ - New 3D၊ PARADISO Cinema (ကျောက်ပန်းတောင်း)၊ မန္တလေး - ဝင်းလိုက်၊ မန်းနေပြည်တော်(ဆိုင်းတန်း)၊ ဒိုင်းမွန်ပလာဇာ၊ JCGV၊ မြို့ဂွက်ရောင်၊ မကွေး - မင်္ဂလာစံပြ၊ ပြည် - မင်္ဂလာထွန်းသီရိ၊ ပဲခူး - မင်္ဂလာ ICON၊ ဘားအံ - တက်နေဝင်း၊ ဦးဆောက်ပန်း၊ ပုသိမ် - ရွှေပြည်တော်၊ မြဝတီ - သွန်းရွှေစင်၊ မော်လမြိုင် - JCGV၊ မြိတ် - မြိတ်မင်္ဂလာ၊ တောင်ကြီး - မြသုခ၊ ပြင်ဦးလွင် - Movie Planet၊ ချယ်ရီလွင်၊ ပန်းမော် - စတား၊ ရေနံချောင်း - ရတနာ၊ မိတ္ထီလာ - ဂရင်း၊ ပခုက္ကူ - သီဟ၊ လားရှိုး - သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ တောင်ကြီး - Mega Ace၊ မြစ်ကြီးနား - ဧရာ၊ နေပြည်တော် - အောင်သပြေ၊ ဖေယျာသီရိ၊ JCGV (Junction)

# နှစ်နှစ်ဆက်တိုက် ရေဘေးကြုံတွေ့ခဲ့ရမှုကို ပြန်လည်သုံးသပ်၍ လက်ရှိအခြေအနေအား တုံ့ပြန်ကာကွယ်ရေး အစီအမံများဖြင့် နေ့ညမပြတ် ဆောင်ရွက်ပေးနေ

**သပြေထွန်း**



၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း တာဝ - ပါလှဲ့ - ကုက္ကိုဝတာ(ပါလှဲ့ကျေးရွာအနီး) ချွတ်ယွင်းမှုအားအရေးပေါ်ဆောင်ရွက်ခဲ့ရပုံ။

နှစ်စဉ် ရေဘေးအန္တရာယ် စိုးရိမ်ရလေ့ရှိသော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာခြင်းနှင့် အရေးပေါ်ကာကွယ်မှုများဆောင်ရွက်ခဲ့ရကြောင်း သိရသည်။ ယခုနှစ်(၂၀၁၇၊ဩဂုတ်)တွင် ယခင်နှစ်များကဲ့သို့ ဧရာဝတီမြစ်ရေ သိသိသာသာမြင့်တက်ခဲ့သော်လည်း မည်သည့်အရေးပေါ်ဆောင်ရွက်မှု တစ်စုံတစ်ရာမျှ ဆောင်ရွက်ရခြင်းမရှိဘဲ အေးဆေးတည်ငြိမ်လျက်ရှိသည့်အပေါ် ယခင်နှစ်နှင့် ယခုနှစ်၏ ရေဘေးကြုံတွေ့မှုဆိုင်ရာ နှိုင်းယှဉ်သုံးသပ်ချက်နှင့် ကွာခြားချက် အခြေအနေမှန်ကို ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူများနှင့် ကွင်းဆင်းတွေ့ဆုံခဲ့သည်။

**အပိုင်းလိုက်ပြုပြင်ဆောင်ရွက်ထား**

"ရေကအရင်နှစ်တွေက အရေးပေါ်ဆောင်ရွက်ခဲ့ရတဲ့ ရေမှတ်အထိမတက်တာမဟုတ်ဘူး၊ တက်တယ်။ ဒါဆိုရင် ဘာလို့ အရေးပေါ်မဆောင်ရွက်ရသလဲဆိုတဲ့ မေးခွန်းထုတ်စရာရှိပါတယ်။ အရင်နှစ်တွေက ကျွန်တော်တို့မြို့ရဲ့ Resistance ကမရှိဘူး။ တစ်နည်းပြောရရင် မသေချာဘူးပေါ့ဗျာ။ မသေချာတော့ရေပေါက်၊ တစ်ပေါက်ပေါက်ပေါက်လိုက်မယ်၊ တာတစ်ချက်ကျိုးလိုက်မယ်ဆိုပါစို့။ မြို့အတွက် ကံဆိုးကံကောင်းက ရာခိုင်နှုန်းနဲ့ပြောမယ်ဆိုရင် ငါးဆယ်ငါးဆယ်ပဲ။ အဲဒီအချိန်မှာ (၁၁)လမ်း ကမ်းနားကလည်း ရေကျော်နေပြီ၊ သဲအိတ်ဆင့်နေရပြီ။ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ၊ တန်ဖိုးရှိပစ္စည်းတွေ အချိန်မီ ရွှေ့ပြောင်းနိုင်ဖို့ မကြေညာလို့ကို မဖြစ်တော့ဘူး။ ဒါကြောင့် ကြေညာခဲ့ရတာ။

ဒီနှစ်ကတော့ မိုးမကျခင်ကတည်းက အဓိကလုပ်ရမယ့် မြို့ပတ်တာနဲ့ မြို့နယ်ထဲက တာတမံတွေကို သက်ဆိုင်ရာဌာနက အရေးကြီးတဲ့ အပိုင်းလိုက်ပြုပြင်ဆောင်ရွက်ထားတဲ့အတွက် အန္တရာယ်ရေမှတ်အထက်ကျော်လာခဲ့တာတောင် အခုဆိုရင် ယခင်နှစ်တွေကလိုမဟုတ်ဘဲ အေးအေးဆေးဆေး နေနိုင်တာပါ။ ကျွန်တော်ပြောတဲ့မြို့ရဲ့ Resistance ဆိုတာအဲဒါပဲ။ တာတမံတွေရဲ့ ခိုင်ခံ့မှုပဲ။ ပြည်သူအတွက်လိုအပ်လာရင် ကျွန်တော်တို့က အမြဲအသင့်ရှိနေမှာပါ" ဟု မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးသန့်ဇင်ဝင်း (ဦးစီးအရာရှိ၊ မီးသတ်ဦးစီးဌာန)က ပြောသည်။

**ပြင်ဆင်လို့ရတာတွေလည်းပြင်ဆင်**

ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီအရှေ့ဘက်ကမ်းတာ၊ တာဝ-ပါလှဲ့-ကုက္ကိုဝတာနှင့် ညောင်တုန်းကျွန်းတာဟူ၍ တာတမံ သုံးခု၊ အလျား ၇၇ မိုင်ရှိပြီး စံကင်းကျွန်းအတွင်းရှိ တာဝ-ပါလှဲ့-ကုက္ကိုဝ တာသည် မြစ်ရေကြီးမြင့်မှုဖြစ်စဉ်တိုင်းတွင် နှစ်စဉ်နီးပါး ကွဲအက်နိမ့်ကျခြင်း၊ တာအိတာလျှောခြင်း အများဆုံးဖြစ်ပွားခဲ့သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ အထက်ပါအခြေအနေများနှင့် ပတ်သက်၍ ညောင်တုန်းမြို့သို့ ရေဘေးကာကွယ်ရေးတာဝန်ဖြင့် ခေတ္တရောက်ရှိနေသော ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးကျော်ဇေယျာတင့် (ဦးစီးအရာရှိ) ကလည်း

"ညောင်တုန်းမြို့နယ်မှာ တာတမံအလျား ၇၇ မိုင်ကျော်ရှိတဲ့အထဲက လက်တလော ရေဘေးအတွက်အရေးကြီးတဲ့ အစိတ်အပိုင်းတွေကိုဦးစားပေးအစီအစဉ်အလိုက် အဓိကထား စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီဒေသရဲ့ တာတမံတွေမှာ မူအရရှိရမယ့် ပျမ်းမျှအမြင့် (ရေလွတ်အမြင့်)နဲ့ တာထိပ်ဝအကျယ်၊ အောက်ခြေအကျယ်နဲ့အမြင့်စတဲ့ တာတမံတစ်ခုလုံးရဲ့ အရွယ်အစားတွေကို စစ်ဆေးဆောင်ရွက်တဲ့အခါ အခုအချိန်မှာတော့ ကောင်းတဲ့အခြေအနေပါ။ ဒါပေမယ့်လည်း နောက်ထပ် ဒီထက်ပိုတက်လာခဲ့ရင် ရောက်ရှိလာမယ့် ရေအမြင့်မှာ တွေ့ကြုံရနိုင်တဲ့ စိန်ခေါ်မှုတွေကို ခန့်မှန်းတွက်ဆထားပြီး ခုထဲက ကြိုတင်ပြင်ဆင်လို့ရတာတွေလည်း ပြင်ဆင်ပေးနေပါတယ်။ တာတမံတွေ ပြင်ဆင်ရင်း မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းတွေကိုလည်း လိုအပ်ရင်လိုအပ်သလို ထည့်သွင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

**လုပ်ပေးခဲ့ရကျိုးနပ်**

၂၀၁၅ခုနှစ်နှင့်၂၀၁၆ခုနှစ်တို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်တုန်းမြို့တွင် သဘာဝဘေးကွပ်ကဲရေး ရုံးဖွင့်လှစ်၍ ရေဘေးရှောင်စခန်းများထားရှိကယ်ဆယ်ခဲ့ရမှုများရှိခဲ့ပြီး စာသင်ကျောင်းအချို့ ယာယီပိတ်ထားခဲ့ရမှုများရှိခဲ့ကာ တာပြင်ပဧရိယာအတွင်း နေထိုင်သူများအတွက် စိုက်ပျိုးရေးအပါအဝင် စားဝတ်နေရေး ထိခိုက်မှုများ အထိုက်အလျောက်ရှိခဲ့ကြောင်း သိရသည်။

"၂၀၁၅ ခုနှစ် ဩဂုတ် ၄ ရက်က မြို့နယ်မှာ သဘာဝဘေးအရေးပေါ်အခြေအနေ သတ်မှတ်ကြေညာနိုင်ဖို့ ကျွန်တော်ပဲ အတည်ပြုပေးခဲ့ဖူးပါတယ်။ အဲဒီအချိန် (ဩဂုတ်လ ၄ ရက်၊ နံနက် ၆နာရီ) တုန်းက ညောင်တုန်းမြို့ ရေမှတ်က ၂၅ ဒသမ ၅၀ ပေပါ။ (၁၁)လမ်းမှာလည်း ရေကျော်နေပြီး အချို့နေရာမှာလည်း ရေပေါက်တွေပေါက်နေပြီ။ လူတွေအားလုံးလည်း အထိတ်တလန့်နဲ့ မအိပ်နိုင်ကြဘူး။ ၂၀၁၇ ခုနှစ် ဩဂုတ်လရဲ့ မြစ်ရေကြီးချိန် ရောက်နေတာတောင် မြို့ရောတောပါ နေထိုင်သူတွေရေကြီးနေမှန်းသိပုံမရဘူး။ ရောင်းဝယ် ဖောက်ကားမှုမပျက်၊ လုပ်ရှားသွားလာမှုမပျက်၊ စားသောက်နေထိုင်မှုမပျက်၊ စာပေသင်ကြားမှုမပျက်ဘဲ ပုံမှန်အတိုင်းတွေ့ရလို့ ဝမ်းသာပါတယ်။ ကျွန်တော်တို့ လုပ်ပေးခဲ့ရကျိုးနပ်လို့ ပီတိဖြစ်ရပါတယ်" ဟု ဦးစီးအရာရှိ ဦးကျော်ဇေယျာတင့် က ယခင်နှစ်နှင့် ယခုနှစ်အခြေအနေကို နှိုင်းယှဉ်သုံးသပ်ပြောကြားသည်။

ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် နှစ်နှစ်ဆက်တိုက် ရေဘေးဒဏ်ခံစားခဲ့ရသော ညောင်တုန်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုရှိကြောင်း သိရပြီး တာတမံပြင်ပဧရိယာများဖြစ်သည့် ထိပ်ဝကြီး၊ ထိပ်ဝလေး၊ ဂေါ်ဒူ၊ ရှမ်းစု၊ အေးရွာ၊ ကညင်ကောက်၊ ပေစိ၊ ဘုရားကုန်း၊ ပြာသာ စသည့်တာတမံပြင်ပနေဒေသများအတွက် ကွမ်းခြံ၊ ဘူး၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်ဟင်းခါး၊ ဘုံလုံ၊ ခရမ်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ သခွားစသည့် ဒေသစီးပွားရေးကုန်စိမ်းလုပ်ငန်းများ တစ်ရာသီရပ်နားခဲ့ရကြောင်း သိရသည်။

**ခက်ခက်ခဲခဲလုပ်ယူရ**

"မနှစ်၊ တစ်နှစ်က ဒီအချိန်၊ ဒီရေမှတ်အရောက်မှာ အခုလို အေးအေးဆေးဆေး ဘယ်နေနိုင်လိမ့်မလဲ။ တစ်မြို့နယ်လုံး ရုတ်ရုတ်သဲသဲပဲ။ ဒီလိုဖြစ်ခဲ့ရတာလည်း အဖြေရှာရင် တာတမံတွေရဲ့ အခြေအနေပေါ်မှာ တော်တော်လေးမူတည်နေတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ပွင့်လင်းရာသီမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တော်တော်လေးလုပ်ခဲ့တာတွေ့ရတော့ ၇၅ ရာခိုင်နှုန်းလောက်တော့ စိတ်ချရမယ်လို့ ခန့်မှန်းရပါတယ်။ ယန္တရားအင်အားရော လူအင်အားပါ အသုံးပြုထားတာတွေ့ရပါတယ်။ လိုအပ်တဲ့နေရာတွေလည်း ရှိပါဦးမယ်။ လာမယ့်နှစ်တွေမှာလည်း လိုအပ်တဲ့အပိုင်းအလိုက် စိတ်ချရသည်ထက် ပိုပြီးစိတ်ချရအောင် ဆက်လက်ဆောင်ရွက်စေချင်ပါသေးတယ်။ သဘာဝဘေးဆိုတာက တော့ အတိအကျပြောဖို့ ခက်ပါတယ်။ တတ်နိုင်တဲ့ဘက်က ကြိုတင်ပြင်ဆင်ထားဖို့ပဲလိုအပ်မှာဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက ၎င်းနှိုင်းယှဉ်သုံးသပ်ချက်ကို ပြောကြားသည်။

"ညောင်တုန်းမြို့ပတ်တာ ပြုပြင်တည်ဆောက်တဲ့ လုပ်ငန်းက ပုံမှန်ဆိုဒ်လုပ်ငန်းတွေနဲ့မတူဘူး။ အိမ်တန်းတွေနဲ့ မြစ်ကမ်းကြားမှာဆိုတော့ တော်တော်လေး ခက်ခက်ခဲခဲလုပ်ယူရပါတယ်။ ယန္တရားအင်အားရှိပေမယ့်လည်း လုပ်ငန်းခွင်နဲ့ အဆောက်အအုံတွေနဲ့က အလွန်နီးကပ်နေတဲ့အတွက် အလုံးအရင်းနဲ့သုံးဖို့မလွယ်ကူပြန်ဘူး။ ခက်ခဲတဲ့ကြားထဲကပဲ စေတနာထားပြီးလုပ်ပေးခဲ့တာ အောင်မြင်ခဲ့တဲ့အတွက် ဝမ်းသာရပါတယ်။ မြို့နေလူထုစိတ်ချမ်းသာကြတဲ့အတွက် ကျွန်တော်လည်း စိတ်ချမ်းသာရပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကောင်းမြတ်သိန်းက ဝမ်းသာစကားဆိုသည်။

**ရေကြီးလို့ကြီးမှန်းတောင်မသိ**

ရေဘေးစိုးရိမ်ရလေ့ရှိသည့် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်မှာ ၂၂ဒသမ၅၀ ပေ၊ အန္တရာယ်ရေမှတ်မှာ ၂၄ဒသမ ၅၀ ပေဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီအချိန်တိုင်းတာချက်အရ မြို့၏ ရောက်ရှိရေမှတ်မှာ ၂၅ ဒသမ ၂၀ ပေဖြစ်ကြောင်း သိရသည်။

"ဈေးမပိတ်ဘူးဆိုပေမယ့် ဈေးကမြို့ပတ်တာဘေးမှာဆိုတော့ စိတ်ချလက်ချမရောင်းရဲဘူး။ ဈေးရောင်းလိုက်၊ ရေအခြေအနေနားထောင်လိုက်လုပ်နေရတာ။ အရေးပေါ်အခြေအနေကြေညာသံလည်းကြားရော တစ်ခါတည်းပိတ်ပြီး ပြေးရတော့တာပဲ။ အဲ့ဒီတုန်းကရေမှတ်ကလည်း အန္တရာယ်ရေမှတ်ကျော်ပြီဆိုလား၊ ကြားတာပဲ။ မနှစ်တစ်နှစ်ကအခြေအနေပေါ့။ ဒီနှစ်ကတော့သိတဲ့အတိုင်းဘဲ မြို့ပတ်တာကိုထပ်မြှင့်ထားတဲ့အပြင် ကျောက်စီမြေထိန်းနံရံပါ တည်ဆောက်ထားတော့ ရေကြီးလို့ကြီးမှန်းတောင်မသိလိုက်ပါဘူး။ ယခုလိုရေအတွက် ရတက်အေးရအောင် ဆောင်ရွက်ပေးတဲ့ ဌာနအဖွဲ့အစည်းနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု သား၊ ငါးဈေးတန်းမှ ငါး၊ ပုစွန်ရောင်းသူ ဒေါ်ခင်ယုမြိုင်က ပြောသည်။

**ဝေဖန်ပြောကြား**

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့ဆုံသည့်ဝန်းကျင်တွင် နီးကပ်စွာတည်ရှိပြီး မြို့၏ အနောက်ဘက် ဧရာဝတီတံတားအနီးတွင် သဘာဝသဲသောင်ပြင်ကြီးများ ပေါ်ထွန်းလျက်ရှိကြောင်း သိရသည်။ ယခုအခါအဆိုပါသဲသောင်ပြင်များ တည်ရှိနေမှုကြောင့် မြို့တည်ရှိသည့် ပန်းလှိုင်မြစ်အတွင်းရေဝင်ရောက်မှုများပြားလာကာ မြစ်ရေကြီးမြင့်မှုများ ပိုမိုကြုံတွေ့ခဲ့ရသည်ဟု ဒေသခံများကဝေဖန်ပြောကြားလျက်ရှိသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လရဲ့ မြစ်ရေ ကြီးချိန် ရောက်နေတာတောင် မြို့ရောတောပါ နေထိုင်သူတွေရေကြီးနေမှန်း သိပုံမရဘူး။ ရောင်းဝယ် ဖောက်ကားမှုမပျက်၊ လှုပ်ရှားသွားလာမှု မပျက်၊ စားသောက် နေထိုင်မှုမပျက်၊ စာပေသင်ကြားမှုမပျက်ဘဲ ပုံမှန်အတိုင်းတွေ့ရလို့ . . .



anmifwkfrdWUwGifwnfaqmufxm;onfudkawGU&pOf

# မန္တလေးနှင့် ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများတွေ့ဆုံဆွေးနွေး




**မန္တလေး စက်တင်ဘာ ၅**
Bangkok Post Public Company Ltd နှင့် Exchange Commision of Thailand ၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေးအောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ Mr.Nutaphan Visitkitcha-karm က ထိုင်းစီးပွားရေး လုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်က စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍများ၊ မန္တလေးတိုင်းဒေသကြီး အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ကျောင်းဆောင်သစ်များ သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ၊ မရှိစစ်ဆေး

**ငါန်းဇွန် စက်တင်ဘာ ၅**
မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ယာယီကျောင်းဆောင်များ အပြီးသတ်ရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်နှင့် မြို့နယ် အရည်အသွေးစစ်ဆေးအဖွဲ့သည် စက်တင်ဘာ ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ငါန်းဇွန်မြို့နယ်အတွင်း ပျော်ဘွယ်၊ ပန်းတော်ကျင်း၊ ဒီယာယု၊ သူနတ်စစ်နှင့် ရွာလှကုန်းကျေးရွာများ၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို တန်ဖိုးနှင့်ညီမျှသော အဆောက်အအုံများ ရရှိစေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ထားမှု ရှိ-မရှိ ကြည့်ရှုစစ်ဆေးရာ တာဝန်ယူ ဆောက်လုပ်သည့် ကောင်းကင်ချမ်းမြေ့ ကုမ္ပဏီပိုင်ရှင် ဒေါ်လဲ့လဲ့အေးနှင့် တာဝန်ခံ အင်ဂျင်နီယာများ၊ ဒေသခံ ကျောင်းကော်မတီဝင်များ၊ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း လင်းပိုင်သားပေါက်တစ်ကောင်တွေ့ရှိ

**မန္တလေး စက်တင်ဘာ ၅**
မန္တလေး-ကျောက်မြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာ ၇၄ ကီလိုမီတာအတွင်းရှိ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် လင်းပိုင်သားပေါက်တစ်ကောင်တွေ့ရှိကြောင်း အဆိုပါမြို့နယ် ဆင်ကျွန်းကျေးရွာနေ ရေလုပ်သားအဖွဲ့ခေါင်းဆောင် ဦးမောင်လေးထံမှ သိရသည်။

“ဩဂုတ် ၂၇ ရက်က ဧရာဝတီလင်းပိုင်များထိန်းသိမ်းရေးအတွက် နေ့စဉ်လိုက်လံကြည့်ရှုချိန်မှာ လင်းပိုင်သားပေါက်လေးကို မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီး၌ နံနက် ၁၀ နာရီလောက်မှာတွေ့တာပါ။ ကျွန်တော်တို့ ခန့်မှန်းကြည့်ရတာ ခုနစ်ရက်သားလောက်ပဲရှိဦးမယ်။ အလျားနှစ်ပေခန့်နဲ့ လုံးပတ် ၁၄ လက်မခန့်လောက်ရှိပါတယ်” ဟု ၎င်းက ပြောသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ စည်းသည်ရွာ၊ စိန်ပန်းကုံးရွာ၊ မြစ်ကမ်းကြီးရွာ၊ မြေစွန်းရွာ၊ အေးကျွန်းရွာနှင့် ဆင်ကျွန်းရွာတို့ကို လင်းပိုင်အခြေပြုခရီးသွားလုပ်ငန်းအဖြစ်ဖော်ဆောင်ထားပြီး ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအဖြစ် မန္တလေးမှ ကျောက်မြောင်းအထိသတ်မှတ်ထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)မှ သိရသည်။

“ဧရာဝတီလင်းပိုင်တို့သားပေါက်ရက်ပေ့ါ။ ၇ လပိုင်း ၁၅ ရက်ကနေဒီနေ့အထိလိုက်လံကြည့်ရှုနေတာ ၈ လပိုင်း ၂၇ ရက်နေ့မှာ စတွေ့တာပါ။ ပုံမှန်သားပေါက်ရက်က ၇ လပိုင်းအဆန်းကနေ ၁၀ လပိုင်းအဆန်းအထိပေါက်ပါတယ်။ ကျွန်တော်တို့ထိန်းသိမ်းရေးဇရိယာထဲမှာ နဂိုက ၂၆ ကောင်ရှိပါတယ်။ အခုသားပေါက်တစ်ကောင်နဲ့ဆိုတော့ ၂၇ ကောင်ဖြစ်သွားတာပေ့ါ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဧရာဝတီမြစ်တွင်းရှိ ငါးရောင်၊ ငါးပတ်၊ ငါးထွေ၊ ငါးတန်၊ ငါးစင်ရိုင်း၊ ငါးလူး၊ ငါးလဲ၊ ငါးမြင်း၊ ငါးပုဇင်း၊ ငါးခုံးမ၊ ငါးစင်ရိုင်းအနီ၊ တီလားဗီးယား၊ ငါးပြေမတို့အပါအဝင် ငါးမျိုးစိတ်အများအပြား နေထိုင်လျက်ရှိသည့်အနက် လင်းပိုင်များသည် ငါးပုဇင်းများကိုသာ အဓိကစားသောက်လေ့ရှိကြောင်း အဆိုပါအဖွဲ့ခေါင်းဆောင်၏ ၃၃ နှစ်တာကာလ ရေလုပ်သားလေ့လာမှုများအရ သိရသည်။

ဧရာဝတီလင်းပိုင်များသည် မန္တလေး-ကျောက်မြောင်းထိန်းသိမ်းရေးဇရိယာတွင် ၂၀၀၇-၂၀၀၈ ခုနှစ်ကာလများတွင် လင်းပိုင်အကောင်ရေ ၁၈ ကောင်ခန့်ရှိပြီး ၂၀၁၇ ခုနှစ် ဩဂုတ်တွင် ၂၇ ကောင်ခန့်အထိ တိုးပွားလာခဲ့ရာ ယနေ့အချိန်အထိ အကောင်ရေ ၇၀ ခန့်ရှိကာ အဆိုပါလင်းပိုင်များသည် တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူနှင့် ဗန်းမော်ပတ်ဝန်းကျင်များတွင် ကျင်လည်ကျက်စားလျက်ရှိကြောင်း လင်းပိုင်လေ့လာရေးနှင့် ထိန်းသိမ်းရေး မှတ်တမ်းများအရသိရသည်။

**နဒီလှိုင်း**

## ရတနာပုံ ဗုဒ္ဓဘောဇနီယဥဿဟအသင်း (၉၅)ကြိမ်မြောက် ကျောက်တော်ကြီးဘုရားသို့ ဆွမ်းတော်ကြီးကပ်လှူပွဲပြုလုပ်

**မန္တလေး စက်တင်ဘာ ၅**
မန္တလေးမြို့၏ သက်တော်ရှည်အသင်းတစ်သင်းဖြစ်သော အုပ်ကလေးအသင်းခေါ် ရတနာပုံဗုဒ္ဓဘောဇနီယဥဿဟအသင်း(၉၅)ကြိမ်မြောက် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသို့ ဆွမ်းတော်ကြီးကပ်လှည့်လည်ပွဲကို စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက အသင်းတည်ရာ ချမ်းအေးသာစံမြို့နယ် (၈၇) လမ်း၊ (၂၈) လမ်းနှင့် (၂၉) လမ်းကြား ကိုင်းတန်းဈေးအနောက်ထိပ်မှ စတင်ကာ ရပ်ကွက်ပြည်သူများက အသင်းသားများကို အကျွေးအမွေးများဖြင့်ဧည့်ခံကာ ဆွမ်းတော်အုပ်ကလေးအဆိုင်းထမ်း ၁၀၀ ကျော်ဖြင့် အသင်းဥက္ကဋ္ဌ ဦးချစ်ကိုနှင့် အမှုဆောင်များက ဦးဆောင်ကာ အသင်းသား ၃၀၀ ခန့်ဖြင့် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားအထိ သတ်မှတ်လမ်းကြောင်းအတိုင်း လှည့်လည်ကြသည်။



ထိုသို့လှည့်လည်ရာတွင် အသင်း၏ ရှေးအဆက်ဆက်ထုံးတမ်းစဉ်လာအတိုင်း ဆွမ်းတော်အုပ်ဆိုင်းထမ်းများကို ကြည်ညိုဖွယ်လှပတင့်တယ်စွာ ပြင်ဆင်ပြီး ဘာသာရေးဝတ်စုံဖြစ်သောပိတ်ဖြူစင်ကြယ်များကိုသာ ဝတ်ဆင်၍ မဟာသကျမာဇိန်ကျောက်တော်ကြီးဘုရားသို့ အတီးအမှုတ်အကအခုန်များနှင့် သွားရောက်ကြသည်။ ထိုသို့သွားရောက်ရာ လမ်းတစ်လျှောက်တွင်လည်း ကုသိုလ်ရှင်စေတနာရှင်များက ရေသန့်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းကြပြီး ကျောက်တော်ကြီးဘုရားတွင် ညအိပ်ကာ တော်သလင်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် ဝတ်တက်ဝတ်ကပ်ခြင်း၊ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပြီး ဘုရားဘက်စုံမွမ်းမံရန် နဝကမ္မအလှူငွေများ လှူဒါန်းကြသည်။

အုပ်ကလေးအသင်းခေါ် ရတနာပုံ ဗုဒ္ဓဘောဇနီယဥဿဟအသင်းကို ၁၂၈၅ ခုနှစ်တွင် မန္တလေး မြို့မိမြို့ဖများက ဦးဆောင်ပြီး လေးပြင်လေးရပ်မှ အသင်းသားများဖြင့် ပါဝင်ဖွဲ့စည်းကာ ယနေ့အချိန်အထိ အစဉ်အလာထိန်းသိမ်းခဲ့သည်။ နှစ်စဉ် ဝါဆိုလဆန်း ၈ ရက်တွင်လည်း မဟာမုနိဘုရားကြီးသို့ သွားရောက်ကာ အရုဏ်ဆွမ်းကပ်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**မောင်ပြည်သူ**




## ဝက်လက်မြို့နယ် ပြဿဒ်ရေဆိုးချောင်း ရေလမ်းချဲ့ထွင်ခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ဝက်လက် စက်တင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၌ ပြဿဒ်ရေဆိုးချောင်း ရေလမ်းချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် မြို့နယ်မှတာဝန်ရှိသူများက စက်တင်ဘာ ၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ပြဿဒ်ရေဆိုးချောင်းရေလမ်းချဲ့ထွင်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စက်သုံးဆီဂါလန် ၉၀၀ ပံ့ပိုးကူညီမှုဖြင့် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ အနီးကပ်ကြည့်ကြပ်မှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရေဆိုးချောင်းမှာ ရှစ်မိုင်ခန့် ရှည်လျားပြီး ယခုကဲ့သို့ ရေလမ်းချဲ့ထွင်ပေးခြင်းဖြင့် မိုးရာသီတွင် စိုင်နိုင်၊ သာနား၊ မောက်ကြီး၊ ရွှေကျင်နှင့် လှတောကျေးရွာအုပ်စုတို့ရှိ လယ်မြေဧက ၄၀၀၀ ကျော်အား နှစ်စဉ်ရေကြီးရေလျှံဖြစ်ပေါ်မှုမှ ကာကွယ်ပေးနိုင်သည့်အပြင် စိုင်နိုင်၊ သာနားနှင့် မောက်ကြီးကျေးရွာတို့ရှိ လူနေအိမ်ခြေများသို့ ရေဝင်ရောက်မှုမှ လျော့နည်းသက်သာစေသဖြင့် ဒေသခံတောင်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ပန်းလုသစ်ဆင်း တော်သလင်း

ရွှေဘိုသီရိမာလာ

မြန်မာလူမျိုးများ၏ တစ်ဆယ့်နှစ်လ ရာသီလများတွင် တော်သလင်းလသည် ဆဋ္ဌမမြောက်လဖြစ်သည်။ ရာသီပွဲတော်မှာ လှေသဘင်ပွဲဖြစ်ပြီး ကျွန်မတို့ မြန်မာလူမျိုးအများစု နှစ်ခြိုက်သဘောကျကြသည်။ ဤလမှာ ရက်စုံသတ်လ ဖြစ်၍ ရက် ၃၀ ရှိသည်။ ဤရာသီကား (တော်ကောင်းကင်+သလင်း=သာလင်း-သာယာထွန်းလင်း) အမည်နှင့် လိုက်ဖက်ညီအောင် ကောင်းကင်တွင် မိုးသားမိုးတိမ်များကင်းစင်၍ သာယာလှပကြည်လင်နေသည်။ ဝါဆို၊ ဝါခေါင်လများက ပုန်းလျှိုနေသော နေမင်းကြီးသည် တစ်ဖန်ပြန်၍ မင်းမူချေပြီ။ နေမင်းမှာ ကောင်းကင်း၌ မိုးသားတိမ်လိပ် အကာအကွယ်ကင်းမဲ့နေသဖြင့် "တော်သလင်းနေ ပုစွန်သေ" ဆိုပြီး ငါး၊ ပုစွန်လေးများ သေလောက်အောင် ပူပြင်းသည်ဟု ဆိုခဲ့သည်။

ထိုလတွင် ရေပြင်ကိုကြည့်မည်ဆိုလျှင် "တော်သလင်း မြစ်ပြင်တွင် သင်ဖြူးခင်း" ဆိုသည့်အတိုင်း မြစ်ရေပြင်တွင် လှိုင်းလေကင်းစင်သဖြင့် သင်ဖြူးဖြန့်ခင်းသကဲ့သို့ ငြိမ်သက်လျက်ရှိနေပေသည်။ သို့သော် တစ်ခါတစ်ရံတွင် မိုးများတတ်ရာ "တော်သလင်းမိုး ကန်သင်းကျိုး"ဟူ၍ လယ်ကန်သင်းများကျိုးပေါက်အောင် သဲသဲမဲမဲ ရွာတတ်သည်ဟု ဆိုကြသည်။ ယခုကာလတွင် မုန်တိုင်းနှင့်ရောနေသည်။ လယ်ကန်သင်းများကျိုးအောင် ရွာချသောမိုးကြောင့် "တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ"ဟု ဆိုပြန်သည်။ ထိုလတွင် မှတ်မှတ်သားသား မိုးတစ်မိုးကျန်သေးသည်။ ထိုမိုးမှာ "ကန်ဆင်းမိုး" ဖြစ်သည်။

တနင်္ဂနွေဂြိုလ်မင်းသည် သိန်(သိမ်)ရာသီမှ ကန်ရာသီသို့ ပြောင်းဝင်သက်ဆင်းခဲ့ပြီးဖြစ်ရကား ထိုသို့ ပြောင်းသည်ကိုအစွဲပြုကာ ကန်ဆင်းမိုးဟု ကြောင်း ပြက္ခဒိန်ပညာရှင်တို့က ဆိုကြသည်။ ထို့ကြောင့်ပင် တံဆိပ်ဝန်မင်းက အဘိရူပကပျို့တွင် "ထောင်ခြည်ထိန်လင်း၊ သိန်ကယွင်း၍ လျှံဝင်းဖြိုးဖြိုး

**တော်သလင်းလတွင် တောက်ပသောကြယ်အစုမှာ လက်တစ်ဖက်တွင် ကောက်ဆုပ်ကိုကိုင်၍ လက်တစ်ဖက်တွင် ဆီမီးတိုင်ကိုကိုင်ကာ လှေစီးနေသော မိန်းမငယ်သဏ္ဌာန်ရှိသည့် ကြယ်စုတောက်ပသည့်အတွက် ဤလကို "ကညာရာသီ"သို့မဟုတ် "ကန်ရာသီ"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။**

ကန်ဆင်းမိုးဟု ကြိုးကစွေသွန် မေဃဝန်သို့"ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ကန်ဆင်းမိုး ရွာမည့်ရက်ကို နှမ်းကြီးကြဲရန်အတွက် လယ်သမားများ မှတ်သားကြသည်။ တော်သလင်းလကို နက္ခတ်ဗေဒင်အခေါ်အားဖြင့် ကန်ရာသီဟုခေါ်ဆိုကြသည်မှာ "ကညာရာသီ"ဟုသည့်ဝေါဟာရ "ကန္ယရာသျှိ"ဟူသည့် သက္ကတဝေါဟာရတို့မှ ဆင်းသက်လာခြင်းဖြစ်သည်။ ကညာ၊ ကန္ယတို့မှာ မိန်းမငယ်ဟု အဓိပ္ပာယ်ရသည်။ ရာသီ၊ ရာသျှိတို့မှာ အစုအပုံဟု အဓိပ္ပာယ်ရသည်။

တော်သလင်းလတွင် တောက်ပသောကြယ်အစုမှာ လက်တစ်ဖက်တွင် ကောက်ဆုပ်ကိုကိုင်၍ လက်တစ်ဖက်တွင် ဆီမီးတိုင်ကိုကိုင်ကာ လှေစီးနေသော မိန်းမငယ်သဏ္ဌာန်ရှိသည့် ကြယ်စုတောက်ပသည့်အတွက် ဤလကို "ကညာရာသီ"သို့မဟုတ် "ကန်ရာသီ"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ တော်သလင်းတွင် ကောင်းကင်၌ "ပြုပ္ပဘဒြပိုဒ်" နက္ခတ်သည် ငွေလဝန်းနှင့် ယှဉ်ပြိုင်မွန်းတည့်၏။ ရာသီပန်းမှာ ယင်းမာပန်းနှင့် အင်ကြင်းပန်းတို့ဖြစ်သည်။ လ၏ရာသီသဘင်ပွဲတော်မှာ ပန်းလုသဘင်နှင့် သစ်ဆင်းသဘင် တို့ဖြစ်သည်။ ထို့ကြောင့် ဆည်သည်ရွာစား ဦးအောင်ကြီး၏ လူးတားတွင် "သာစွလေ၊ မြစ်ရေကမ်းပြည့်၊ ထန်းလည်းမှည့်၍၊ စည့်စည့် မိုးလ၊ ဘဒြနှင့် ပြည့်ပအညီ၊ ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်က၊ မွှေးကြိုင်နဲ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းလုသဘင်၊ သစ်ဆင်းယင်းလျက်"ဟု ဖွဲ့ဆိုထားသည်။

တော်သလင်းလ၏ သဘာဝအခြေအနေနှင့် ယင်းမာပန်းနံ့ မွှေးပုံလေးကို နန်းတွင်းသူ မယ်ခွေက ချစ်ဖွယ်ကောင်းအောင် ရေးခဲ့ပုံမှာ "မင်းလွင်ငယ်မှာ တလှည့်၊ မသာစနိုးစိတ်လက်ကယ်ညှိုးအောင်၊ မိုးတလှည့်နှင့် အိုဘယ့်ရာသီ၊ လည်ပြောင်လည်လှုပ်၊ ပဲတောင်းပြုတ်နှင့် ဗုတ်ဇီဝဇိုး၊ တောင်တံရိုးက၊ ချစ်ကြိုက်မပျက်၊ လည်ချင်းယှက်လို့၊ ဝတ်ရက်ကယ်ချီသည်၊ ဝေသီသီပင်မြင့်နန်းက၊ ပန်းယင်းမာမွှေး"ဟူ၍ ဖွဲ့ဆိုခဲ့သည်။ လှေပြိုင်ပွဲတော်ကို ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမည်အမျိုးမျိုးခေါ်ကြသည်။ ၎င်းပွဲသဘင်ကို မြန်မာမင်းများ အလွန်နှစ်သက်တော်မူကြသဖြင့် လှေတော်မျုးကြီးများ ကြပ်မတ်စေလျက် ဘုရင်မင်းမြတ်က ချီးမြှင့်မြှောက်စားတော်မူသည်။ တော်သလင်းလ လှေသဘင်ပွဲတွင် ပါဝင်သောလှေအမျိုးအစားများမှာ လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ ခတ်လှေတော်၊ လောင်းတော်၊ ရဲလှတို့ ပါဝင်သည်။

လှေနှင့်ပတ်သက်၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လှေတော်သံ၊ လှေကြီးချင်း၊ လှေတော်ဘွဲ့၊ လှေတာစည်၊ ဖောင်ငင်ကြိုး၊ ဖောင်လားကြိုး၊ ဖောင်ဆိုက်ကြိုး၊ နဒီမော်ပြင်ကြိုး၊ ဘတ်ရေး ၃၇ မင်း၊ လူးတားကဗျာ၊ လှေမေတ္တာစာ စသည့်လှေနှင့်ပတ်သက်သော လင်္ကာ၊ ကဗျာ၊ တေးဂီတ၊ အတီးအမှုတ်၊ စကားပုံများမှာ မြန်မာ့ရိုးရာ အမျိုးသားအမွေအနှစ်များဟု ခေါ်ဆိုရမည်။ လှေပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်မဟာရဋ္ဌသာရက "ဦးထုပ်ကား ရွှေ၊ ငွေကား လက်ကြပ်၊ နီလှပ်ဝတ်စား၊ လှေတော်သားတို့၊ ရွှေပြားရိုးရဲ၊ ခြူးရဲတက်လှေ၊ ချလည်းတစ်ညီ၊ ချီလည်းတသွယ်၊ ချယ်လည်းညီမောင်၊ ဟန်ရေးဆောင်၍" ဟုဖွဲ့ဆိုခဲ့သည်။ ပန်းလုသဘင်ဟူသည် မြန်မာ့ယဉ်ကျေးမှုတွင် ပန်းသည်အောင်မြင်ခြင်း အထိမ်းအမှတ်ဖြစ်၍ လှေပြိုင်ပွဲတွင် သာမက အခြားမည်သည့်ပြိုင်ပွဲ၌မဆို အနိုင်ရ၍ အောင်မြင်ခြင်းကို ပန်းဝင်ခြင်းဖြစ်သည်ဟု ယူဆကြသည်။ ပန်းတိုင်ရောက်သည်ဟု ဆိုကြသည်။ လှေပြိုင်ပွဲတွင် အပြိုင်အဆိုင်လှော်ခတ်လာကြပြီး ပထမလှေသည် ပန်းဆွတ်ပွဲကို ဝင်ရသည့် ပန်းဆွတ်နိုင်သူဖြစ်၍ အနိုင်ပေးသည်။

သစ်ဆင်းပွဲဟုသည့် ပွဲတော်အား မီလိုက်ဖူးသူ၊ မြင်လိုက်ဖူးသူပင် မရှိတော့သော ပွဲတော်မှာသတိရဖွယ်ဖြစ်သည်။ ကုသပျို့ ၃၁ တွင် ပါရှိသည်ကား "လှေပြိုင်ပွဲလည်း၊ ဝှဲဝှဲပုဆိုးနီစွာစိုးလျက်၊ ပိုက်ကြိုးခင်းကျင်း၊ ခုန်ကဆင်းသား၊ မင်းလည်ထွက်ရှု၊ ရဲစုများဖြင့်၊ တိုင်လေးစင်နှင့်၊ သဘင်သစ်ဆင်း၊ စားပွဲကျင်း"ဟူ၍ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်စာတော်ပြန်ဆရာကြီး ဦးဖားကမူ ဖော်ပြပါအတိုင်း လေးတိုင်စင်ပေါ်မှ လူကိုယ်တိုင်ခုန်ချလိုက်သော လဖြစ်သောကြောင့် သစ်ဆင်းလဟုခေါ်တွင်ကြောင်းရေးသားဖော်ပြထားသည်။ ပုဂံဝန်ထောက်မင်းဦးတင်၏ မှတ်တမ်းတွင်လည်း ဦးဖား၏အယူမှန်ကန်ကြောင်း လူကိုယ်တိုင်လည်း သစ်ဆင်းနေပုံတွေ့ရှိရကြောင်း ဖော်ပြထားရာ ထိုလကို လေးတိုင်စင်ပေါ်မှ လူကိုယ်တိုင်ခုန်ချသောကြောင့် သစ်ဆင်းလဟုခေါ်ကြောင်း သေချာစွာမှတ်သားအပ်ပေတော့၏ဟု ဖော်ပြထားသည်။

တောင်သူလယ်သမားတို့၏အယူမှာ ခုန်ချသူ ပက်လက်ကျလျှင် မိုးမကောင်း၊ မှောက်လျက်ကျလျှင် မိုးကောင်းမည်ဟူ၍ နိမိတ်ဖတ်ကြသည်။ ကုန်းဘောင်ခေတ် တစ်ဆယ့်နှစ်လရာသီဖွဲ့စာများနှင့် တစ်ဆယ့်နှစ်လရာသီပွဲတော်များ၌ သစ်ဆင်းသဘင်အကြောင်းပါမလာတော့ချေ။ ပြည်သူများက ခေတ်မီလာကာ ယုတ္တိမဲ့သောအယူအဆများကို မယုံကြည်တော့သည့် သဘောလည်းဖြစ်နိုင်ကြောင်း ယူဆရသည်။ သို့မဟုတ် သစ်ဆင်းရိုးရာကို ဦးစီးဆောင်ရွက်ခွင့်ရှိသူ၊ ဆောင်ရွက်နိုင်သူ တိမ်ကောသွားသောကြောင့်လည်း ဖြစ်နိုင်သည်။

တော်သလင်းလ၏ပွဲတော်နှစ်ခုအနက် လှေပွဲသဘင်မှာ အတန်အသင့်ကျန်ရှိသေးသော်လည်း သစ်ဆင်းသဘင်မှာမူ ကွယ်ပျောက်ခဲ့ပြီဟုဆိုရပေမည်။ ထိုသစ်ဆင်းပွဲဆိုသည်မှာ ဧရာဝတီမြစ်၊ ရွှေဘို၊ ကျောက်မြောင်းမြစ်အတွင်း သစ်ဖောင်များပေါ်တွင် တဲအိမ်ကလေးများ မီးခိုးတလူလူနှင့် ထမင်းချက်စားနေသော သစ်ဖောင်သမားများကိုကြည့်လျက် ကျွန်မသတိတရ အမှတ်ရဆဲရှိနေသည်မှာ သစ်ဆင်းပွဲတော်ပင်ဖြစ်သည်။ သို့သော် ကျမ်းအဆူဆူသည် ချေဖျက်လိုက်ပြီးတကား ဤခေတ်တွင် ခေတ်နှင့်လျော်ညီစွာ သီးနှံအထွက်တိုးတာဝန်ပေးအပ်ပွဲ၊ စုပေါင်းကောက်စိုက်ပွဲ၊ ကောက်စိုက်ပြိုင်ပွဲများက သစ်ဆင်းပွဲအစား နေရာယူလာချေပြီ။ ။

# ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျောက်စိမ်းလိုဏ်ဂူတော်ကြီး တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်

**အမရပူရ စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း၌ ကျောက်စိမ်းလိုဏ်ဂူတော်ကြီးအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှစတင်၍ တည်ဆောက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးသွားပြီဖြစ်ကြောင်း ကျောက်စိမ်းလိုဏ်ဂူတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးခင်မောင်ကြီးက ပြောပြ၍ သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကြီး ပရိဝုဏ်အတွင်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ကျောက်စိမ်းလိုဏ်ဂူတော်ကြီးကို တည်ဆောက်ခြင်းဖြစ်ပြီး ဝေရောစနကျောက်စိမ်းစေတီတော်ကြီး တည်ဆောက်စဉ်က အရည်အသွေးကောင်း ကျောက်စိမ်းဖြတ်သားများမှ အကာသားကျောက်စိမ်းဖြတ်စအပို တန်ချိန် ၃၀၀ ခန့်ထွက်ရှိကြောင်း၊ ယင်းကျောက်စိမ်းဖြတ်စအပိုများနှင့် သံချောင်း၊ ဘိလပ်မြေတို့ကို ဘုရားဒါယကာ သီရိသုဓမ္မမဏိဇောတရေ ဦးစိုးနိုင်(လူမှုထူးချွန် ပထမဆင့်) က လှူဒါန်းခဲ့ကြောင်း၊ ဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးသွားပြီဖြစ်ကြောင်း၊ မူလက သီတင်းကျွတ်လတွင် ဖွင့်လှစ်ရန် ရည်ရွယ်ခဲ့သော်လည်း ထပ်မံတိုးချဲ့ဆောင်ရွက်မှုများရှိသောကြောင့် နတ်တော်လ (သို့) ပြာသိုလမှသာ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ကျောက်စိမ်းလိုဏ်ဂူတော် ဖြစ်မြောက်ရေးဥက္ကဋ္ဌက ပြောသည်။

ကျောက်စိမ်းလိုဏ်ဂူတော်ကြီးမှာ ထပ်တိုးများအပါအဝင် အလျားပေ ၂၅၀၊ အနံ ၁၃၊ အမြင့် ၁၃ပေ ရှိကြောင်း၊ ထပ်တိုးဆိုသည်မှာ လိုဏ်ဂူတော်အဝင်ဝတွင် ကျောက်စိမ်းနဂါးရုပ်ကြီးများ ထပ်မံဆောင်ရွက်လျက်ရှိကြောင်း၊ အတွင်းပိုင်း၌ ပတ္တမြားအစစ်များရှိသလို မိုးကုတ်ဆရာတော်ကြီး၏ ဓာတ်တော်၊ မွေတော်များလည်း ပါဝင်ကြောင်း၊ တစ်လုံးလျှင် တစ်တန်ခန့်ရှိသော ကျွန်းလုံးပေါင်း ၂၂ လုံး ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ကျောက်စိမ်းဖြင့်ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ အောင်ခြင်းရှစ်ပါး၊ မြန်မာ့ဆယ့်နှစ်လ ရာသီပွဲတော် သမိုင်းဝင်ပုံစံငယ်များ၊ ကျောက်ပညာနှင့်ပတ်သက်၍ ကျောက်အမျိုးအစားနှင့် ထွက်ရှိရာ ဒေသကအစ လေ့လာနိုင်အောင်ဖော်ပြထားကြောင်း၊ ဂင်္ဂါမြစ်၏ ပကတိကျောက်သားပုံစံများ၊ ကျောက်စိမ်းတုံးများဖြတ်လိုက်သောအခါသဘာဝအတိုင်း ရုပ်ပုံများပေါ်လာသော ကျောက်စိမ်းတုံးများ၊ သဘာဝအတိုင်းဖြစ်ပေါ်လာသော'ထူးဆန်းထွေလာကျောက်စိမ်းကမ္ဘာ'၊ ဘုရားဒါယကာ ဦးစိုးနိုင်ရဲ့ 'သူ့ဘဝသူ့အကြောင်း'၊ အမရပူရမြို့နယ်၏ တောင်သူလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ရွှေချည်ထိုးလုပ်ငန်း၊ အိုးလုပ်ငန်းများကို ပန်းချီကားများဖြင့် ပြသသွားမည်ဖြစ်ကြောင်း၊ ကျောက်စိမ်းထမင်းဝိုင်း၊ ပုဂံခေတ်၊ ပျူခေတ်မှစတင်၍ လက်ကောက်များ ဝတ်ဆင်ခြင်း၊ လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်းကိုလည်း ဖော်ပြထားကြောင်း၊ ကံကောင်းခြင်း အတိတ်နိမိတ်ကိုဖြစ်ပေါ်စေသော Lucky Fish ရုပ်တုများ ထုဆစ်ပြသထားကြောင်း ကျောက်စိမ်းလိုဏ်ဂူတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။



"ကျောက်စိမ်းလိုဏ်ဂူတော်ကြီးကို ဝေရောစနကျောက်စိမ်းစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း ဝင်လိုက်တဲ့အခါမှာ တောအုပ်ကလေးအတွင်း ဝင်လိုက်ရသလို စေတီတော်၊လိုဏ်ဂူတော်နဲ့ သူတော်ကောင်းတို့ပျော်မွေ့ရာ၊ သူတော်စင်များကိန်းအောင်းရာ နေရာဖြစ်အောင် အစရှိတဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ဆောက်ခြင်းဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။**သန်းဇော်မင်း(ပြန်/ဆက်)**

# တစ်ပတ်အတွင်း ထူးခြားအားကစား သတင်းများ

*ရွှန်းနီရဲ့အကောင်းဆုံးတွေ၊ ဆန်းချက်ဇ်အထွက်၊ လီမာအဝင်ဖြစ်လာဖွယ်ရှိတဲ့ အာဆင်နယ်၊ မက်ပီရဲ့အပြောင်းအရွှေ့ဇာတ်လမ်းက စီရိုနယ်လ်ဒိုကို တိုက်ရိုက်အချိုးကျခဲ့စေတဲ့သတင်းတွေကတော့ ဒီတစ်ပတ်ရဲ့ထူးခြားမှုရှိတဲ့ နိုင်ငံတကာ အားကစားသတင်းတွေပဲဖြစ်ပါတယ်။*





## ဆန်းချက်ဇ်အထွက်၊ လီမာအဝင်ဖြစ်လာဖွယ်ရှိတဲ့အာဆင်နယ်

ဆန်းချက်ဇ်က ချီလီလက်ရွေးစင်အသင်းအတွက် ဝင်ရောက်ကစားတဲ့ ပါရာဂွေးနဲ့ ပွဲစဉ်အတွင်း ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တယ်လို့ အင်စတာဂရမ် စာမျက်နှာကတစ်ဆင့် ပရိသတ်ကို အသိပေးသွားပါတယ်။ စက်တင်ဘာ ၁ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ အဲဒီပွဲမှာ ဆန်းချက်ဇ်ရဲ့ ချီလီက ပါရာဂွေးကို သုံးဂိုးပြတ်နဲ့ အရေးနိမ့်သွားခဲ့ပြီး ကမ္ဘာ့ဖလားတိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရမယ့် အနေအထားရောက်သွားစေပါတယ်။ ဆန်းချက်ဇ်ဟာ ပါရာဂွေးနဲ့ ပွဲမှာ လူပိုကြီးလိုဖြစ်နေပြီး ပြိုင်ဘက်နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းဆိုးရွားခဲ့တာဖြစ်ပါတယ်။

ဆန်းချက်ဇ်ဟာ အပြောင်းအရွှေ့နောက်ဆုံးပိတ်သိမ်းတဲ့ရက်မှာ မန်စီးတီးကိုပြောင်းဖို့ ခြေလှမ်းပြင်ထားပေမယ့် အာဆင်နယ်အသင်းက လီမာကိုရရှိရေး ကြိုးပမ်းမှု မအောင်မြင်ခဲ့တာကြောင့် ဆန်းချက်ဇ်အတွက် မန်စီးတီးရဲ့ ကမ်းလှမ်းမှုကို ထပ်မံပယ်ချလိုက်တာဖြစ်ပါတယ်။ ဒီအပြောင်းအရွှေ့ပျက်သွားပြီး နောက်ရက်မှာ ကန်ရတဲ့ပွဲစဉ်မှာ ဆန်းချက်ဇ်ရဲ့ ခြေစွမ်း တိုက်တိုက်ဆိုင်ဆိုင် ကျဆင်းသွားခဲ့တာကြောင့် ဆန်းချက်ဇ်ဘာလဲဆိုတာ ပဟေဠိဖြစ်နေတုန်း အခုလိုဒဏ်ရာပြဿနာ ကြုံခဲ့ရတယ်ဆိုတာ ကာယကံရှင်က တွစ်တာစာမျက်နှာပေါ်ကအသိပေးခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအနေနဲ့ လာမယ့် ဇန်နဝါရီဈေးကွက်မှာ ဆန်းချက်ဇ်အတွက် ဆက်ကြိုးစားမယ်လို့ သတင်းတွေထွက်နေသလို ဝင်းဂါးကတော့ ဆန်းချက်ဇ်ဟာ စာချုပ်သက်တမ်း ဘယ်လောက်ပဲကျန်ကျန် အာဆင်နယ်အတွက် အကောင်းဆုံးပေးဆပ်ကစားမယ်ဆိုတာကို သူကောင်းကောင်းသိကြောင်း ဖာဖာထေးထေး ဆိုသွားခဲ့ပါတယ်။ ဝင်းဂါးကို လာမယ့်ဇန်နဝါရီဈေးကွက် လီမာကိုရဖို့ ကြိုးပမ်းဦးမလားဆိုတဲ့ မေးခွန်းကို ဝင်းဂါးက " ဟုတ်ပါတယ်။သူဟာ အရည်အသွေးအများကြီးပိုင်ဆိုင်ထားတဲ့ ကစားသမားဖြစ်ပါတယ်။ သူက ကွင်းထဲမှာလည်း ဒီစွမ်းရည်ကို ပြသနိုင်တဲ့သူပါ။ သူက ဘောလုံးကို ရပြီဆိုတာနဲ့ အကောင်းဆုံးပုံဖော်ဖို့ ကြိုးပမ်းတော့တာပါပဲ" လို့ တုံ့ပြန်ခဲ့ပါတယ်။ အာဆင်နယ်ဟာ အစောပိုင်းက လီမာအတွက် ပေါင် ၄၅ သန်းထက် ပိုမသုံးချင်ပေမယ့် အပြောင်းအရွှေ့နောက်ဆုံးရက်မှာတော့ ဝင်းဂါးကိုယ်တိုင် ပြင်သစ်မြေအထိရောက်လာကာ ပေါင် ၉၂သန်းအထိ ဈေးတိုးမြှင့်ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လီမာက ယူရိုပါလိဂ်ပဲ ကစားရမယ့် အာဆင်နယ်နဲ့ ပူးပေါင်းဖို့ ဆန္ဒမရှိတာကြောင့် အပြောင်းအရွှေ့ ဖြစ်မြောက်မလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ခုတော့လီမာကိုရဖို့ ဆက်ကြိုးစားမယ်ဆိုတာကို ဝင်းဂါးကလည်း အတည်ပြုခဲ့ပြီဖြစ်တာကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်မှာ အာဆင်နယ်ကို လီမာအဝင် ဆန်းချက်ဇ်အထွက် ဖြစ်တော့မယ်လို့ ယူဆရပါတယ်။

ဆန်းချက်ဇ်ရဲ့ ခြေစွမ်းကျဆင်းသွားမှုဟာ အပြောင်းအရွှေ့နဲ့ တိုက်ရိုက်အချိုးကျလားမကျလားဆိုတာ ပြောဖို့ခက်ပေမယ့် ချီလီယူ-၂၀ အသင်း နည်းပြဟောင်းဖြစ်တဲ့ ဂျို့စ်ကတော့ ဆန်းချက်ဇ် ကိုယ်အလေးချိန်တက်နေတာကြောင့် ခြေစွမ်းပိုင်းအပေါ် သက်ရောက်မှုရှိခဲ့တာလို့ ဝေဖန်သွားခဲ့ပါသေးတယ်။



## ရွှန်းနီရဲ့အကောင်းဆုံးများ

တိုက်စစ်မှူး ဝိန်းရွှန်းနီကတော့ သူဟာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ပြန်ကစားဖို့ အစီအစဉ်မရှိဘူးဆိုတာကအစ သူ့ဘဝရဲ့ အကောင်းဆုံးနည်းပြ၊ အကောင်းဆုံးအသင်းဖော်၊ အင်္ဂလန်အသင်းနောက်ကွယ်က အကြောင်းတရားတချို့ကို Talk Sports အစီအစဉ်ကနေ ဖွင့်ချခဲ့ပါတယ်။ ဝိန်းရွှန်းနီက သူ့ဘဝရဲ့ အကောင်းဆုံးပွဲက မန်ယူအသင်းအတွက် ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲလည်း မဟုတ်သလို အင်္ဂလန်အသင်းအတွက် ခြေစွမ်းပြဂိုးတွေသွင်းပေးခဲ့တဲ့ ယူရို-၂၀၀၄ က ပွဲတွေလည်း မဟုတ်ဘဲ ၂၀၀၃ခုနှစ် တူရကီအသင်းနဲ့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ယူရို-၂၀၀၄ခြေစစ်ပွဲစဉ်ဖြစ်တယ်လို့ ဆိုသွားပါတယ်။

ရွှန်းနီက သူ့ဘဝမှာ နည်းပြပေါင်းများစွာနဲ့ လက်တွဲအလုပ်လုပ်ခဲ့ဖူးပေမယ့် အကောင်းဆုံးနည်းပြကတော့ ဖာဂူဆန်ပါလို့ ဖွင့်ဟခဲ့ပြီး ကျန်နည်းပြတွေ အနေနဲ့ ဖာဂူဆန်ကိုမီဖို့ အဝေးကြီးပါလို့ ဆိုခဲ့တာကြောင့် ရွှန်းနီနဲ့ လက်တွဲဖူးတဲ့ နာမည်ကျော် နည်းပြတွေဖြစ်တဲ့ ကာပယ်လို၊ အဲရစ်ဆင်၊ မော်ရင်ဟိုတို့အတွက် ခံပြင်းစရာ ဖြစ်နေမလား စဉ်းစားစရာပါ။ ရွှန်းနီကတော့ အဲရစ်ဆင်ဟာ သူ့ရဲ့ အင်္ဂလန်လက်ရွေးစင်အသင်းသားဘဝကို များစွာထောက်ပံ့ပေးခဲ့သူဖြစ်ပေမယ့် ပေါလ်စခိုးလ်လို ကစားသမားကို ကောင်းကောင်းအသုံးမချနိုင်တာက အားနည်းချက်ပါလို့ ထောက်ပြခဲ့ပါတယ်။

ဒါ့အပြင် ရွှန်းနီက ကာပယ်လိုဟာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူ့ရဲ့ ဇာတိရင်း အီတလီအသင်းပွဲစဉ်တွေကို အားပေးကြည့်ရှုသလို နည်းပြအဖွဲ့ဝင်တွေကလည်း အီတလီလူမျိုးတွေသာ ဖြစ်တာကြောင့် အီတလီအသင်းဂိုးသွင်းရင် ကာပယ်လိုနဲ့အတူ သူတို့လည်းပဲ အောင်ပွဲခံထခုန်တတ်ကြတယ်လို့ ဖောက်သည်ချသွားပါတယ်။ ရွှန်းနီက တစ်ရာသီကြာလက်တွဲခဲ့တဲ့ မော်ရင်ဟိုနဲ့ ပတ်သက်ပြီး ဘာမှတ်ချက်မှ ပေးခဲ့ခြင်း မရှိပါဘူး။

ဒါ့အပြင် ရွှန်းနီက သူ့ရဲ့ကစားဖော်တွေထဲက အကောင်းဆုံးတစ်ယောက်ကို ရွေးပြပါဆိုရင် ပေါလ်စခိုးလ်သာဖြစ်ပြီး" စခိုးလ်က တွဲဖက်ကစားဖော်တွေထဲက အကောင်းဆုံးတစ်ယောက်ပါ။ သူ့ကို ဘောကန်ဖိနပ်သာ ချပေးလိုက်ရင် သူကစားနိုင်ဦးမယ်လို့ ကျွန်တော် ကျိန်းသေပြောရဲတယ်။ သူက ဘောလုံးကို စိမ်ခန့်ခွဲပြီး ကစားတဲ့ လူမျိုးဗျ"လို့ ဆိုခဲ့ပါသေးတယ်။ ရွှန်းနီဟာ စီရိုနယ်လ်ဒိုလို ဘလွန်းဒီအောဆုလေးကြိမ်ရထားပြီးဖြစ်တဲ့ ကစားသမားနဲ့ တွဲဖက်ကစားခွင့်ရခဲ့ပေမယ့် ပေါလ်စခိုးလ်သာ သူ့အတွက် အကောင်းဆုံးအသင်းဖော်ဖြစ်တယ်လို့ ဖွင့်ဟခဲ့တာပါ။



## မက်ပီအချက်၊ စီရိုနယ်လ်ဒိုအခက်

ပြင်သစ်သားလေး မက်ပီဟာ ဒီနှစ်နွေဈေးကွက် ဥရောပအသင်းကြီး မြောက်မြားစွာရဲ့ ကမ်းလှမ်းမှုကို ရရှိခဲ့ပြီး အပြောင်းအရွှေ့ ဈေးကွက်နောက်ဆုံး ပိတ်ရက်မှာတော့ ပီအက်စ်ဂျီကို အငှားနဲ့ ရောက်သွားပါပြီ။ အသင်းကြီးတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်၊ မန်စီးတီးအသင်းတွေ ကမ်းလှမ်းနေတဲ့ကြားကပဲ ပီအက်စ်ဂျီကို အငှားနဲ့ ပြောင်းရွှေ့သွားခဲ့တာဖြစ်ပြီး နောက်နှစ် ဘောလုံးရာသီမှ ပေါင် ၁၆၇ သန်းနဲ့ အပြီးသတ်စာချုပ်ချုပ်ဆိုမှာဖြစ်ပါတယ်။ မက်ပီဟာ အားလုံးသိကြတဲ့အတိုင်း ရီးယဲလ်ပရိသတ်တစ်ဦးအဖြစ် ကြီးပြင်းလာသူဖြစ်ပြီး ရီးယဲလ်နည်းပြ ဇီဒန်းကလည်း မက်ပီကို သူလိုချင်တယ်ဆိုတာဝန်ခံထားပါတယ်။ အချို့သော သတင်းရင်းမြစ်တွေကဆိုရင် ဇီဒန်းဟာ မက်ပီကို ခေါ်နိုင်ဖို့ အသင်းရဲ့ ဘီဘီစီတိုက်စစ်အတွဲလို့ လူသိများတဲ့ (ဂါရတ်ဘေးလ်၊ ဘင်ဇီမာ၊ စီရိုနယ်လ်ဒို) တို့ထဲက တစ်ဦးကို ထုတ်ရောင်းမှာဖြစ်တာကြောင့် ပွဲထွက်ခွင့်ရရေးအတွက် စိတ်ပူစရာမလိုဘူးဆိုတဲ့ စကားနဲ့စည်းရုံးခဲ့တာလို့တောင် ဖော်ပြခဲ့ပေမယ့် မက်ပီကတော့ ပီအက်စ်ဂျီကို ရောက်သွားခဲ့ပါပြီ။ ရီးယဲလ်ဟာ ယခုနှစ် နွေဈေးကွက်တစ်ခုလုံးလည်း မက်ပီကိုသာအဓိကထား ခေါ်ယူဖို့ ကြိုးပမ်းခဲ့ပေမယ့် မက်ပီက ပီအက်စ်ဂျီကို ရွေးချယ်သွားခဲ့တာဖြစ်ပါတယ်။

မက်ပီကတော့ နေမာနဲ့ တွဲဖက်ကစားခွင့်ရဖို့က ပီအက်စ်ဂျီကို ပြောင်းရွှေ့ဖို့ လုံလောက်တဲ့ အကြောင်းတရားဖြစ်ခဲ့တယ်ဆိုတာကို "ပီအက်စ်ဂျီက အစကတည်းက ကျွန်တော်ကို စိတ်ဝင်စားခဲ့တာပါ။ နေမာရောက်ရှိလာခြင်းကတော့ အပိုဆုလို ဖြစ်ခဲ့တာပေါ့ဗျာ။ နေမာနဲ့ တွဲဖက်ကစားခွင့်ရမယ်ဆိုတာက သာမန်ထက် ပိုပြီးထူးခြားမှုရှိမှာပါ"လို့ ဝန်ခံခဲ့တာကြောင့် နေမာရောက်ရှိလာခြင်းက မက်ပီရဲ့ ပီအက်စ်ဂျီခရီးအတွက် အတော်လေး အထောက်အပံ့ဖြစ်ခဲ့တာကိုတော့ ဘယ်သူမှ မငြင်းနိုင်လောက်ပါဘူး။

သိရသလောက်တော့ မက်ပီဟာ ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ စိတ်အားထက်သန်ခဲ့ပေမယ့် မက်ပီရဲ့ဖခင်က ငယ်ရွယ်လွန်းတဲ့ သူ့ရဲ့သားဟာ ရီးယဲလ်လိုအသင်းကြီးကို ရောက်သွားခြင်းက အကောင်းထက် အဆိုးကိုသာဖြစ်စေမယ်လို့ ယူဆတာကြောင့် ရီးယဲလ်ထက် ပြင်သစ်မြေမှာပဲ ဆက်ရှိနေဖို့ ပီအက်စ်ဂျီကို ရွေးချယ်စေခဲ့တာဖြစ်ပါတယ်။ မက်ပီရဲ့ ဖခင်က သူ့သားကို ရီးယဲလ်ကို ပြောင်းရွှေ့ဖို့ တားဆီးခဲ့ခြင်းက စီရိုနယ်လ်ဒိုရဲ့ အိုးထရက်ဖို့ဒ်တစ်ကျော့ပြန်ခရီးကိုပါ တိုက်ရိုက်သက်ရောက်မှု ရှိခဲ့ပါသေးတယ်။

စီရိုနယ်လ်ဒိုဟာ ဇူလိုင်လအစပိုင်းတုန်းက မန်ယူကို ပြန်လည်ပြောင်းရွှေ့ခွင့်ရဖို့ သူ့ရဲ့ အေးဂျင့် ဂျော့ဂျ်မန်းဒက်ဇ်ကို ဆောင်ရွက်ခိုင်းခဲ့ပေမယ့် မက်ပီရဲ့ဖခင်က သူ့သားရဲ့ ရီးယဲလ်သွားဖို့ အခွင့်အလမ်းကို ပိတ်ပင်ခဲ့တာကြောင့် ရီးယဲလ်ကလည်း စီရိုနယ်လ်ဒို ထွက်ခွာမယ့်အရေးကို ပိတ်ပစ်လိုက်တာဖြစ်ပါတယ်။ ရီးယဲလ်က အစောပိုင်းမှာ ဒဏ်ရာ မကြာခဏ ရနေတဲ့ ဂါရတ်ဘေးလ်နဲ့ အသက်(၃၂) နှစ်ကျော်လွန်လာပြီဖြစ်တဲ့ စီရိုနယ်လ်ဒိုတို့ထဲက တစ်ဦးကို ရောင်းချဖို့ ဆန္ဒရှိခဲ့တာဖြစ်ပါတယ်။ နည်းပြ ဇီဒန်းကလည်း မက်ပီရဲ့စွမ်းရည်ကို ထုတ်ဖော်ချီးကျူးတဲ့အထိ လိုချင်ကြောင်း ပြသခဲ့ပေမယ့် နောက်ဆုံးမှာတော့ မက်ပီဖခင် ရေးသားခဲ့တဲ့ ပီအက်စ်ဂျီအပြောင်းအရွှေ့ဟာ စီရိုနယ်လ်ဒိုရဲ့ အိုးထရက်ဖို့ဒ် တစ်ကျော့ပြန်ခရီးကိုပါ သက်ရောက်မှု အားကြီးခဲ့တာလို့ ဆိုရမှာဖြစ်ပါတယ်။

မေလဲ့သင်း-ရေးသားသည်

## ပရိသတ်ကို စိတ်ပူစေခဲ့တဲ့ ချန်ယိုး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ချန်ယိုးဟာ လတ်တလောပြုမူခဲ့တဲ့ အပြုအမူကြောင့် သူ့ရဲ့ပရိသတ်တွေကို စိတ်ပူစေခဲ့တာဖြစ်ပါတယ်။ ချန်ယိုးဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ ပါဝင်ဖျော်ဖြေခဲ့ပြီး ဒီလိုပါဝင်ခဲ့ရာမှာ ဒဏ်ရာရထားတာကြောင့် ခံစားနေရပုံပေါ်နေတာဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေက ချန်ယိုးရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး စိုးရိမ်မိကြောင်း သူတို့ရဲ့ လူမှုကွန်ရက် မီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ချန်ယိုးဟာ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲရဲ့ အကြိုလေ့ကျင့်နေစဉ်နဲ့ ဖျော်ဖြေနေစဉ် သူ့ရဲ့ခါးကို လက်နဲ့ကိုင်ထားကာ လမ်းလျှောက်နေတာကို တွေ့ရပြီး တစ်ခါတလေမှာ ပါဝင်ဖျော်ဖြေနိုင်ခြင်းမရှိတဲ့အတွက် ထိုင်နေတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ သူ့ရဲ့အခြေအနေကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာလည်း အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့တာကြောင့် ပရိသတ်တွေက ချန်ယိုးရဲ့ ကျန်းမာရေးအခြေအနေကို စိုးရိမ်ခဲ့ကြတာဖြစ်ပါတယ်။

လတ်တလောမှာ အသက်(၂၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပါ့ခ်ချန်ယိုးဟာ ပြီးခဲ့တဲ့ စက်တင်ဘာ ၂ ရက်က ဖျော်ဖြေပွဲမှာ ကျန်အဖွဲ့ဝင်တွေနဲ့အတူ လိုက်ပါကခုန်နိုင်ခြင်းမရှိဘဲ ထိုင်ခုံပေါ်မှာ ထိုင်နေခဲ့ရတာက များပါတယ်။ ယင်းဖျော်ဖြေပွဲမှာ ချန်ယိုးဟာ သူ့ရဲ့တေးဂီတအဖွဲ့ EXO အပြင် အမျိုးသမီးတေးဂီတအဖွဲ့ "GFRIEND" မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယူဂျူနဲ့လည်း တွဲဖက်ဖျော်ဖြေခဲ့ရတာဖြစ်ပါတယ်။

EXO ရဲ့ ပရိသတ်တွေကတော့ ချန်ယိုးရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်ပြီး လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် မေးမြန်းခဲ့ကြသလို တချို့ကလည်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည်အထိ ကုသပြီးမှသာ အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်စေလိုကြောင်း ဖော်ပြခဲ့ကြပါတယ်။ တချို့ကလည်း ကျန်းမာရေးကသာ အဓိကဖြစ်ကြောင်း ဝေဖန်အကြံပြုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ပရိသတ်တွေကတော့ ချန်ယိုးဟာ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ရရှိခဲ့တဲ့ဒဏ်ရာကြောင့် ယခုလိုခံစားနေရတာဖြစ်နိုင်ကြောင်း ဝေဖန်ခဲ့ကြပြီး အဲဒီအချိန်တုန်းကလည်း ချန်ယိုးဟာ ဒဏ်ရာရခဲ့ကြောင်းနဲ့ ဒဏ်ရာကြောင့် ဘူဆန်နဲ့ ဒေဂူမှာပြုလုပ်သွားမယ့်အစီအစဉ်တွေမှာ ပါဝင်နိုင်ခြင်းမရှိကြောင်း ပရိသတ်တွေကို လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် အသိပေးခဲ့ပေမယ့် ဒဏ်ရာရရှိခဲ့ရတဲ့အကြောင်းနဲ့ အခြေအနေအသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။





Frederic Kern/Future Image

## တတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်တဲ့ ကိတ်မစ်ဒယ်လ်တန်

ကမ်းဘရစ်ချ်မြို့စား မင်းသား ဝီလျံရဲ့ ဇနီးဖြစ်သူ ကိတ်မစ်ဒယ်လ်တန်ဟာ တတိယမြောက်ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း ပြီးခဲ့တဲ့လအတွင်းမှာ ကောလာဟလတွေစတင်ပေါ်ထွက်လာခဲ့ပါတယ်။ လတ်တလောမှာတော့ ယင်းသတင်းတွေနဲ့ပတ်သက်ပြီး ကတ်မစ်ဒယ်လ်တန်ဘက်က တရားဝင်အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။

ဝေလမင်းသား ဝီလျံနဲ့ ဇနီးဖြစ်သူ ကိတ်မစ်ဒယ်လ်တန်တို့ဟာ လက်ရှိမှာ သားလေးတစ်ဦး၊ သမီးလေးတစ်ဦးပိုင်ဆိုင်ခဲ့ပြီးဖြစ်တာကြောင့် ယခုလွယ်ထားရတဲ့ ရင်သွေးလေးကတော့ တော်ဝင်ဇနီးမောင်နှံအတွက် တတိယမြောက်ရင်သွေးလေးဖြစ်ပါတယ်။ ဒီသတင်းကိုတော့ ကင်းစတန်းနန်းတော်မှ တာဝန်ရှိသူတွေက ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပြီး ကိတ်မစ်ဒယ်လ်တန်ဟာ အစီအစဉ်တစ်ခုကို မတက်ရောက်ဖြစ်တာနဲ့ပတ်သက်ပြီး ကိုယ်ဝန်ကြောင့် ခံစားနေရတဲ့အတွက်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာလည်း ဖြစ်ပါတယ်။

နန်းတော်က ပြီးခဲ့တဲ့ စက်တင်ဘာ ၄ ရက်မှာ “ကမ်းဘရစ်ချ်မြို့စားနဲ့ မြို့စားကတော်တို့ဟာ တတိယမြောက်ရင်သွေးလေး ရရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး အလွန်ကိုဝမ်းမြောက်နေကြတာလည်း ဖြစ်ပါတယ်။ ဘုရင်မကြီးနဲ့တကွ ဆွေမျိုးတွေကလည်း ဒီသတင်းနဲ့ပတ်သက်ပြီး အလွန်ကိုကျေနပ်ပျော်ရွှင်နေကြပါတယ်”လို့ ကြေညာခဲ့ပါတယ်။

ကိတ်မစ်ဒယ်လ်တန်ရဲ့ တတိယမြောက်ရင်သွေးလေးဟာ လတ်တလောမှာတော့ သီတင်းပတ် ရှစ်ပတ်နဲ့ ၁၂ ပတ်အကြား ရရှိနေပြီဖြစ်ကာ လာမယ့် မတ်လလယ်မှ ဧပြီလလယ်ကြားကာလမှာ မွေးဖွားဖို့ မျှော်လင့်ရပါတယ်။ အဆိုပါရင်သွေးလေးဟာ အင်္ဂလန်ရဲ့ နန်းမွေဆက်ခံမှုမှာ ပဉ္စမနေရာကို ရယူမယ့်သူဖြစ်လာခဲ့တာကြောင့် မင်းသားဝီလျံရဲ့ ညီဖြစ်သူ မင်းသားဟယ်ရီကတော့ ခြောက်ယောက်မြောက်နေရာကို ရောက်ရှိသွားခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာ မန်ချက်စတာမြို့ကို ရောက်ရှိနေတဲ့ မင်းသားဟယ်ရီက ကိတ်မစ်ဒယ်လ်တန်ရဲ့ တတိယမြောက်ရင်သွေးလေးအတွက် ဝမ်းသာဂုဏ်ယူကြောင်းနဲ့ နောက်ထပ်တစ်ကြိမ် ဦးလေးဖြစ်ခွင့်ရမယ့်အရေးအတွက်လည်း စိတ်လှုပ်ရှားမိကြောင်း ဖွင့်ဟခဲ့တယ်လို့လည်း သိရပါတယ်။

မင်းသားဝီလျံနဲ့ ကတ်မစ်ဒယ်လ်တန်တို့ဟာ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ မင်းသား ဂျော့ဂျ်ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၂ ရက်မှာ မွေးဖွားခဲ့ပြီး မင်းသမီးလေး ရှားလော့ကိုတော့ ၂၀၁၅ ခုနှစ် မေ ၂ ရက်က မွေးဖွားခဲ့ကာ ယခုလွယ်ထားရတဲ့ ရင်သွေးလေးကတော့ တတိယမြောက်ဖြစ်ပါတယ်။

## နောက်ထပ် ရင်သွေး လိုချင်တယ်လို့ဆိုလာတဲ့ လီယမ်ပိန်း

ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ “One Direction”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီယမ်ပိန်းဟာ သူနဲ့အတူနေချစ်သူ ချယ်ရီကိုးလ်နဲ့ ရင်သွေးလေးတစ်ဦး ရရှိထားခဲ့ပြီးဖြစ်ကာ နောက်ထပ်ရင်သွေးလေးတစ်ဦး ထပ်မံလိုချင်ကြောင်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။ လီယမ်နဲ့ ချယ်ရီတို့ဟာ လတ်တလောအချိန်အထိတော့ လက်ထပ်ခဲ့ခြင်းမရှိသေးဘဲ ဒုတိယမြောက်ရင်သွေးလေးကိုတော့ လက်ထပ်ပွဲမဆင်နွှဲမီ လိုချင်တာဖြစ်တယ်လို့လည်း လီယမ်က ပြောကြားခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ လီယမ်ပိန်းကို လက်ရှိချစ်သူနဲ့ လက်ထပ်တော့မှာလားရယ်လို့ မေးမြန်းခဲ့တဲ့အပေါ် ပေါ့ပ်ကြယ်ပွင့်က သူ့အနေနဲ့ လက်ထပ်ပွဲမဆင်နွှဲမီ နောက်ထပ်ရင်သွေးလေးကို ဦးစွာပိုင်ဆိုင်လိုတာဖြစ်တယ်လို့ ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကလည်းရှိနေပြီး တစ်ကိုယ်တော်တေးအယ်လ်ဘမ်နဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်သွားဖို့စီစဉ်နေတာကြောင့် ဒုတိယမြောက်ရင်သွေးလေးရယူမယ့်အစီအစဉ်ဟာလည်း လတ်တလောမှာတော့ ဖြစ်လာနိုင်စရာမရှိသေးဘူးလို့လည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၄)နှစ်အရွယ် လီယမ်ပိန်းနဲ့ အသက် (၃၄)နှစ်အရွယ် ချယ်ရီကိုးလ်တို့ဟာ ချစ်သူတွေအဖြစ် လက်တွဲခဲ့သည်မှာ တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးသာ လက်ထပ်ခဲ့မယ်ဆိုပါက အဆိုပါအိမ်ထောင်ဟာ လီယမ်ပိန်းအတွက်တော့ ပထမဆုံးဖြစ်လာမှာဖြစ်ပြီး ချယ်ရီအတွက်ကတော့ တတိယမြောက်ဖြစ်လာမှာပါ။ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချယ်ရီကိုးလ်ဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ဘောလုံးကြယ်ပွင့် အက်ရှ်လေကိုးလ်နဲ့ လက်ထပ်ခဲ့ကာ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဂျင်းဘာနက်ဒ်ဖာနန်ဒက်ဇ်ဗာစီနီနဲ့ လက်ထပ်ခဲ့သူလည်း ဖြစ်ပါတယ်။

## ကာတွန်းဇာတ်ကောင်တွေအသွင်နဲ့ တွေ့ရတဲ့ EXO

EXO တေးဂီတအဖွဲ့ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေပြုလုပ်နေပြီး တစ်ချိန်တည်းမှာပဲ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်တဲ့အရာတွေကို ပရိသတ်တွေရှေ့အရောက် ပို့ပေးနေတာလည်း ဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေထဲက ကောက်နုတ်စုစည်းကာ ပြန်လည်ဆန်းသစ်ထုတ်လုပ်လိုက်တဲ့တေးအယ်လ်ဘမ်ဖြစ်ပြီး အမည်ကိုတော့ “The War: The Power of Music”လို့ ပေးထားတာဖြစ်ပါတယ်။ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် အဖွဲ့ဝင်တွေရဲ့ဓာတ်ပုံတွေကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှာတော့ အဖွဲ့ဝင်တစ်ဦးချင်းစီကို ကာတွန်းဇာတ်ကောင်တွေအသွင်နဲ့ တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

“The War: The Power of Music” တေးအယ်လ်ဘမ်အတွက် ထုတ်လွှင့်ပေးခဲ့တဲ့ ဓာတ်ပုံတွေအရ အဖွဲ့ဝင်တစ်ဦးချင်းစီဟာ သီးခြားကိုယ်ပိုင်စွမ်းအားတွေရှိနေတာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်သစ်မှာလည်း သူတို့ရဲ့စွမ်းအားတွေကို စုစည်းထားတဲ့အသွင်နဲ့ ဖန်တီးထားတာဖြစ်ပါတယ်။

အဖွဲ့ဝင်တွေကို ကာတွန်းဇာတ်ကောင်လေးတွေအဖြစ် ဖန်တီးရာမှာလည်း နာမည်ကျော်ဟောလိဝုဒ်ရုပ်ရှင် “Star Wars”ကိုအခြေခံကာ ဖန်တီးထားတာဖြစ်တယ်လို့သိရပါတယ်။ စက်တင်ဘာ ၅ ရက် ညပိုင်းမှာ တေးအယ်လ်ဘမ်ကို စတင်ဖြန့်ချိသွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်နဲ့အတူ ရုပ်ပြကာတွန်းစာအုပ်နဲ့ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေအပြင် အခြားသောလက်ဆောင်တွေပါ ရရှိမှာဖြစ်တယ်လို့လည်း စွန်ပီဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။




ဝ အေးပြည့် - စုစည်းသည် ဝ

# ပုဂ္ဂလိကနှင့် သစ်တောဦးစီးဌာနကျွန်းစိုက်ကွင်းများအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု၊ အမှတ်တရသစ်ပင်စိုက်ပျိုး

**ပဲခူး စက်တင်ဘာ ၅**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးကျော်မင်းစံ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့နှင့်အတူ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပဲခူးရိုးမ အုတ်တွင်း-ပေါက်ခေါင်းလမ်းဘေးရှိ ဖြိုးစည်သူ ပုဂ္ဂလိက ကျွန်းစိုက်ခင်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် သစ်တောလုပ်ငန်းများ၊ ပြုစုပျိုးထောင်ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းများ၊ ဘဏ္ဍာနှစ်အလိုက် သစ်ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရန်နိုင်လွင်က ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်မှုအခြေအနေ၊ သဘာဝတောထိန်းသိမ်းခြင်း၊ ငှက်မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ထားခြင်း၊ အပန်းဖြေစခန်းထားရှိခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် ပုဂ္ဂလိကကျွန်းစိုက်ခင်းတွင် အမှတ်တရအထိမ်းအမှတ်အဖြစ် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်ပင်များကို စိုက်ပျိုးပေးပြီး ကျွန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် အပန်းဖြေစခန်းဆောက်လုပ်ဖွင့်လှစ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ်အတွင်း ပဲခူးရိုးမ အုတ်တွင်း-ပေါက်ခေါင်းလမ်းဘေးရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုး၊ ထိန်းသိမ်း၊ ကာကွယ်စောင့်ရှောက်ထားရှိသည့် သစ်တောကြိုးဝိုင်းများ၌ ကျွန်းပင်များ စိုက်ထားရှိမှုကို ကြည့်ရှုကာ တာဝန်ရှိသူများအား စိုက်ပျိုးပြီးသောကျွန်းပင်များ ကောင်းမွန်စွာရှင်သန်ကြီးထွားလာစေရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်မှုများ အမြဲမပြတ်ကြပ်မတ်ပြုလုပ်ပေးကြရန်၊ သစ်တောပြုန်းတီးမှုမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များနှင့်အတူ ကာကွယ်စောင့်ရှောက်မှုများ တိကျစွာပြုလုပ်ကြရန်၊ ကြိုးဝိုင်းများအတွင်းရှိ သစ်ပင်များ ကောင်းမွန်စွာသက်တမ်းပြည့် ကြီးထွားဖွံ့ဖြိုးလာရေးနှင့် မသမာသူများမှ ခိုးယူခြင်းမပြုလုပ်နိုင်ရေးအတွက်မည်သို့ဆောင်ရွက်ကြမည်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းတိုင်ပင်ဆွေးနွေးအဖြေရှာကြရန်၊ သစ်ခိုးထုတ်မှုများမရှိစေရန် အထူးကြပ်မတ်ပြီး တရားခံလွတ်မြောက်သွားမှုမရှိစေရေး ကြိုးစားဆောင်ရွက်ဖမ်းဆီးကြရန် မှာကြားခဲ့သည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ သစ်တောမြေဧရိယာများ၌ ခပေါင်းကြိုးဝိုင်း၊ ခပေါင်းတိုးချဲ့ကြိုးဝိုင်း၊ ဘုန်းတောင်ကြိုးဝိုင်း၊ ဖြူးကွန်းကြိုးဝိုင်း၊ ပေါက်တောကြိုးဝိုင်း၊ မြယာပင်ကြိုးဝိုင်း၊ ညောင်ခြေထောက်ကြိုးဝိုင်း၊ ခပေါင်းကြိုးပြင်ကာကွယ်တောXVI၊ ခပေါင်းကြိုးပြင်ကာကွယ်တော XVII စသည့်ကြိုးဝိုင်း ကိုးခုတို့တွင် ၁၉၈၁-၈၂ မှ ၂၀၁၆-၁၇ အထိ သစ်တောဦးစီးဌာနမှ စီးပွားရေး(ကျွန်း) ဧက ၂၂၃၄၀၊ ပုဂ္ဂလိကမှကျွန်း ၆၉၂၂ ဧက၊ သစ်မာ ၃၀၃ ဒသမ ၉၁ ဧကစိုက်ပျိုးထားရှိပြီး ၂၀၁၇-၁၈ တွင် သစ်တောဦးစီးဌာနမှ စီးပွားရေး (ကျွန်း) ဧက ၃၀၀၊ ပုဂ္ဂလိက(ကျွန်း) ဧက ၁၀၀ နှင့် သစ်မာ ဧက ၂၅၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဌာနဝန်ထမ်းများဖြင့် ကျွန်း၊ သစ်မာ၊ အခြားတရားမဝင် သစ်ဖမ်းဆီးရမိမှုမှာ ၃၅ ဒသမ ၅၄၂ တန် ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အား ပါဝင်ဖြည့်တင်းလာမှုကြောင့် ၁၈၇ ဒသမ ၃၂၅၄ တန် ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

သစ်များခိုးထုတ်ယူခြင်းမှ ကာကွယ်ရန်နှင့်သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းကာကွယ်ရန်အတွက် ဝန်ထမ်းအင်အားနည်းပါးခြင်း၊ ယာဉ်ယန္တရားမရှိခြင်း၊ ဖမ်းဆီးသစ်များ သယ်ယူရာတွင် ငွေကြေးကုန်ကျမှုရှိခြင်း၊ ပြည်သူလူထုနှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ခြင်း၊ တရားမဝင် သစ်ခိုးမှုများအား တရားဥပဒေအရထိရောက်စွာ ပြစ်ဒဏ်ချမှတ်နိုင်ရန်လိုအပ်ခြင်း စသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများရှိနေကြောင်း ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**



## ပိန်းဇလုပ်တိုက်နယ်ဆေးရုံသို့ ဆေးနှင့်ဆေးဝါးပစ္စည်းများလှူဒါန်း

**ပိန်းဇလုပ် စက်တင်ဘာ ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက် တိုက်နယ်ဆေးရုံတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ လှူဒါန်းမှုကို ဩဂုတ်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ရာ အလှူရှင် ဦးမြင့်သိန်း-ဒေါ်မိမိခင် ('စိန်'လေမှုတ်စက်လုပ်ငန်း)မိသားစု၊ ဦးဝင်းနိုင်-ဒေါ်ခင်ဆုံ (EFR) မိသားစုနှင့် ဦးသန်းအောင်-ဒေါ်အေးအေးသန်း မိသားစုတို့က ဒေသနေပြည်သူများ၏ ကျန်းမာရေးကုန်ကျစရိတ် အနည်းဆုံးဖြင့်ကုသမှုရရှိနိုင်ရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ငွေကျပ် ခြောက်သိန်းကျော် တန်ဖိုးရှိဆေးနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပိန်းဇလုပ်မြို့ တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သူအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပိန်းဇလုပ်-သိန်းညွန့်)**

## အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**ကျောက်တန်း စက်တင်ဘာ ၅**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ အလက (ခွဲ)ကျောင်းအား အလက ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားမြို့အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်း၊ ကျောက်တန်းမြို့နယ် တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူနှင့် ကျောက်တန်းမြို့နယ် လ/ထပညာရေးမှူးဦးအေးသောင်းတို့က အမှာစကားပြောကြားကြပြီး ရှမ်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်မင်းခိုင်က ကျေးဇူးတင်စကားပြောကြားကာ အလယ်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

## ဒီဇယ်အင်ဂျင်ပြုပြင်ရေးသင်တန်းဖွင့်

**လေးမျက်နှာ စက်တင်ဘာ ၅**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တစ်လုံးထိုး ဒီဇယ်အင်ဂျင်ပြုပြင်ရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီကကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးဝင်းသူဖြိုးက ကျေးလက်နေ ပြည်သူများအတွက် လက်တွေ့အသုံးချနိုင်ပြီး မိမိတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပြင် အသက်မွေးဝမ်းကျောင်းပညာရပ်အတွက် လက်တွေ့နယ်ပယ်တွင်ပါ အသုံးချနိုင်သည့် သင်တန်းဖြစ်ခြင်းကြောင့် စနစ်တကျလေ့လာသင်ယူကြရန် သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးယဉ်မင်းဦးက သင်တန်းရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဝင်ငွေတိုးပွားရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်စေရန် လက်တွေ့အသုံးချနိုင်သည့်ပညာရပ်များကို သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း လုပ်ငန်းခွင်အချိန်အတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိဒေသမှ စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းနိုင်သူများရှိခြင်းဖြင့်လည်းကောင်း၊ လုပ်ငန်းခွင်နှောင့်နှေးမှုနှင့် ငွေကုန်ကြေးကျမှုသက်သာစေသည့်အပြင် ဝင်ငွေတိုးပွားမှုကိုပါ အထောက်အကူပြုစေနိုင်ခြင်းကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်းနှင့် သင်တန်းတွင်သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၄ ရက်မှ ၂၃ ရက်အထိ နှစ်ပတ်ကြာပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ထွန်းဇော်ထွန်း(လေးမျက်နှာ)**

## အလုံမြို့နယ် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေအား လေ့လာကြည့်ရှု



**အလုံ စက်တင်ဘာ ၅**
ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆောင်သည့် အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်း၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်လှိုင်ဝင်း၊ စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဆွေနှင့် မြို့နယ်စီမံကိန်းအဖွဲ့ဝင်များ ပါဝင်ကွင်းဆင်းခဲ့ကြောင်း သိရသည်။

အထက (၇) ကျောင်းဝင်း အဝင်၊ အထွက် ကွန်ကရစ်လမ်းခင်းခြင်း၊ စောရန်ပိုင်တောင်ရှိ သစ်တောလမ်းအပေါ်ဘက် လူသွားလမ်းပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ စောရန်ပိုင်အရှေ့ နှင်းဆီကုန်းလမ်းအထက်ဘက် ဂျမခါနာအရှေ့တည့်တည့်ရှိ လမ်းမကြီးဘေးနှစ်ဖက် ရေမြောင်းများ တူးဖော်ပြုပြင်ခြင်း၊ အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂)နှင့် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၄)တို့တွင် ကျောင်းဆောင်များ ပြန်လည်ပြင်ဆင် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအနက် လက်ရှိပြီးစီးမှုနှင့် ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ကြသည်။

**(ရွှေတိုင်လွင်)**

## ဒေါ်သိန်းတင်ဖြတ်လမ်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**မင်္ဂလာတောင်ညွန့် စက်တင်ဘာ ၅**
ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တောင်ရပ်ကွက် ဒေါ်သိန်းတင်ဖြတ်လမ်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းအတွင်း ပိတ်ဆို့အမှိုက်နုန်းချေးခဲသဲများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ ရက် နံနက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလှိုင်ကြီးကြပ်ပြီး လက်ထောက်အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ မြို့နယ်(စီမံ) ဝန်ထမ်း၊ (လမ်းနှင့်တံတား) ဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဝန်ထမ်းများ ပူးပေါင်းအားတို့ဖြင့် ဆောင်ရွက်ကြသည်။

"ယခုလို ရပ်ကွက်အတွင်းလမ်းတွေပိတ်ဆို့မှုကြောင့် လမ်းတွေပေါ်နဲ့ လူနေအိမ်ထဲ ရေဝင်ရောက်မှုတွေဖြစ်ပေါ်နေတယ်။ ဒီလိုမဖြစ်အောင် ရပ်ကွက်အတွင်း လမ်းရေမြောင်းများ ပိတ်ဆို့မှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေနဲ့ ညှိနှိုင်းပြီး ရပာန်းသံဃာ၊ သက်ကြီးရွယ်အို၊ ကျောင်းသား ကျောင်းသူကို စိတ်ချမ်းမြေ့စွာ သွားလာနိုင်အောင် လုပ်ငန်းဆောင်ရွက်မှာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးက ပြောသည်။

ရပ်ကွက်အတွင်း ရေမြောင်းများကိုပြည်သူများကိုယ်တိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ အဓိကရေမြောင်းများ၊ မြစ်ချောင်းများနှင့် မြို့နယ်ခြင်းဆက်လမ်းမ ဝဲ၊ ယာရေမြောင်းများကို ဦးစားပေးအဆင့်အဖြစ် ပတ်ချာလည်ဆောင်ရွက်နေရသဖြင့် ပြည်သူများက ကိုယ့်အိမ်ရှေ့ရေမြောင်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန်လိုကြောင်း ရပ်မိရပ်ဖတစ်ဦးကပြောသည်။ **ထွန်းဝင်း**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**သံဖြူဇရပ် စက်တင်ဘာ ၅**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအဖွဲ့ရုံးခန်းမ၌ ဩဂုတ် ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ လေးရွာသို့ တစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၃၀၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၄-၁၁-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၇-၁၁-၂၀၁၇ ရက်နေ့တွင်ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၁၇ ရက်နေ့မှ ၁၇-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၈ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၆-၉-၂၀၁၇ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၉-၂၀၁၇ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၀-၂၀၁၇ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကိုတိုင်းစစ်ဌာနချုပ်များတွင် ၁၃-၁၁-၂၀၁၇ရက်နေ့တွင် ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂၇-၁၁-၂၀၁၇ ရက်နေ့မှ ၃-၁၂-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓါတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical Imaging Technology)

(ဃ) ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ (B.Med.Tech) Bachelor of Medical Technology (Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့်**ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

NM New Motion
NEW MOTION TRAVELS & TOURS

ဟောင်ကောင်ခရီးစဉ် -Oct(4-8)
ကိုရီးယားခရီးစဉ် -Oct(4-9)
-Nov(1-5)
ဒူဘိုင်းခရီးစဉ် -Oct(5-9)
-Nov(2-6)
ဝက်ကျုခရီးစဉ် -Oct(4-8)
-Nov(2-6)
ဗီယက်နမ်ခရီးစဉ် -Sep(20-24)
-Oct(2-6)
-Nov(9-13)
ဘာလီခရီးစဉ် -Oct(4-9)
ဘန်ကောက်ခရီးစဉ် -Sep(27-01)
-Oct(5-9)
-Nov(2-6)
ထိုင်ဝမ်ခရီးစဉ် -Oct(3-8)
ကက်ရှမီးယားခရီးစဉ် -Nov(1-7)
ဘန်ကောက်-ပူးခက်ခရီးစဉ် -Oct(4-8)

No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7

ပုဒ္ဓဂယာခရီးစဉ်
Oct(2-9) - ၇ ည ၈ ရက်
Nov(3-10) - ၇ ည ၈ ရက်
(23-30) - ၁၀ ည ၁၁ ရက်
Dec(19-26) - ၇ ည ၈ ရက်
(20-30) - ၁၀ ည ၁၁ ရက်
***အဆင့်မြင့် Hotel များ၌တည်းခိုစားသောက်မှု***
အစီအစဉ်များဖြင့်သာ



အသားမည်းညစ်ကြမ်းတမ်းခြင်း ထိရောက်စွာပျောက်ကင်းစေရန်
ALL SWEET
အသားဖြူနို့ရည်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထောက်ခံချက်အမှတ် 1309 PC0020






MOE FABRIC HOUSE
BRINGING HAPPINESS

ဆိုင်နေရာသစ် ပြောင်းရွှေ့ဖွင့်လှစ်ပွဲ နှင့် အထူးဈေးရောင်းပွဲတော်
ပြုလုပ်ကျင်းပမည် ဖြစ်ပါသဖြင့် ကြွရောက်အားပေး ချီးမြှင့်ကြပါရန်
မိတ်ဟောင်းမိတ်သစ်များအားခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

နေရာ
အမှတ်(၁၀)၊ ပြည်သာယာလမ်း နှင့် ဆေးရုံလမ်း ထောင့်
ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09260786787 , 09260786785

နေ့ရက်
၈.၉.၂၀၁၇ (သောကြာနေ့)
၉.၉.၂၀၁၇ (စနေနေ့)
၁၀.၉.၂၀၁၇ (တနင်္ဂနွေနေ့)

အချိန်
နံနက် (၁၀) နာရီမှည (၇) နာရီအထိ

SPECIAL SALE PROMOTION

အထူးကျေးဇူးတင်လျက်
MOE FABRIC HOUSE

တန်ဖိုးသင့်တင့်သော ဈေးနှုန်းများဖြင့်
ငွေကျပ် ၅၀၀၀ မှစ၍ ဝယ်ယူ ဆင်မြန်းနိုင်ပါသည်။

ကားရောင်းမည်

| | |
|---|---|
| CRV / Kluger / ELGRAND | 425 သိန်း |
| 2011 Mitsubishi RVR ဖြူ | 330 သိန်း |
| 2010 Fielder ဖြူ YGN1.8 P-S | 320 သိန်း |
| 2006 WISH / ရွှေ | 295 သိန်း |
| 2003 Toyota NOAH | 285 သိန်း |
| 2013 Axio နယ်/ရန်ကုန် | 225-260 သိန်း |
| 2012 VolkswagonGolf ဖြူ YGN | 260 သိန်း |
| FIT-Shuttle/Insight/Civic | 170-260 သိန်း |
| 2010 Belta1000/1300CC | 170-200 သိန်း |
| 2011 Swift/Ractis/Polo | 170-195 သိန်း |
| 2011 AD / Probox | 152-162 သိန်း |

ကားဝယ်သည်။ အလဲအထပ်ရသည်။
09 5108316 , 09 975108316

လျှော့ဈေးဖြင့် လုံးချင်းမြေ အမြန်ရောင်းမည်

| | | | |
|---|---|---|---|
| 1.မရမ်းကုန်း၊ကမ္ဘာအေးဗိလာ | (85×85) | မြေ | 22500L |
| 2.မင်းဓမ္မ(အဆင့်မြင့်အိမ်ရာ) | (85×65) | မြေ | 12000L |
| 3.တ/ဥက္ကလာ၊ငွေကြာရံ | (40×60) | BN1 | 4100L |
| 4.တ/ဒဂုံ၊မောင်းမကန်လမ်းမ | (65×60) | RC1 | 4000L |
| 5.မ/ဒဂုံ၊ရွှေပင်လုံအိမ်ရာ | (80×60) | RC2 | 3700L |
| 6.သင်္ဃန်းကျွန်း၊သုဝဏ္ဏVIP-II | (60×62) | RC2 | 3700L |
| 7.သာကေတ၊ရတနာလမ်းမကွတ် | (100×100) | မြေ | 2800L |

☎ - 09799991090,09799991092,09799991095

ရောင်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

" ရွှေဖြူညီအိမ်အကျိုးဆောင် "

| | | |
|---|---|---|
| မဂ္ဂလမ်းသန့် | (55'x100') RC-2, ဂရန် | 10000 သိန်း |
| ဗိုလ်ချုပ်ပြတိုက်အနီး | (45'x65') မြေ၊ ဘိုဘွား | 4500 သိန်း |
| G.E.M.S Condo | (1500sqft)1MBR,2MBR, | 3000 သိန်း |
| မြန်မာ့ဂုဏ်ရည်Condo | (1825sqft)1MBR,2MBR | 2700 သိန်း |
| Golden Oak Condo | (1600sqft)1MBR,2BR | 2000 သိန်း |
| စမ်းချောင်းလမ်းမ | (30'x95') 1RC၊ လုပ်ငန်းကောင်း | 40 သိန်း |
| အင်းယားမြိုင်လမ်း | (90'x110') 2RC၊ 4MBR,2BR | 40 သိန်း |
| သမိုင်းဘူတာရုံလမ်းမ | (25'x50') 4RC၊ လုပ်ငန်းကောင်း | 35 သိန်း |
| သစ္စာလမ်းမ၊ တ/ဥ | (40'x60') 2RC၊ လုပ်ငန်းကောင်း | 30 သိန်း |
| ရုပ်ရှင်ကုန်းမြင့်ရိပ်သာ | (110'x135')RC2,3MBR,Fur, | 25 သိန်း |
| သုမင်္ဂလာလမ်းမ၊တ/ဥ | (40'x60') 2RC၊ ရုံးခန်းကောင်း | 17 သိန်း |
| သုမင်္ဂလာအိမ်ရာ | (70'x80') 2RC၊ 3MBR, | 16 သိန်း |
| ကျွန်းတောလမ်း | (15'x60') AP-G၊ ထပ်ခိုး-ပါ | 15 သိန်း |
| မြန်မာ့ဂုဏ်ရည်Condo | (1825sqft)1MBR,2MBR,Fur | 15 သိန်း |
| ရန်ကင်းလမ်းသန့် | (40'x120')RC2,2MBR,2BR | 13 သိန်း |
| Blazon Condo | (1350sqft)1MBR,2MBR, | 12 သိန်း |
| ဗဟိုလမ်း(ဂွဈေးအနီး) | (20'x60') AP-G၊ Hall | 11.5 သိန်း |
| ဗဟိုလမ်းမ၊ လှိုင် | (12.5'x50') AP-G၊ Hall | 5.5 သိန်း |
| သုဓမ္မာလမ်းမ၊ မ/ဥ | (19'x50') AP-G၊ Hall | 5 သိန်း |

09 4444 55 346, 09 7700 87798, 09 7700 87738

KONICA MINOLTA
Printing Solutions
(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆု
သင့်လုပ်ငန်းအတွက် ဘက်စုံသုံး
Solutions များစွာ ပေးနိုင်သည့် မိတ္တူစက်
KBZ BANK နှင့် လက်ရှိအသုံးပြုနေသည်။
While Stock Last
Starting at $595




Multifunction A3 Copier bizhub 287 Duplex Print | Copy | Scan
Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980
09 253 547 981
For Reseller:
09 799 595 997
09 977 890 336
www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com



# ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မှာကြား

နေပြည်တော် စက်တင်ဘာ ၅

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ တတိယအကြိမ် ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

စာမျက်နှာ ၅ ကော်လံ ၄ သို့



# မြန်မာအသင်း ဦးဆောင်ဂိုးမထိန်းနိုင်၍ ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၅

၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့အဖြစ် အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယနေ့ ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

**အင်ဒိုနီးရှား ယူ-၁၈ - နှစ်ဂိုး**
**မြန်မာ ယူ-၁၈ - တစ်ဂိုး**

အိမ်ရှင်မြန်မာအသင်းအတွက် အထိနာသည့်ရှုံးပွဲဖြစ်ခဲ့ပြီး ဦးဆောင်ဂိုးကို မထိန်းနိုင်သောကြောင့် ၇၁ မိနစ်တွင် ချေပဂိုး၊ ပွဲပြီးခါနီးတွင် အနိုင်ဂိုးပေးရကာရှုံးနိမ့်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ပြည်တွင်း၊ ပြည်ပ မီဒီယာများပါဝင်သော သတင်းအဖွဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသသို့ သွားရောက်

## ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအား သတင်းရယူကြမည်

**စစ်တွေ စက်တင်ဘာ ၅**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် ပြည်တွင်း၊ ပြည်ပ မီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**သတင်းရယူမည်**

မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်သော ပြည်တွင်း၊ ပြည်ပ မီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ မောင်တောဒေသသို့ သွားရောက် သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် အေပီ၊ အင်န်အိတ်ချ်ကေ၊ ဘီဘီစီ၊ တီဘီအက်စ်၊ အာရ်အက်ဖ်အေ၊ အီးပီအေ၊ ဆွစ်တီဗွီ၊ အယ်လ်ဂျာဇီးယား၊ စီအင်န်အေ၊ မဇ္ဈိမ၊ မြန်မာတိုင်းမ်၊ စီအင်န်ဘီ၊ ဆဲဗင်းဒေး၊ အမ်ဒီအင်န် စသည်တို့မှ သတင်းထောက် ၂၀ ဦး ပါဝင်သည်။

**ဒုတိယအကြိမ် ကွင်းဆင်း**

ပြည်တွင်း၊ ပြည်ပ သတင်းထောက်များပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယ အကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယ အကြိမ်၊ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ စတုတ္ထအကြိမ်နှင့် ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက် သတင်းရယူခြင်းဖြစ်ပြီး ဩဂုတ် ၂၅ ရက် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအပြီး ဒုတိယအကြိမ် နယ်မြေကွင်းဆင်းသတင်းရယူသည့် အဖွဲ့လည်းဖြစ်သည်။ **(သတင်းစဉ်)**


